# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.113(1841-1855) အောက်ဘုံ၏

ဒဏ္ဍာရီ

.၁၈၄၁

[အဆုံးမဲ့ဓားကမ္ဘာ (ကံဆိုးခြင်းနယ်မြေ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၁ -

အထင်အမြင်သေးခံရခြင်း

အဘိုးအို၏ မျက်နှာက အလွန်အမင်း

ညို့မှိုင်းနေ၏။

မျက်နှာ ဖြတ်ရိုက်လိုက်ခြင်းပင်။

ယန်ယဲ့ သည် သူ၏မျက်နှာကို
သာမကဘဲ မာကလန်တစ်ခုလုံး၏
မျက်နှာကိုပါ ဖြတ် ရိုက်လိုက်သည် ။

သူ့မျက်လုံးထဲ၌ လူသတ်လိုစိတ်များ
ပေါ်လာသော်လည်း မတိုက်ခိုက်ခဲ့ပေ။
အကြောင်းကတော့ ယန်ယဲ့အား
သတ်ပစ်နိုင်မည်ဟု သူ့ကိုယ်သူ
မယုံကြည်သောကြောင့်ပါ။ ယန်ယဲ့ကို

သတ်ရန်အသာထား၊ သူ့ကိုယ်တိုင်ပင်

ငရဲရောက်သွားနိုင်၏။

ယန်ယဲ့က စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူကို သတ်ပစ်ခဲ့သည်။

အဘိုးအိုက ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီး “ကောင်းတယ်၊

အရမ်းကောင်းတယ်။ မင်းကို

အထက်ကမ္ဘာမှာ ငါစောင့်နေမယ်။ မင်း

အထက်ကမ္ဘာကိုရောက်တာနဲ့
အခုလိုမျိုးမာနကြီးနေနိုင်မယ်လို့
ငါမျှော်လင့်ပါတယ်"ဟူ၍
လူသတ်ချင်စိတ်အပြည့်လေသံဖြင့်
ပြောလိုက်သည်။

ထိုစကားပြောပြီးနောက် နေရာမှာပင်
ပျောက်သွားခဲ့သည်။

ကျွမ်းဝေယန် က "နင် သူ့ကို ဘာလို့ မသတ်လိုက်တာလဲ"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"ငါမလုပ်နိုင်ဘူး"

တတ်နိုင်ပါက အဘိုးအိုကို တစ်ခါတည်းသတ်ပစ်ချင်ခဲ့သည်။ သို့သော် အဘိုးအိုက သတိအပြည့်ထားနေလေရာ မဖြစ်နိုင်ပါ။

သူ တိုက်ခိုက်လိုက်သည်နှင့် အဘိုးအိုဟာ

သေချာပေါက် တုံ့ပြန်နိုင်ပေမည်။

တစ်နည်းပြောရလျှင်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူကို

သတ်နိုင်လိုက်သည့်အကြောင်းအရင်းက

အလစ်အငိုက်ဖမ်းတိုက်ခိုက်ခဲ့သော

ကြောင့်သာ။

အကယ်၍ ထိုအဘိုးအိုကို
တိုက်ခိုက်လိုက်ပါက
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
အလဟဿဖြုန်းတီးရာသာ
ကျသွားပေမည်။

ကျွမ်းဝေယန် က စကားထပ်ပြောရန်
ပြင်လိုက်စဥ် ကောင်းကင်ယံအထက်မှ
အသံတစ်သံ ရုတ်တရက်
ပဲ့တင်ထပ်လာ၏။

“ကြောက်စရာကောင်းလိုက်တာ။

တကယ်ပဲ မင်းဟာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတွေကို မကြောက်ဘူး”

အသံထွက်လာပြီး ခဏအကြာမှာပဲ

လူငယ်တစ်ယောက်က မြို့၏အထက်

ကောင်းကင်ယံ၌ ပေါ်လာသည်။

ယန်ယွဲ့ က ထိုလူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းလည်း အထက်ကမ္ဘာကနေ ဆင်းလာတာပဲလား"ဟုမေးလိုက်သည်။

"ဒါအမှန်ပဲ" လူငယ်က ယန်ယွဲ့အား စူးစိုက်ကြည့်ရင်း ပြောပါသည် "ငါသိတယ်။ ဒီနတ်ဆိုးလေးကို သာမန်လူတစ်ယောက်အနေနဲ့ ဘယ်လိုစော်ကားနိုင်မလဲ။ ငါတကယ်ကို

သိချင်နေတယ်။ မင်း သူမကို ဘယ်လို စော်ကားခဲ့တာလဲ။ သူမဟာ မင်းကိုသတ်ဖို့အတွက် သူမရဲ့နတ်မီးမီးတောက်တွေထဲက တစ်ခုကို စွန့်လွှတ်ဖို့တောင် ဆန္ဒရှိနေခဲ့တာပါ”

ယန်ယဲ့ က "သူငါ့ကိုသတ်ချင်ရင် ကိုယ်တိုင် ဘာလို့ ဆင်းမလာတာလဲ"

"သူမက သူ့လက်ကို

မညစ်ပတ်ချင်ဘူးလို့ ပြောတယ်"

လူငယ်က ဆက်ပြောသည်

“အရင်တုန်းကတော့ ယုံတယ်။

နောက်ဆုံးတော့ သူမက

အရမ်းဂုဏ်ယူတယ်။ အခုချိန်မှာတော့

ငါတို့က သူမရဲ့

လှည့်စားခံခဲ့ရတယ်ဆိုတာသေချာသွားပြီ

။ မင်းက

သာမန်လူတစ်ယောက်မဟုတ်ဘူးလေ။

သူကိုယ်တိုင် ဆင်းလာခဲ့ရင်တောင်

မင်းကိုတောင် သတ်နိုင်မှာမဟုတ်ဘူး”

"မိုရှောင်းလန်..." ယန်ယဲ့၏ မျက်နှာက

တဖြည်းဖြည်း အေးခဲလာသည်။

"သူတကယ်ပဲ ငါ့ကိုသတ်ဖို့ ကြံနေတာ"

“ငါ ဒီကို ဆင်းလာကတည်းက

အလကားတော့ ပြန်မသွားနိုင်တော့ဘူး။

မဟုတ်ရင် အရမ်းမိုက်မဲလိမ့်မယ်"

လူငယ်က ဆက်ပြောပါသည် "ယန်ယဲ့၊

ငါတို့လို ကျင့်ကြံသူတွေက ဘယ်လိုလဲ။

အောက်ဘုံရဲ့ နံပါတ်တစ်ပါရမီရှင် က

ဘယ်လောက်တောင်

အားကောင်းလဲဆိုတာ ငါတကယ်

မြင်ချင်မိတယ်။ ဟုတ်ပါတယ်၊ အဲဒါက

ယှဉ်ပြိုင်တာသက်သက်ပဲ။ ငါတို့က

သေခြင်းရှင်ခြင်း ကို
ဆုံးဖြတ်မှာမဟုတ်ဘူး”

ယွဲ့လင်းယွန် နှင့် အခြားသူများက
မထိန်းနိုင်ဘဲ ရယ်မောကြသည်။
လူငယ်က အတော်လေးကို
ညက်ကောင်းလွန်းပါသည်။
သူ၏စကားအတိုင်းဆိုပါက
တိုက်ပွဲ၏ရည်ရွယ်ချက်ဟာ
တစ်မျိုးပြောင်းလဲသွားပေမည်။

အစပိုင်းတွင် ၎င်းက ယန်ယဲ့ကို
သတ်ရန်အတွက် ရောက်လာခြင်းပင်။
သို့သော် လက်ရှိတွင်တော့ ယန်ယဲ့ နှင့်
ယှဉ်ပြိုင်ရန်ဟူ၍သာ ပြောနေ၏။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်သာ
လူငယ်ကို သတ်လိုက်မည်ဆိုပါက
ဂုဏ်သိက္ခာမရှိသောလူတစ်ယောက်ဖြစ်
သွားနိုင်ပါသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် လူငယ်က

သူ့ကိုယ်သူ ယန်ယဲ့ နှင့်

မယှဉ်နိုင်မှန်းသိနေသည့်တိုင်

ဘာမှမလုပ်ဘဲ ပြန်တက်သွားဖို့

ဆန္ဒရှိပုံမရပေ။ သို့သော် ယန်ယဲ့နှင့်

တိုက်ခိုက်ပါက

ငရဲအပို့ခံရမည်ကိုသိနေပေသည်။

ထို့ကြောင့် သူက

ယှဉ်ပြိုင်သည်ဟုပြောလိုက်ခြင်းပင်။

ယန်ယဲ့က လူငယ်ကို
တစ်ချက်ကြည့်လိုက်ပြီး "မင်း
အရင်စလိုက်ပါ" ဟုပြောလိုက်သည်။
သူကိုယ်တိုင်လည်း အထက်ကမ္ဘာ၏
ပါရမီရှင်များ
မည်မျှအားကောင်းသည်ကို
မြင်ချင်မိသည်။

လူငယ်က အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် နေရာမှာပင်

ပျောက်သွားခဲ့သည်။ ခဏအကြာတွင်

သူ့ပုံရိပ်က ယန်ယွဲ့၏ရှေ့၌ ရှိနေခဲ့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယွဲ့၏ပတ်ပတ်လည်ကနေ

ပုံရိပ်ယောင်များစွာ

ထွက်ပေါ်လာခဲ့သည်။

ထိုပုံရိပ်ယောင်များက

လျင်မြန်စွာရွေ့လျားနေလေရာ

ပတ်ပတ်လည်ရှိ အာကာသပြင်က
တုန်ခါသွားလေသည်။

ဤအခိုက်တွင် ယန်ယဲ့ ပတ်ဝန်းကျင်ရှိ
အာကာသပြင်က ကြိုးတစ်ချောင်းအဖြစ်
ပြောင်းလဲသွားပုံပါ။ ထို့အပြင် ကြိုးက
ယန်ယဲ့အား စပါးအုံးမြွေတစ်ကောင်ကဲ့သို့
လှည့်ပတ်နေသည်။
အပိုင်းပိုင်းဖြစ်အောင်
လိမ်သတ်တော့မည့်အလားပင်။အလယ်

ဗဟိုမှာ ရပ်နေသော

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားခဲ့သည်။

ပြောစရာပင်မလိုပါ။ လူငယ်က လုံးဝကို

သန်မာပါသည်။

အကြောင်းကတော့

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှ စူးရှသော

နာကျင်မှုကို အမှန်တကယ်

ခံစားလိုက်ရသောကြောင့်ပင်။

သူ့တစ်ကိုယ်လုံး အစိတ်စိတ်အမြွှာမြွှာ

ကွဲထွက်သွားသလို ခံစားရသည်။

သူ၏ခန္ဓာကိုယ်က

အင်မော်တယ်အဆင့်မှာရှိနေသည့်အပြင်

အင်မော်တယ်ဒြပ်စင်ခန္ဓာကိုယ်ပါလေ့ကျ

င့်ထား၏။

သာမာန်အခြေအနေများတွင်ဆိုပါက

နတ်ဘုရားအဆင့်ကျင့်ကြံသူများပင်လျှ

င် သူ့အား ထိခိုက်ဒဏ်ရာရအောင်

မလုပ်ဆောင်နိုင်ပါ။ သို့သော်လည်း

လက်တွေ့မှုကား သူ့တစ်ကိုယ်လုံး

ကြေမွသွားတော့မည်ဟု ခံစားရသည်။

ယန်ယဲ့က သူ၏ပြိုင်ဖက်ကို

လျှော့မတွက်နေတော့ဘဲ

ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

သူ့ထံမှ

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

စိတ်ဆန္ဒ နှစ်ခု ထွက်ပေါ်လာပြီးနောက်

ချက်ချင်းပင် တုံ့ပြန်ခဲ့သည်။ထို့နောက်
မတူညီသော စိတ်ဆန္ဒ နှစ်ခုဟာ
အနီးပတ်ဝန်းကျင်သို့ ပြန့်နှံ့သွားခဲ့သည်။

အဆုံးအစွန်သောနိယာမ.... ။

ဘုန်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီး ကျယ်ပြန့်သော

အာကာသပြင်က ကွဲအက်လာပြီး

ပြိုကျသွားခဲ့သည်။

ကောင်းကင်တစ်ခုလုံးဟာ ချက်ချင်းပင်

အနက်ရောင် အမှောင်ထုကြီးအဖြစ်

ပြောင်းလဲသွားသည်။

အချိန်တော်တော်ကြာပြီးမှသာ

ကောင်းကင်ဘုံတာအိုက

အထက်အာကာသပြင်ကို

ပြုပြင်နိုင်လိုက်သည်။

သို့သော် တိုက်ပွဲမပြီးသေးပါ။ ထိုနေရာမှ ပေါက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ ဤအခိုက်အတန့်မှာ မည်သူမျှ မမြင်နိုင်ကြပေ။ အကြောင်းကတော့ တိုက်ခိုက်နေသူနှစ်ယောက်လုံးဟာ အလွန်မြန်ဆန်နေသောကြောင့်ပါ။

သို့သော် နှစ်ယောက်စလုံးက အကြာကြီး မတိုက်ခဲ့ကြပေ။ ကောင်းကင်ပြင်က

ရုတ်တရက် ကွဲအက်သွားပြီးနောက်
နှစ်ယောက်စလုံးဟာ
လူတိုင်း၏မြင်ကွင်းထဲမှာ
ပြန်ပေါ်လာကြသည်။

နှစ်ယောက်စလုံး၏
အပြင်ပန်းကိုကြည့်၍
အဆင်ပြေနေပုံထင်ရသည်။ သို့သော်
ရလာဒ်ကိုဆုံးဖြတ်ပြီးမှန်း
လူတိုင်းသိထားပါသည်။

အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် လူငယ်က

“မင်းရဲ့ ခန္ဓာကိုယ်က

တကယ်ကိုကြောက်စရာကောင်းနေတယ်

” ဟူ၍ လေးနက်စွာ ပြောလိုက်ပါသည်။

ယန်ယွဲ့က လူငယ်လေးကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းလည်း

တော်တော်သန်မာပါတယ်"ဟု

ပြန်ပြောပါသည်။

လူငယ်က အကူအညီမဲ့စွာ ရယ်မောရင်း

“မင်းနဲ့ ယှဉ်ရင် ငါက

တော်တော်အားနည်းတယ်”

ထိုစကားပြောပြီးသည်နှင့် ခဏတာ

တုံ့ဆိုင်းသွားပြီး “မင်း၊ မာဝူဒီ နဲ့

ငရဲအင်ပါယာကြယ်ဒေသက

အဖြစ်အပျက်တွေသတင်းပြန့်သွားတော့ မင်းကိုလိုက်ရှာဖို့ ကြံရွယ်ထားတဲ့ သူတွေ အများစုက ပြန်သွားကြပြီ။ ဒါပေမယ့် လူတစ်ယောက်ကို သတိထားရမယ်။ သူက အထက်ကမ္ဘာမှာတောင် လူသိများသလို ငါ့ထက် အများကြီး ပိုသန်မာပါတယ်”ဟု ဆက်ပြောပါသည်။

ယန်ယဲ့ က "ဘယ်သူလဲ"

"လီဂီ" လူငယ်က “သူက မိုရှောင်းလန်ကို

တကယ်သဘောကျနေတဲ့

ပါရမီရှင်တစ်ယောက်ပါ။ ဒါဆို

မိုရှောင်းလန် ကျေနပ်အောင်

မင်းရဲ့ခေါင်းကိုယူဖို့

ဆင်းလာမှာသေချာတယ်။

သူနဲ့တွေ့ရင်...” လူငယ်က ခဏရပ်ပြီး

“တကယ်တော့

မင်းရဲ့ခွန်အားကိုအခြေခံရရင်

အထက်ကမ္ဘာရဲ့ လူငယ်မျိုးဆက်

နည်းနည်းလောက်ပဲ

မင်းကိုသတ်နိုင်တယ်”ဟု

ပြောလေသည်။

ယန်ယွဲ့ က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ဘာပဲဖြစ်ဖြစ်

သတိပေးတာ

ကျေးဇူးတင်ပါတယ်"ဟုပြောလမုက

လှူငယ်က ခေါင်းညိတ်ပြီး

“ကရုဏာပြပေးလို့ ကျေးဇူးတင်ပါတယ်။

နှုတ်ဆက်လိုက်မယ်”

ထို့နောက် ကောင်းကင်ပေါ် ပျံတက်ကာ

ပျောက်ကွယ်သွားခဲ့သည်။

လှူငယ်လေးထွက်သွားပြီးနောက်တွင်

ယန်ယဲ့ သည် သူ၏အကြည့်ကို

ဆုတ်လိုက်ပြီး ကောင်းကင်ကို

မော့ကြည့်ကာ "မင်းတို့အားလုံးကို ဒီမှာ လက်ဖက်ရည်သောက်ဖို့ ဖိတ်ခေါ်စေချင်သလား"ဟု ရုတ်တရက် ပြောလေသည်။

ထိုစကားသံ ထွက်လာသည်နှင့် အနီးပတ်ဝန်းကျင်မှာ တိတ်တဆိတ်ပုန်းအောင်းနေသော အော်ရာအများအပြား ချက်ချင်း ထွက်ခွာသွားကြသည်။

ထိုအချိန်တွင် ကျွမ်းဝေယန် က "သူတို့ထဲက တော်တော်များများက အခြေအနေကို အခွင့်ကောင်းယူချင်ကြတယ်"ဟု ပြောလိုက်သည်။

ယန်ယွဲ့ က အေးစက်စွာ ရယ်မောလိုက်ပြီး "ထားလိုက်ပါ။ သူတို့က သူ့ရဲ့ဘောကြောင်တဲ့ ကောင်တွေပဲ။

သူတို့ကို အာရုံစိုက်နေစရာ
မလိုပါဘူး”ဟူ၍ ပြန်ပြောပါသည်။

ထို့နောက်
ကျွမ်းဝေယန်၏လက်ကိုကိုင်လျက်
မြို့ထဲပြန်ဝင်လိုက်သည်။

ဤအခိုက်အတန့်မှာ
ကောင်းကင်တိမ်ကြယ်တာယာသည်
ကြယ်လေးပွင့်အဆင့်ကြယ်ဒေသမဟုတ်

သော်လည်း ယန်ယဲ့ ရှိနေခြင်းကြောင့်
ကြယ်လေးပွင့်အဆင့်ဒေသထက်ပင်
ပို၍ကြောက်စရာကောင်းသည်။

ယန်ယဲ့ သည်
ကောင်းကင်တိမ်ကြယ်တာယာမှာ
တစ်ရက်ခန့်နေပြီးနောက်
အမှောင်ငရဲတိုက်ကြီးကို သွားရန်
စီစဉ်ခဲ့သည်။ အထက်ကမ္ဘာကို

မတက်ခင်

သူလုပ်ရမည့်ကိစ္စနှစ်ခုရှိခဲ့သည်။

ပထဆုံးကတော့ စုချင်းရှီ နှင့်

သူ၏ါစားမဟာမိတ်အဖွဲ့သားများထံ

သွားရောက်လည်ပတ်ဖို့ပါ။

သို့သော်လည်း ယန်ယဲ့ သည်

အမှောင်ငရဲတိုက်ကြီး ကို

သွားရာလမ်းတွင် တစ်ခုခုအား

တွေးမိလိုက်သည်။ ထိုအတွေးက ရှီထျန်း

ဆီမှ အကြွေးတောင်းရမည့်

နတ်ဘုရားသလင်းကျောက်များအကြော

င်းပါ။ လက်ရှိတွင်

ကောင်းကင်တိမ်ကြယ်တာယာ နှင့်

ဓားမဟာမိတ်အဖွဲ့ တို့ဟာ

နတ်ဘုရားသလင်းကျောက်များစွာ

လိုအပ်နေခဲ့သည်။  ရှီထျန်း က သူ့အား

နတ်ဘုရားသလင်းကျောက်

သန်းအနည်းငယ်အကြွေးတင်နေ၏။

ထိုနတ်ဘုရားသလင်းကျောက်များရရှိပြီး
သည်နှင့်ဓားမဟာမိတ်အဖွဲ့သို့မဟုတ်
ကောင်းကင်တိမ်ကြယ်တာယာ အတွက်
ပြဿနာမဟုတ်တော့ပါ။

ယန်ယဲ့ သည် ကြယ်တာယာမြို့တော်သို့
ရောက်လာပြီးနောက် ရှီကလန်
တည်ရှိရာကို
တန်းတန်းမတ်မတ်သွားခဲ့သည်။

ရှီကလန် ကား ကြယ်တာယာမြို့၏

အလယ်ဗဟိုနေရာတွင် ရှိခဲ့သည်။

၎င်းက

ကြီးမားကျယ်ပြန့်သောနေရာတစ်ခုလုံး

အား သိမ်းပိုက်ထားသည်။ ထို့အပြင်

ကြယ်တာယာမြို့တော်တစ်ခုလုံးမှ

ခမ်းနားထည်ဝါဆုံး

အဆောက်အအုံရှိရာပင်။ မှန်သည်၊

အင်အားကလည်း အပြင်းထန်ဆုံးပါ။

ရှီကလန်၏ အိမ်တော်အဝင်ဝ...။

အစောင့်တစ်ယောက်က ယန်ယဲကို စိုက်ကြည့်ကာ "မင်း ငါတို့သခင်ငယ်ကို တွေ့ဖို့လာတာလား"ဟုမေးလေသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

အစောင့်က

ဒုတိယမေးခွန်းထပ်မေးလေသည်

"မင်းက သူ့မိတ်ဆွေလို့ ပြောတာလား"

ယန်ယဲ့ က ခေါင်းညိတ်ပြပြန်သည်။

"ဘယ်လောက်ရယ်စရာကောင်းလိုက်သ

လဲ" အစောင့်၏ ပါးစပ်ထောင့်မှ

လှောင်ပြောင်သရော်မှုတစ်ခုပေါ်လာလေ

သည်

“တကယ်ရယ်စရာကောင်းလိုက်တာ။ မကြာသေးခင်တုန်းက လူတွေအများကြီး သခင်ငယ်ကိုလာပြီးရှာဖွေကြတယ်။ မင်းကတော့ ဒီလိုမဟုတ်တဲ့အကြောင်းပြချက်နဲ့ရောက်လာတာပဲ။ မင်းက သူ့မိတ်ဆွေလို့ပြောရအောင် ဘာလို့ ကိုယ့်ကိုကိုယ် ပြန်မကြည့်တာလဲ။ မင်း သခင်ငယ်ရဲ့ မိတ်ဆွေဖြစ်ဖို့တောင်

ထိုက်တန်သလား။ ကောင်းပြီ၊
လာရာလမ်းအတိုင်း လှည့်ပြန်ပါ။
ငါ့အချိန်တွေကို မဖြုန်းနဲ့"

ယန်ယဲ့ က အံ့သြသွားသည်။

အတိအကျပြောရလျှင် သူ့စိတ်ထဲ၌
တော်တော်အံ့အားသင့်သွားမိသည်။
အစောင့်က သူ့အား

အထင်အမြင်သေးစွာပြောဆိုလာမည်ဟု

မမျှော်လင့်ထားခဲ့ပေ။

နောက်ဆုံးတွင် သူက တစ်စုံတစ်ဦးကို

ရှာဖွေရန်သာ

ရောက်လာခဲ့သည်မဟုတ်ပါလား။

သို့တိုင် အစောင့်တစ်ယောက်က သူ့အား

အထင်အမြင်သေးနေ၏။

ယန်ယဲ့က ထိုအကြောင်းကို ဆက်ပြီးတွေးမနေတော့ပေ။ သူက ချက်ချင်းပင် “မင်းရဲ့ သခင်ငယ်ကို အကြောင်းကြားလိုက်ပါ။ သူ ငါ့ကို ပေးစရာအကြွေးတွေရှိလို့ ရောက်လာတယ်ဆိုတာသွားပြောလိုက်။ ဒါဆို သူနားလည်မှာပါ"

"ငါပြောတာကို မင်းနားမလည်ဘူးလား"

ထိုအတောအတွင်း

အစောင့်၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ “ဒါမှမဟုတ် မင်းကို အင်အားသုံးပြီး ယုံကြည်ဖို့ လိုနေတာလား။ မင်း...”

လက်တစ်ဖက်က သူ့လည်ချောင်းကို ဆုပ်ကိုင်လာသဖြင့် အစောင့်၏အသံက ရုတ်တရက် ရပ်သွားသည်။

အစောင့်ကို ဖမ်းဆုပ်ထားသည်က
ယန်ယွဲ့၏လက်တစ်ဖက်သာ။

ယန်ယွဲ့က အစောင့်ကို ဆွဲမြှောက်ပြီး
အေးစက်စက်စိုက်ကြည့်လိုက်ရင်း
"မင်းဒီလို လုပ်ရမှာလား။
ငါရောက်ရောက်ချင်း အကြောင်းကြားဖို့
မင်းကို ငါတောင်းဆိုတယ်။ ဒီလိုမျိုး
တကယ်လုပ်ရမှာလား"

ထိုစကားပြောပြီးနောက် အစောင့်ကို

မြေပြင်နှင့် ကိုင်ရိုက်ချလိုက်သည်။

အုန်း...

အစောင့် ထံမှ

ကျယ်လောင်သောအော်ဟစ်သံ နှင့်တူ

မြေပြင်သည်လည်း ကွဲအက်သွားသည်။

"ငါ့ရှိကလန်ရဲ့အိမ်တော်မှာ ဘယ်သူက

ဒုက္ခပေးရဲတာလဲ" ထိုအချိန်တွင်

အိမ်တော်ထဲမှ ဒေါသတကြီးအော်သံ

ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့

ရပ်နေသောနေရာဆီသို့

အစွမ်းထက်အော်ရာ ၁၀ ခုခန့်

ကျရောက်လာသည်။

နတ်ဘုရားအဆင့်ကျင့်ကြံသူတွေလား...

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူက

“ကောင်းကင်တိမ်ကြယ်တာယာ ရဲ့

ယန်ယဲ့"ဟူ၍ သူ့ကိုယ်သူ

ကြေညာလိုက်သည်။

သူ၏အသံ ထွက်လာသည်နှင့်

ထိုအော်ရာများက ကျဆင်းသွားသော

ဒီရေလှိုင်းကဲ့သို့

တဖြည်းဖြည်းအားနည်းလာသည်။

၁၈၄၂

[အဆုံးမဲ့ဓားကမ္ဘာ (ကံဆိုးခြင်းနယ်မြေ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၂ - ငါ့လမ်းကိုငါသတ်မယ်

ခဏအကြာတွင် ယန်ယဲ့၏ရှေ့သို့

အဘိုးအို ၁၀ ယောက် ပေါ်လာကြသည်။

အဖွဲ့ကို ဦးဆောင်လာသူက

အနက်ရောင်ဝတ်ရုံအဘိုးအိုပါ။

ဤအခိုက်အတန့်တွင် အားလုံးက ယန်ယဲ့အား စိုက်ကြည့်နေကြသည်။ သူတို့၏မျက်လုံးထဲ၌ လေးနက်မှုနှင့် ကြောက်ရွံ့မှု အရိပ်အယောင်များ ပြည့်နှက်နေခဲ့သည်။

ကောင်းကင်တိမ်ကြယ်တာယာ၊ ယန်ယဲ့ ။

၎င်းက သာမန်နာမည်တစ်ခုမဟုတ်ပါ။ ရှီကလန်ကပင် ထိုနာမည်ပိုင်ရှင်ကို

လျှော့မတွက်ဝံ့ပေ။ နောက်ဆုံးတွင် ရှီကလန်၏ ပင်မအင်အားစုက အထက်ကမ္ဘာမှာသာရှိနေခဲ့သည်။ အောက်ဘုံရှိ ဗွာနခွဲများက ယန်ယွဲ့အား ဆန့်ကျင်နိုင်စွမ်းမရှိပေ။ ထို့အပြင် ယန်ယွဲ့ သည် မာကလန်၏ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကျင့်ကြံသူကိုပါ သတ်ဖြတ်ဝံ့သော အရူးတစ်ယောက်ဖြစ်သည်။

ထိုအချက်က သူတို့၏ရှိကလန်ကို

မကြောက်ကြောင်း ဆိုလိုပါသည်။

နောက်ဆုံးအနေနှင့် ခွန်အားရှိသော

အရှူးများက

ကြောက်စရာအကောင်းဆုံးပင်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

အသံတိုးတိုးဖြင့်ပြောသည် "မင်း

ငါ့ရှိကလန်အိမ်တော်ကိုဘာလို့လာတာလဲ

ငါသိနိုင်မလား။"

အကယ်၍

အခြားတစ်ယောက်သာဖြစ်နေလျှင်

သူ့အနေဖြင့် ပါးဖြတ်ရိုက်လိုက်ပေမည်။

သို့သော် လက်ရှိ သူရင်ဆိုင်နေရသူက

ယန်ယွဲ့ပါ။

အောက်ဘုံတစ်ခုလုံး၌ ယန်ယဲ့အား

မျက်နှာသာမပေးဝံ့သူ

တစ်ယောက်မှမရှိပေ။

ယန်ယဲ့ က ဂရုမစိုက်ဘဲ

“မင်းရဲ့သခင်ငယ်ကိုတွေ့ဖို့

ငါရောက်လာတာ။ သူက

ငါ့ကိုအကြွေးပေးဖို့ကျန်နေတယ်"ဟုသာ

ပြောလိုက်သည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုနှင့်

အခြားလူများက

အကြည့်ချင်းဖလှယ်ကြသည်။"သခင်င

ယ်က ယန်ယွဲ့ကို

အကြွေးတင်နေတာလား"

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ခဏတာတုံ့ဆိုင်းသွားပြီး "ဆရာကြီးယန်၊

မင်းအတွက် ငွေနည်းနည်းကျပ်ရင်

ငါတို့ကို ပြောပြလို့ရတယ်။

သိပ်ကြီးကြီးမားမားမဟုတ်သေးသရွေ့

တော့ ရှီကလန် ကိုယ်စား မင်းကို ငါတို့က

ချေးပေးလို့ရတယ်၊

အတိုးပေးစရာမလိုပါဘူး"ဟူ၍

ပြန်ပြောလေသည်။

သူတို့အမြင်အရ ယန်ယဲ့ဟာ

လုယက်ရန်ရောက်လာသည်ဟု

ထင်နေပုံပါ။

ယန်ယဲ့၏မျက်နှာက
မည်းမှောင်သွားသည်။ "ငါ့ရုပ်က
ဓားပြနဲ့တူလား"

ယန်ယဲ့က ခေါင်းခါပြီး “ငါ ဒီမှာ
လုယက်ဖို့ မဟုတ်ဘူး။ မင်းရဲ့
သခင်ငယ်ကို ငါတွေ့ဖို့ ဒီမှာလာနေပြီလို့
ပြောလိုက်ပါ။ သူနားလည်မှာပါ"ဟု
ထပ်ပြောလိုက်၏။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

“ငါတို့သခင်ငယ်က မင်းကို

အကြွေးပေးရမှာတကယ်လား"ဟုမေး

လေသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

"ဒါအမှန်ပဲ"

အနက်ရောင်ဝတ်ရုံအဘိုးအိုက

“ဘယ်လောက်လဲ” ဟု မေးသည်။

ယန်ယဲ့က

"နတ်ဘုရားသလင်းကျောက်သန်းအနည်း

ငယ်ပဲ"

အနက်ရောင်ဝတ်ရုံအဘိုးအိုနှင့်

အခြားသူများလည်း

အံ့အားသင့်သွားကြသည်။ ရှီကလန်

သည် ကြွယ်ဝသော်လည်း

သန်းအနည်းငယ်ဟူသော

နတ်ဘုရားသလင်းကျောက်များကတော့
အနည်းငယ်မဟုတ်တော့ပါ။
အထူးသဖြင့် အောက်ဘုံနှင့်ယှဉ်လျှင်။
သန်းအနည်းငယ် ဟူသောပမာဏက
ရှီကလန်၏ လအနည်းငယ်
အမြတ်ငွေနှင့် ညီမျှပါသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက
“ဆရာကြီးယန်၊ ဒါက
အရမ်းများလွန်းတယ်။ ငါ့မှာ လုပ်ပိုင်ခွင့်

မရှိဘူး၊ ငါတို့ သခင်ငယ်က

တံခါးပိတ်ကျင့်ကြံနေတယ်။ မင်း

သူထွက်လာတဲ့အချိန်ထိ

စောင့်နိုင်မလားဆိုတာ

သိနိုင်မလား"ဟုပြောလေသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး

“ဘယ်လောက်ကြာမှာလဲ”ဟုပြန်မေးလို

က်သည်။

“အဲ…” အဘိုးအိုက

တုံ့ဆိုင်းသွားသည်။သေချာသည်ကတော့

သူလည်း သေချာမသိပုံပါ။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ငါ့မှာ

ကိုင်တွယ်စရာတွေ

အများကြီးရှိတာကြောင့် စောင့်ဖို့

အချိန်မရှိဘူး။ မင်းရဲ့သခင်ငယ်ကလွဲရင်

မင်းဟာ ဒီမှာ

အမြင့်ဆုံးအခွင့်အာဏာရှိတယ်မဟုတ်

လား"

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ခေါင်းညိတ်ပြသည် "ငါက ရှီလင်း၊

ကြယ်တာယာမြို့တော်က ရှီကလန် ရဲ့

မန်နေဂျာပါ"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး

"တစ်စုံတစ်ယောက်က

တံခါးပိတ်ကျင့်ကြံနေရင်

ဘယ်လောက်အရေးကြီးတယ်ဆိုတာ

ငါသိတယ်။ ဒါကြောင့် မင်းအတွက်

ခက်ခဲအောင် ငါလုပ်မှာမဟုတ်ဘူး။

သူထွက်လာတဲ့အခါ

ငါ့ရဲ့လည်ပတ်မှုအကြောင်း

မင်းသူ့ကိုပြောပြလိုက်။ ပြီးတော့

ကောင်းကင်တိမ်ကြယ်တာယာ က

ကျွမ်းဝေယန် ဆီကို

နတ်ဘုရားသလင်းကျောက်တွေ ပို့ပေးဖို့

တောင်းဆိုလိုက်ပါ။ မင်းဘယ်လိုထင်လဲ"

အဘိုးအိုရှီလင်းက

ခဏလောက်စဉ်းစားပြီး ခေါင်းညိတ်ကာ

"ကောင်းပြီ"ဟု ပြန်ပြောသည်။

အမှန်တော့ ရှီထျန်း သာ ယန်ယဲ့အား

အကြွေးပြန်ဆပ်ဖို့သေချာပါက

သူ့အနေဖြင့် သေချာပေါက်

ထုတ်ပေးလိုက်ပေမည်။

သို့သော် သူ့စိတ်ထဲ မသေချာပါ။ ယန်ယဲ့

သည် ဓားကျင့်ကြံသူတစ်ယောက်

ဖြစ်သည့်တိုင် အလွန်အရှက်မဲ့သူပါ။

ယခင်က

ကောင်းကင်ကြယ်နတ်ဆိုးဒေသနှင့်

တိုက်ပွဲအဖြစ်အပျက်ကို

ကြည့်လျှင်သိနိုင်၏။

ထိုအချိန်မှာ ယန်ယဲ့နှင့်အဖွဲ့က

ကောင်းကင်ကြယ်နတ်ဆိုးဒေသ၏

ဝိညာဉ်သွေးကြောများကို

လုယူသွားကြောင်း

အရှေ့ပိုင်းနယ်မြေတစ်ခုလုံးမှ လူတိုင်း

သိရှိထားကြသည်။

ရှီလင်း သဘောတူသည်ကို

မြင်သောအခါ ယန်ယဲ့ သည်

နောက်ပြန်လှည့်၍

ထွက်သွားဖို့ပြင်သည်။  သို့သော်

သူ့အနီးရှိနေရာက ရုတ်တရက်

တုန်ခါလာပြီး အသက် ၁၆ နှစ် သို့မဟုတ်

၁၇ နှစ်ဝန်းကျင်ခန်

မိန်းမငယ်လေးတစ်ယောက် ရုတ်တရက်

ပေါ်လာသည်။ မိန်းမငယ်လေးက

ပန်းပွင့်များစီခြံထားသော

ခရမ်းရောင်ဝတ်စုံကို

ဝတ်ဆင်ထားသည်။ သူမက လှပ
သေးသွယ်ပြီး

ရှည်လျားနက်မှောင်သောဆံပင်ရှည်များ
ကို မြင်းမြီးဖြင့်
ချည်နှောင်ထားသည်။သူမ၏ပုံစံက
တစ်မျိုးတစ်ဖုံ
ချစ်စရာကောင်းနေလေသည်။

အဘိုးအိုရှီလင်းနှင့် သူ့နောက်ရှိ လူများက မိန်းမငယ်လေးကို တွေ့သောအခါ အမူအရာများ ပြောင်းလဲသွားကာ အလျင်စလိုရှေ့တိုးလာပြီး နှုတ်ဆက်ကြသည်။ အဘိုးအိုရှီလင်းက မိန်းမငယ်လေး၏အနားကို တိုးကပ်သွားပြီး ဦးညွှတ်ကာ "အငယ်ဆုံးအလှမယ်၊ ဒီမှာ ဘာလုပ်နေတာလဲ"ဟူ၍ မေးလိုက်လေသည်။

အမျိုးသမီးငယ်က မျက်ခုံးပင့်ကာ "ဘာလဲ၊ ငါဒီကိုမဆင်းနိုင်ဘူးလို့ ဆိုလိုတာလား"ဟုပြန်ပြောလေသည်။

အဘိုးအိုရှိလင်းက အလျင်စလို ခေါင်းခါလိုက်ပြီး "အဲဒါ ငါဆိုလိုတာ မဟုတ်ဘူး။ မင်းမလာခင်မှာ ငါတို့ကို အကြောင်းကြားခဲ့တာ မဟုတ်တဲ့အတွက် ငါတို့က မင်းကို ကောင်းကောင်းမကြိုဆိုနိုင်ခဲ့ဘူး"

မိန်းကလေးက အေးစက်စွာ

ညည်းညူရင်း “ဒါ လျှို့ဝှက်ချက်ပဲ။

လျှို့ဝှက်ချက်ဆိုတာ သိလား။ ငါ့မှာ

အရေးကြီးတာတစ်ခု လုပ်စရာရှိတယ်၊

ဒါကြောင့် ငါဒီမှာရှိနေတယ် ဆိုတာ

ဘယ်သူ့ကိုမှ

ခွင့်မပြုနိုင်ဘူး။နားလည်လား"

အဘိုးအိုရှီလင်းက သူမကို ငုံ့ကြည့်ကာ

တိုးတိုးလေးပြောသည်

"အငယ်ဆုံးအလှမယ် က

ဘာအရေးကြီးတဲ့ကိစ္စတွေရှိနေသလဲဆို

တာ ငါသိနိုင်မလား။

ငါတို့အကူအညီတစ်ခုခုပေးလို့ရနိုင်မ

လား"

"ဒါပေါ့" သူမ၏လက်နှစ်ဖက်ကို

နောက်ပစ်လျက်

လူကြီးတစ်ယောက်လိုပြောသည်

"အကြီးအကဲလင်း၊

ငါ့မိတ်ဆွေတစ်ယောက် အနိုင်ကျင့်ခံရလို့

ဒီကို ဒီကိုလာခဲ့ရတာ။ လောကမှာ

အရေးကြီးဆုံးက ဘာလဲ။ ဒါဟာ

သစ္စာစောင့်သိမှုပါ။

မိတ်ဆွေတစ်ယောက်

အနိုင်ကျင့်ခံနေရတာကို ဘယ်လိုနည်းနဲ့

ရပ်ကြည့်နိုင်မလဲ။ ဒါကြောင့် ယန်ယဲ့ ကို

လိုက်ရှာပြီးဖမ်းဆီးဖို့
ငါနဲ့အတူလိုက်ခဲ့ပါ။ ငါ သူ့ကို
အရှင်လတ်လတ် ဖမ်းလိုက်မယ်။ သူက
ငါ့မိတ်ဆွေကို ဘယ်လိုသတ္တိနဲ့များ
အနိုင်ကျင့်နေတာလဲ။ အသက်ရှင်ရတာ
ပင်ပန်းနေပြီထင်တယ်"ဟုဆက်ပြောလေ
သည်။

ယန်ယဲ့ သည်
မိန်းမငယ်လေးပြောလိုက်သည့်စကားကို

နားထောင်ပြီးနောက်

ဘာပြောရမှန်းမသိအောင်ပင်။

အဘိုးအိုရှီလင်းနှင့် အခြားသူများ

ကတော့ ထိတ်လန့်သွားကြသည်။

အဘိုးအိုရှီလင်းက

အချိန်တော်တော်ကြာတိတ်ဆိတ်နေပြီးမှ

“အငယ်ဆုံး အလှမယ်၊ ဒါဆို ယန်ယဲ့ကို

ရှာဖို့

ဆင်းလာတာလား”ဟုထပ်မေးလိုက်သည်

။

"အမှန်ပဲ" မိန်းမငယ်လေးက အေးစက်စွာ

ညည်းညူရင်း “ငါ့ရဲ့

တံခါးပိတ်ကျင့်ကြံတာကနေ

ထွက်လာတော့ ရှောင်းလန်က

အောက်ဘုံမှာ အနိုင်ကျင့်ခံရတာကို

သိလိုက်ရတယ်။ အဲဒီလူ ယန်ယွဲ့က

တကယ်ကိုသတ္တိကောင်းတယ်။ သူက

ငါ့မိတ်ဆွေကို အနိုင်ကျင့်ဝံ့သလား။

ငါသူ့ကိုဖမ်းခေါ်သွားပြီး

မသန်မစွမ်းဖြစ်တဲ့အထိ

ရိုက်နှက်ပစ်မယ်”ဟုပြောပါသည်။

ယန်ယွဲ့ က ရုတ်တရက်မေးလိုက်သည်

"မင်းက မိုရှောင်းလန် နဲ့

မိတ်ဆွေတွေလား "

မိန်းမငယ်လေးက ယန်ယဲ့ကို
လှည့်ကြည့်ပြီး "နင်ကဘယ်သူလဲ"ဟု
ပြန်မေးသည်။

ထိုအချိန်တွင် အဘိုးအိုရှီလင်းနှင့်
အခြားသူများက ရှီရှောင်းနန်ကို
အလျင်အမြန် ဝိုင်းရံထားကြသည်။
သူတို့၏အသွင်အပြင်အရ
ကြောက်မက်ဖွယ်ကောင်းသော ရန်သူနှင့်
ရင်ဆိုင်နေရပုံပါ။ ထို့အတွက် ၎င်းတို့အား

အပြစ်မဆိုနိုင်ပါ။ အကြောင်းကတော့

ယန်ယဲ့ ဟာ

ဒေါသတကြီးသတ်ဖြတ်တတ်သူဖြစ်

သောကြောင့်ပင်။ ယန်ယဲ့ သည်

အနည်းငယ် နားလည်မှုလွဲသည်နှင့်

ဓားဆွဲထုတ်ပြီး

သတ်ပစ်လိုက်သည်မဟုတ်ပါလား။

"ငါဘယ်သူလဲဟုတ်လား" ယန်ယဲ့ က ရယ်မောရင်း "ငါက မင်းလိုက်ရှာချင်နေတဲ့ ယန်ယဲ့လေ"

"နင်က ယန်ယဲ့ လား" ရှီရှောင်းနန်၏ မျက်လုံးသေးသေးလေးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထို့ပြသူမ၏လက်ထဲ၌ ရွှေကြာပွတ်ရှည်တစ်ချောင်း ပေါ်လာသည် "ဟမ့်၊ ကံတရားက

တကယ်ပဲ ငါ့ဖက်မှာရှိတယ်။ နင့်ကို

လွယ်လွယ်နဲ့ ရှာတွေ့ဖို့ ငါ

မမျှော်လင့်ထားဘူး"

ထိုစကားပြောပြီးနောက်

တိုက်ခိုက်ရန်ပြင်လိုက်၏။သို့သော်

အဘိုးအို ရှီလင်းက ရုတ်တရက်

ပိတ်ဆို့ကာ "အငယ်ဆုံးအလှမယ်၊

ဒေါသတကြီး မလုပ်နဲ့"ဟုပြောလေသည်။

"ငါက ဒေါ်သတကြီးလုပ်နေတာလား"

ရှီရှောင်းနန်က

ဒေါ်သတကြီးပြန်ပြောသည်

"လူအိုကြီးလင်း၊ ငါ့ကို တားဖို့

သတ္တိရှိလား။ နင်ဘယ်လိုသတ္တိရှိလဲ"

အဘိုးအိုရှီလင်းက အကူအညီမဲ့သလို

ရယ်မောရင်း "အငယ်ဆုံး အလှမယ်၊ မင်း

စိတ်ဆိုးနေမယ်ဆိုတာ ငါသိပါတယ်။

ဒါပေမဲ့ ဒီတစ်ခါတော့ မင်းတကယ်ကို

စိတ်ရှိတိုင်းမလုပ်နိုင်တော့ဘူး။ မင်းက...”

ရှီရှောင်းနန်၏နံဘေးမှ

အဘိုးအိုတစ်ဦးကို ရုတ်တရက်

စိုက်ကြည့်ကာ “သခင်ငယ်ကို

မြန်မြန်သွားခေါ်လိုက်တော့”

ထိုအဘိုးအိုက

ခဏတာအံ့သြသွားပြီးနောက်

နေရာမှာပင် ပျောက်သွားသည်။

ထိုအချိန်တွင် ရှီရှောင်းနန်က ရုတ်တရက် ပျောက်သွားပြီး ယန်ယဲ့၏ရှေ့မှာပင် ပေါ်လာလေသည်။ တစ်ဆက်တည်း သူမ ညာဖက်လက်ထဲမှ ရွှေကြာပွတ်ရှည်ကို ယန်ယဲ့အား ရိုက်ချလိုက်တော့သည်။ ရွှေကြာပွတ်ရှည်မှ ပေါက်ကွဲလာသော စွမ်းအားက အာကာသပြင်ကို ပွင့်ထွက်သွားစေသည်။

သို့သော် ၎င်းက ယန်ယဲ့၏ခေါင်းနှင့်
စင်တီမီတာအနည်းငယ်အကွာကို
ရောက်လာသည်နှင့် ရုတ်တရက်
ရပ်တန့်သွားသည်။

အကြောင်းမှာ ဓားတစ်ချောင်းက
ရှီရှောင်းနန်၏နဖူးကို
ဖိကပ်ထားသောကြောင့်ပါ။

ရှိရှောင်းနန်၏

မျက်လုံးသေးသေးလေးများက

ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့်

ပြည့်နှက်နေခဲ့သည် ။သို့သော်

အဘိုးအိုရှီလင်းတို့အုပ်စုကတော့

ထိတ်လန့်သွားပြီး ယန်ယွဲ့အား

ပတ်ပတ်လည်ကနေ

ဝိုင်းထားလိုက်သည်။ အဘိုးအိုရှီလင်းက

“ဆရာကြီးယန်၊ ကျေးဇူးပြုလို့

ကရုဏာပြပါ။ ကျေးဇူးပြုလို့
သနားပါ”ဟု
ကမန်းကတန်းအော်လိုက်လေသည်။

ထိုအချိန်တွင် သူတို့အားလုံး၏
မျက်နှာများက ဖြူဖျော့သွားကာ
အေးစက်သော
ချွေးများပင်စီးကျလာကြသည်။
အခြားတစ်ယောက် သာဆိုလျှင်တော့
ရှိကလန်ကို မျက်နှာသာပေးပြီး

ရှီရှောင်းနန်အား သတ်ဝံ့မည်မဟုတ်ပါ။

သို့သော် ယန်ယွဲ့ကတော့ မတူပေ။

သူသည် စိတ်ဆန္ဒအတိုင်း

လုပ်ဆောင်တတ်သော

အရူးတစ်ယောက်ပါ။ ထို့ကြောင့်

ရှီကလန်၏

အမည်ကိုသုံးစပြီးခြိမ်းခြောက်မည့်အစား

ယန်ယွဲ့အား တောင်းပန်ရန်သာ

ကြိုးစားခဲ့သည်။

ယန်ယဲ့ သည် အဘိုးအိုရှီလင်းနှင့်

အခြားသူများကို ဂရုမစိုက်ဘဲ

ရှီရှောင်းနန်ကို စိုက်ကြည့်ပြီး "မင်းက

မိုရှောင်းလန် နဲ့ နီးစပ်တယ်။ ဒါကြောင့်

မင်းအတွက် ငါ့မှာ

မေးခွန်းနည်းနည်းရှိတယ်"

ဟုပြောလိုက်သည်။

ရှီရှောင်းနန် က ယန်ယဲ့ကို ဒေါသတကြီး

စိုက်ကြည့်ပြီး "ငါရှီရှောင်းနန်က

ငါ့သူငယ်ချင်းတွေကို ဘယ်တော့မှ

သစ္စာမဖောက်ဘူး။ နင်ငါ့ကိုသတ်ချင်ရင်

လုပ်လိုက်ပါ" ဟုပြောပြီးသည်နှင့်

မျက်လုံးမှိတ်ကာ လက်သီးလေးများကို

ဆုပ်ထားသည်။သေသေချာချာ

ကြည့်လိုက်ပါက

သူမ၏လက်နှစ်ဖက်လုံး

တုန်ယင်နေမှန်းသတိထားနိုင်ပါသည်။

ယန်ယဲ့၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းလာပြီး

တဖြည်းဖြည်း အေးခဲလာသည်။

ထိုအချိန်တွင်

ရှီကလန်၏အိမ်တော်အတွင်းပိုင်းမှ

ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

ဘုန်း...

ထိုပုံရိပ်က ယန်ယဲ့၏နံဘေးသို့

ဆင်းသက်လာပြီးနောက်

မြေပြင်တစ်ခုလုံး

ပြင်းထန်စွာတုန်လှုပ်သွားသည်။

တံခါးပိတ်ကျင့်ကြံနေရာမှ

ထွက်လာသော ရှီထျန်း ပင်။

"အစ်ကိုယန်၊ ကရုဏာပြပါ" ရှီထျန်းက

ကမန်းကတန်းပြောသည် "

ငါ့ညီမလေးက မိုက်မဲတဲ့ မိန်းကလေးပဲ ။ မင်းကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ရင် ငါတောင်းပန်ပါတယ်"

ယန်ယဲ့က ပြုံးပြီး သူ့ဓားကိုပြန်သိမ်းလိုက်သည်။ ထို့နောက် ရှီထျန်းကို စိုက်ကြည့်ရင်း "မင်းညီမရဲ့ အစွမ်းက သိပ်တော့မဆိုးပါဘူး၊ ဒါပေမဲ့ သူ့ဒေါသက တော်တော်ဆိုးတယ်။

မပြောင်းလဲရင် အနာဂတ်မှာ

ဒုက္ခရောက်နိုင်တယ်”ဟုပြောလိုက်သည်။

ထိုအရာကို မြင်မှသာ လူတိုင်း

သက်ပြင်းချကြသည်။

ရှီထျန်း လည်း

သက်ပြင်းတစ်ချက်ချလိုက်သည်။

ယန်ယွဲ့ သည် သူမြင်ဖူးသမျှ

ဒေါသအကြီးဆုံးလူတစ်ယောက်ပါ။

ကံကောင်းစွာနှင့်ပဲ ယန်ယဲ့သည် သူ့အား

မျက်နှာသာပေးလိုက်သည်။ မဟုတ်လျှင်

ရှီကလန် က တန်ကြေးမြောက်များစွာ

ပေးရသည့်တိုင် ယန်ယဲ့အား

တိုက်ခိုက်ရပေမည်။ ထိုအချိန်တွင်

နှစ်ဖက်စလုံး ဆုံးရှုံးမှုများ

ကြီးကြီးမားမားနှင့်

အဆုံးသတ်သွားမည်မှာ

သေချာသလောက်ပင်။

ရှီထျန်းက အကူအညီမဲ့စွာ ရယ်မောရင်း "အစ်ကို ယန်၊ မင်းပြောတာ မှန်တယ်။ ပြန်လာတာနဲ့ သင်ခန်းစာကောင်းကောင်း သင်ပေးဖို့ အဖေ့ကို ငါပြောလိုက်မယ်"ဟုပြောပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "မင်းငါ့ကိုပေးရမယ့်အကြွေး ယူဖို့ ငါဒီကိုလာခဲ့တယ်။ အစ်ကိုရှီအတွက် အဆင်ပြေရင်..."

ယန်ယဲ့က ပုံမှန်အတိုင်းသာ

ပြောလိုက်၏။အကြွေးတစ်ခုအတွက်

ပြန်တောင်းခြင်းဟာ

လုံးဝတရားမျှတသည်မဟုတ်ပါလား။

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်" ရှီထျန်း

က  ပြုံးလိုက်ပြီး ယန်ယဲ့ထံ

သို့လှောင်လက်စွပ်တစ်ကွင်း

ကမ်းပေးလိုက်သည်။ ယန်ယဲ့ သည်

အထဲမှအရာများကို

တစ်ချက်ကြည့်လိုက်သည်။

သိုလှောင်လက်စွပ်ထဲ၌

နတ်ဘုရားသလင်းကျောက် ၅

သန်းအတိရှိကြောင်းသ သတိပြုမိသည်။

ယန်ယဲ့က ရှီထျန်း ကို ကြည့်ပြီး "ဒါက

ငါတို့ သဘောတူထားတာထက်

ပိုပါတယ်"ဟုပြောလိုက်သည်

ရှီထျန်းက ပြုံးလိုက်ပြီး

"မင်းရဲ့ဓားမဟာမိတ်အဖွဲ့နဲ့

ကောင်းကင်တိမ်ကြယ်တာယာက

နတ်ဘုရားသလင်းကျောက်တွေ

လိုအပ်နေသင့်တယ်။ ပြီးတော့ ငါ့မှာ

ပေါများနေတာပဲ။ မှန်ပါတယ်၊ အဲဒါကို

ဈေးငွေတစ်ခုအနေနဲ့ မှတ်ယူပါ။ မင်းမှာ

ပိုကောင်းတဲ့ကြွယ်ဝမှုတွေရှိတဲ့အခါငါ့ကို

ပြန်ပေးနိုင်ပါတယ်"ဟု ပြောလေသည်။

ယန်ယဲ့က မငြင်းဘဲ ခေါင်းညိတ်သည်

“ကျေးဇူးတင်ပါတယ် အစ်ကိုရှီ”

ရှီထျန်း က "ဒါဆို အစ်ကိုယန်၊ မင်း ဘယ်အချိန်မှာ အထက်ကမ္ဘာကိုတက်မှာလဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က "မကြာခင်"

ရှီထျန်းက ခဏတာတုံ့ဆိုင်းသွားပြီး

"အစ်ကိုယန်၊

မင်းသတိမထားမိတဲ့အရာတစ်ခုရှိကော

င်းရှိနိုင်တယ်။ တစ်ချို့လူတွေရဲ့

တားမြစ်ထားတာတွေရှိလို့

အထက်ကမ္ဘာရဲ့ဘယ်အင်အားစုကမှ

မင်းကို ခွင့်ပြုချက်မပေးနိုင်ဘူး။

တစ်နည်းပြောရရင်တော့..."

ယန်ယဲ့ က "တစ်နည်းအားဖြင့်ပြောရရင် ငါဟာ အထက်ကမ္ဘာကို ပုံမှန်အတိုင်း ဝင်လို့မရဘူး"

ရှီထျန်း က ခေါင်းညိတ်လိုက်ပြီး "ဒါဆို ကျန်းဝူကျိ နဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ တို့လိုပဲ မင်းရဲ့လမ်းကို တိုက်ခိုက်မှာလား"ဟု မေးခဲ့သည်။

ယန်ယဲ့က ခေါင်းခါပြီး “အဲဒီမှာ ငါ့လမ်းကိုတိုက်ခိုက်မှာမဟုတ်ဘူး” ဟုပြောလိုက်သည်။

ရှီထျန်း က စိတ်ဝင်တစား မေးသည် "ဒါဆို မင်းအဲဒီကို ဘယ်လိုတက်ဖို့ ရည်ရွယ်ထားတာလဲ"

ယန်ယဲ့က ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခုနှင့်  “ငါ

ဒီလမ်းကို သတ်လိုက်မယ်”ဟု

ပြန်ဖြေပါသည်။

၁၈၄၃

[အဆုံးမဲ့စားကမ္ဘာ (ကံဆိုးခြင်းနယ်မြေ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၃ - ရေချိုးရမယ်

ယန်ယွဲ့ ပြောလိုက်သည့် စကားကို

ကြားသောအခါ ဤနေရာရှိလူတိုင်း၏

အမှုအရာများသည်
ချက်ချင်းပြောင်းလဲသွားသည်။

ကျန်းဝူကျိ နှင့် အနှောင်အဖွဲ့ကင်းမဲ့သူ
ဟာ ဒဏ္ဍာရီလာကောင်းကင်လမ်းကို
ဖြတ်ကျော်ခဲ့ကြသော်လည်း
အပြင်းအထန်တိုက်ခိုက်ရုံလောက်သာ။
သို့သော်လည်း ယန်ယဲ့ကတော့
သတ်ပစ်ချင်နေ၏။
အခြေအနေနှစ်ရပ်က လုံးဝမတူညီပါ။

ထိုနှစ်ယောက်က ကိုယ့်ကိုယ်ကို

ပြသရန်သာ အထက်ကမ္ဘာ၏

စည်းမျဉ်းများကို စိန်ခေါ်ခဲ့သည်။

ခြွင်းချက်အနေနှင့် ယန်ယဲ့ သည်

အထက်ကမ္ဘာ၏စည်းမျဉ်းများကို

အပြီးတိုင်ဖျက်ဆီးလိုခဲ့သည်။

ယန်ယဲ့က အစုလိုက်အပြုံသတ်ဖြတ်ပြီး

ဒဏ္ဍာရီလာမဟာကောင်းကင်လမ်းကို

ဖျက်ဆီးပစ်ချင်နေတာလား....

မှန်သည်။ ယန်ယဲ့ က

တမင်သက်သက်ပြောလိုက်ခြင်းတော့မ

ဟုတ်ဘဲ။ ထို့အပြင် သူက

သတ်ဖြတ်ခြင်းအား

စွဲလမ်းနေသူမဟုတ်ခဲ့ပေ။

ဆန့်ကျင်ဖက်အနေနှင့်တော့ သူ့တွင်

ရွေးချယ်စရာလမ်းမရှိတော့သောကြောင့်

သာ။ ရှီထျန်း

ပြောသည့်အတိုင်းသာဆိုလျှင်
နောက်ကွယ်မှာရှိသူက အင်ပါယာခန်းမ၊
စစ်နတ်ဘုရားခန်းမ၊ မာကာလန် သို့မဟုတ်
နတ်ဘုရားဖီးနစ်ကလန်
ဖြစ်ကောင်းဖြစ်နိုင်၏။ သို့သော်လည်း
အထက်ကမ္ဘာက သူ့အား ဝင်ရောက်ရန်
လုံးဝခွင့်မပြုတော့ပေ။ သေချာသည်မှာ
ကြီးမားသောမုန်တိုင်းတစ်ခုဟာ

ကောင်းကင်လမ်း ကနေ သူ့အား

စောင့်ကြိုနေဟန်တူသည်။

တစ်နည်းဆိုရသော် သူ့အနေဖြင့်

အထက်ကမ္ဘာကို တက်ရောက်လိုပါက

ကောင်းကင်လမ်းအား

သတ်ဖြတ်ရုံသာရှိပါတော့သည်။

ရှီထျန်းက ခဏတာစဉ်းစားပြီး

"အစ်ကိုယန်၊ မင်းရဲ့ခွန်အားကို

ငါသံသယမဝင်ပါဘူး။ ဒါပေမဲ့
ဒဏ္ဍာရီလာကောင်းကင်လမ်း က
သာမန်မဟုတ်ဘူး။ ဒါဟာ
သာမန်လမ်းကြောင်းမဟုတ်တဲ့အပြင်
အထက်ကမ္ဘာရဲ့ အာဏာပိုင်အသီးသီးက
ပူးတွဲချမှတ်ထားတဲ့ စည်းမျဉ်းတစ်ခုပဲ။
အဲဒီစည်းမျဉ်းကို စိန်ခေါ်တဲ့လူတိုင်းဟာ
အထက်ကမ္ဘာတစ်ခုလုံးကို
စိန်ခေါ်နေတာနဲ့ညီမျှတယ်။

လွန်ခဲ့တဲ့အတိတ်မှာ အောက်ဘုံရဲ့

လူနှစ်ယောက်ပဲ

ကောင်းကင်လမ်းကိုဖြတ်ကျော်နိုင်ခဲ့တ

ယ်ဆိုတာ မင်းလည်းသတိပြုမိမှာပါ။

ဒါပေမဲ့ သူတို့ရဲခွန်အားကြောင့်

အထက်မှာရဲ့အာဏာပိုင်တွေ

ဘာမှမတတ်နိုင်ခဲ့ကြဘူး။

နောက်ဆုံးတော့ သူတို့က

အဲဒီလူနှစ်ယောက်ရှိနေတာကို

အသိအမှတ်ပြုဖို့ကလွဲလို့ သူတို့မှာ ရွေးချယ်စရာမရှိတော့ဘူး။ ဒါပေမဲ့ မင်းက .. အခုတော့... "

သူ့စကား၏နောက်ကွယ်မှ ဆက်ပြောလိုသည်ကတော့ လက်ရှိယန်ယွဲ့ဟာ ကျန်းဝူကျိ နှင့် အနှောင်အဖွဲ့ကင်းမဲ့သူ တို့လိုအဆင့်မဟုတ်သေးသောကြောင့်ပါ ။

ယန်ယဲ့က ပြုံးပြီး “နားလည်ပါတယ်။ ဒါပေမဲ့ အစ်ကိုရှီ၊ ငါ့မှာ ရွေးချယ်စရာရှိတယ်လို့ မင်းထင်လား"

"ဟုတ်ပါတယ်။ မင်းဒီလိုပဲလုပ်နိုင်တယ်" ရှီထျန်းက ဆက်ပြောပါသည် "မင်းက ငရဲခန်းမ နဲ့ ဆက်နွယ်နေလို့ အထက်ကမ္ဘာရဲ့ အင်အားစုတွေက အောက်ဘုံကို ဆင်းမလာရဲကြဘူး။

ဒီလိုအခြေအနေမျိုးမှာ

မင်းရဲ့ကိုယ်ပိုင်ခွန်အားကို

မြှင့်တင်နိုင်တယ်။ မင်းရဲ့

ပင်ကိုယ်စွမ်းရည်နဲ့ ခွန်အားတွေကို

အခြေခံရရင် အထက်ကမ္ဘာကို တက်ဖို့

သိပ်မကြာလောက်ပါဘူး”

"ဒီလောက်ကြာအောင်

မစောင့်နိုင်တော့ဘူး" ယန်ယဲ့က

ခေါင်းယမ်းလိုက်ပြီး ရှီရှောင်းနန်ကို

စိုက်ကြည့်ရင်း "မင်းက မိုရှောင်းလန်

နဲ့နီးစပ်တယ်မဟုတ်လား။ ဒါဆို

အောက်ဘုံကနေ ခေါ်လာတဲ့

လေဟာနယ်မင့်ခ်နဲ့ နှင်းပွင့်လေး

အကြောင်း

မင်းသိသလား”ဟုမေးလိုက်၏။

ရှီရှောင်းနန်က ယန်ယဲ့ကို

ပြန်စိုက်ကြည့်ကာ

ခေါင်းခါလိုက်သည်။ သူမက "ဒါတွေကို

ငါမတွေ့ဖူးဘူး။

တံခါးပိတ်ကျင့်ကြံတာကနေ

ငါထွက်လာတဲ့အချိန်မှာ သူမက

တံခါးပိတ်ကျင့်ကြံသွားပြီ။ ဒါကြောင့်

နင်ပြောခဲ့တဲ့ လေဟာနယ်မင့်ခ်

ဒါမှမဟုတ် နှင်းပွင့်လေး ဆိုတာကို

ငါမမြင်ဖူးဘူး၊ တစ်ခါမှ

မကြားဘူးဘူး"ဟု ပြန်ပြောခဲ့သည်။

ယန်ယွဲ့ က သူ၏လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

ဇီအာ နဲ့နှင်းပွင့်လေး....

ထိုကလေးလေးနှစ်ယောက် အကြောင်းကိုတွေးမိသည်နှင့် ယန်ယွဲ့ သည် အထက်ကမ္ဘာသို့ ချက်ချင်းပျံတက်သွားလိုခဲ့သည်။

နတ်ဘုရားဖီးနစ်ကလန် က ဇီအာ နှင့်

နှင်းပွင့်လေး ကို ခေါ်ယူထားသော်လည်း

ကောင်းမွန်စွာ ဆက်ဆံမည်လော။

အကယ်၍

မကောင်းသောရည်ရွယ်ချက်များရှိနေ

လျှင် ။ အထူးသဖြင့် နှင်းပွင့်လေး ပါ။

သူမလေးက ထူးခြားသောတည်ရှိမှု

ဖြစ်လေရာ နတ်ဘုရားဖီးနစ်ကလန်က

အသုံးချရန်

အလားအလာများနေခဲ့သည်။

အတိုချုပ်ပြောရလျှင် သူက

စိတ်အေးလက်အေးမနေနိုင်ပါ။

ထိုအချိန်တွင် ရှီရှောင်းနန်က

ရုတ်တရက်ပြောခဲ့သည် "ယန်ယွဲ့၊ နင်က

လူသားပဲ။ ဘာလို့များ ရှောင်းလန်ကို

အနိုင်ကျင့်တာလဲ။ သူမက
ဒီလောက်ကောင်းတာကို…”

"သူမက လူကောင်းလား" ယန်ယဲ့က
ရှီရှောင်းနန်ကို ဝေ့ဝဲကြည့်ရင်း
“ပြောစရာတောင် မလိုပါဘူး။
မင်းတို့နှစ်ယောက်လုံးက တကယ့်ကို
လိုက်ဖက်ပါတယ်။ နှစ်ယောက်လုံး
အရမ်းတော်တာပဲ"ဟုပြောလိုက်လေသ
ည်။

ရှီရှောင်းနန်၏ဒေါသစိတ်က

အလွန်ကြောက်စရာကောင်းပါသည်။

နတ်ဘုရားဖီးနစ်ကလန်၏

အဖွဲ့ဝင်ဖြစ်သော မိုရှောင်းလန်

နှင့်အတူတူပင်။

ရှီရှောင်းနန်က

ထပ်ပြောချင်နေသော်လည်း ရှီထျန်းက

သူ၏ညီမဖြစ်သူကို စိုက်ကြည့်နေသည်။

ရှီရှောင်းနန်၏မျက်နှာလေးက

မကျေမနပ်ဖြစ်နေသည့်တိုင် နောက်ထပ်

စကားတစ်ခွန်းမှ မပြောဘဲ နှုတ်ခမ်းကို

သာ

ဖိကိုက်ထားလိုက်သည်။ထိုအတောအတွ

င်း ယန်ယဲ့က ရှီထျန်းအား

လက်သီးဆုပ်လျက် “အစ်ကိုရှီ၊

ငါလုပ်စရာ တခြားကိစ္စရှိသေးတယ်။

ဒီမှာပဲနှုတ်ဆက်လိုက်မယ်"ဟု
ပြောလိုက်သည်။

"နောက်မှတွေ့မယ်" ရှီထျန်း က ပြုံးပြီး
"အထက်ကမ္ဘာမှာ တွေ့မယ်"

ယန်ယဲ့က ပြုံးပြပြီး နေရာတွင်ပင်
ပျောက်သွားသည်။

ယန်ယဲ့ ထွက်သွားသည်နှင့် ရှီရှောင်းနန်က ရုတ်တရက်ပြောလေသည် "အစ်ကိုကြီး၊ သူက အရမ်းသန်မာတယ်..."

"အရမ်းသန်မာတယ်" ရှီထျန်း က သူ့မျက်နှာပေါ်တွင် လေးနက်သောအမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။ အောက်ဘုံတစ်ခုလုံးကိုအသာထား၊

အထက်ကမ္ဘာမှာပင် ယန်ယွဲ့ဟာ

ထိပ်သီးကျင့်ကြံသူဖြစ်နိုင်ပါသည်။

"သူမသေရင်

အနာဂတ်အောင်မြင်မှုတွေက ကျန်းဝူကျိ

နဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ ထက်

နိမ့်ကျမှာမဟုတ်ဘူး" ထိုအတောအတွင်း

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ရုတ်တရက် ပြောခဲ့သည်

“ကံမကောင်းစွာပဲ၊ သူက

ဒုက္ခပေးတတ်လွန်းတယ်။

အနှောင်အဖွဲ့ကင်းမဲ့သူ က ဘာမှမရှိဘူး။

အနှောင်အဖွဲ့ကင်းမဲ့သူက

ဘာအနှောင်အဖွဲ့မှမရှိတဲ့အပြင်

သူ့နှလုံးသားထဲမှာ

ဓားတစ်ချောင်းပဲရှိတယ်”

"မာဝူဒီနဲ့ ငရဲအင်ပါယာဒေသမှာ

ဘာတွေဖြစ်ခဲ့တာကို မင်းတွေ့ခဲ့လား"

တစ်ချိန်တည်းမှာပင် ရှီထျန်းက

ပြောပါသည် "မင်းဟာ သူချစ်ရသူတွေကို

စော်ကားလိုက်တာနဲ့ သူ့လက်စားချေမှုကို

ရင်ဆိုင်ရမှာလို့ဆိုနိုင်တယ်။ ဒီလိုလုပ်ဖို့

သတ္တိရှိလား။ သူစော်ကားခဲ့တဲ့

အင်အားစုတွေအပြင် အထက်ကမ္ဘာရဲ့

တခြားအင်အားစုတွေက  သူ့ကို

စော်ကားမယ်လို့ ”ထင်သလား

သူပ အနက်ရောင်ဝတ်ရုံအဘိုးအိုကို

စိုက်ကြည့်ကာ “သူ ဘယ်အင်အားစုကို

စော်ကားလိုက်တာလဲဆိုတာ ငါ

ဂရုမစိုက်ပါဘူး။ ကံဆိုးခြင်းနယ်မြေမှာ

ငါ့အသက်ကို ကယ်ခဲ့တယ်၊ ဒါကြောင့်

အဲဒီအကြွေးကို သတိရရမယ်။

အောက်ဘုံရဲ့

ကောင်းကင်တိမ်ကြယ်တာယာ နဲ့

ဓားမဟာမိတ်အဖွဲ့ ကို ဂရုစိုက်ပါ။

လိုအပ်ရင် မင်းတို့အားလုံး

လက်ငှားရမယ်။ အထက်ကမ္ဘာရဲ့

အင်အားစုတစ်ခုက အောက်ဘုံအထိ

ဆင်းလာပြီးတိုက်ခိုက်ရင် မင်းတို့တွေ

တိတ်တဆိတ်နဲ့ကူညီရမယ်။

နားလည်လား"

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ခေါင်းညိတ်ပြပြီး "သခင်လေးရှိ

ပြောတဲ့အတိုင်း လုပ်မယ်"ဟု

ပြန်ပြောပါသည်။

ရှီထျန်း က ခေါင်းညိတ်လိုက်သည်။

ထို့နောက် ရှီရှောင်းနန်ကို စိုက်ကြည့်ရင်း

"မင်း အခုလေးတင်

စော်ကားလိုက်တဲ့သူကို သေချာသိလား။

မင်းသိလား၊ ဒီအောက်ဘုံကို

တကယ်ပဲအထင်

သေးလို့ရမယ်ထင်လား။ ရှီကလန် ရဲ့

နာမည်ကို ပြောရုံနဲ့ မင်းက မထိဝံ့ဘူးလို့

ထင်နေသလား။ ဒါကိုထားလိုက်။

မာဝူဒီကို သိတယ်မဟုတ်လား။ အခု ဒီကောင်ရဲ့ အလောင်းက အေးခဲနေပြီ”ဟု ပြောလိုက်သည်။

ရှီရှောင်းနန်က နှုတ်ခမ်းများကို ဖိကိုက်လိုက်ပြီး "သူဒီလောက်သန်မာတယ်ဆိုတာ ငါဘယ်လိုသိနိုင်မှာလဲ"ဟူ၍ ပြန်ပြောသည်။

ရှီထျန်း က သက်ပြင်းချရင်း “ ရှောင်းနန်၊

ငါ မင်းကို သင်ပြဖို့မကြိုးစားပေမယ့်

မင်းရဲ့ဒေါသကို ထိန်းနိုင်အောင်လုပ်ပါ။

ဒီတစ်ခါ… ။ ဒီတစ်ခါ ယန်ယဲ့က

မင်းရဲ့အစ်ကိုကြီးကို မျက်နှာသာပေးနေ

ပေမယ့် နောက်တစ်ခါကျော။ မင်းက

တခြားလူတစ်ယောက်ကို

ဒေါသထွက်အောင်လုပ်လို့ အဲဒီလူက

ရှီကလန်ကို မျက်နှာသာမပေးဘဲ

ဒါမှမဟုတ် ငါ့ကို

မျက်နှာသာမပေးဘူးဆိုရင်

မင်းဘာလုပ်မလဲ”ဟု မေးလိုက်သည်။

ရှီရှောင်းနန်က ရှီထျန်း ဆီသို့

လျှောက်လာပြီး သူ့လက်မောင်းကို

ဖက်တွယ်ကာ “ဒါဆို ပိုသန်မာလာဖို့

ကြိုးစားပါ။ နင် သန်မာလာရင်

ဘယ်သူက

မျက်နှာသာမပေးဘဲနေရဲမှာလဲ"ဟု
ချွဲနွဲ့ပြောပါသည်။

ရှီထျန်း က
သူ၏ညီမဖြစ်သူကိုပြင်းပြင်းထန်ထန်
စိုက်ကြည့်ရင်း "ဒါဆို မင်းရဲ့အစ်ကိုက
မင်း သက်တောင့်သက်သာ အနားယူပြီး
ဒုက္ခဖြစ်စေတဲ့ အချိန်မှာ ပိုသန်မာဖို့
ကြိုးစားရမှာပဲ"

ရှီရှောင်းနန်က ပြုံးပြီး

"အစ်ကိုကြီးတစ်ယောက် သူ့ညီမလေးကို

ကာကွယ်ဖို့ဆိုတာက တော်တယ်

မဟုတ်လား"ဟုပြောလေသည်။

ရှီထျန်း က အကူအညီမဲ့စွာ

ရယ်မောလိုက်ပြီး "မင်း ငါ့ကို

တစ်နေ့သတ်လိမ့်မယ်"

ထိုစကားကို ပြောနေသော်လည်း
သူ့မျက်လုံးထဲမှာတော့
ချစ်ခင်ကြင်နာမှုများဖြင့်
ပြည့်နှက်နေသည်။

ရှီရှောင်းနန်က ဂရုမစိုက်ဘဲ
ရယ်မောလိုက်ပြီး "အစ်ကိုကြီး၊ ငါ
အရင်တုန်းက ဒီကို တစ်ခါမှ
မဆင်းဖူးဘူး။ ဒါကြောင့် ငါ့ကို
ခေါ်သွားပါ။ ဟုတ်တယ်၊

ကံဆိုးခြင်းနယ်မြေ ကို သွားမယ်။

ကံဆိုးခြင်းနယ်မြေမှာသွားပြီးကစားကြမ

ယ်။ အဲဒီနေရာက

အရမ်းအန္တရာယ်များတယ်လို့တော့

ကြားတယ်။ ဟမ့်၊ အဖေက ငါ့ကို

အမြဲကြောက်အောင် ခြောက်နေတယ်။

ငါမယုံဘူး"ဟူ၍ ဆက်ပြောပါသည်။

"ကစားမလား" ရှီထျန်း က

ခေါင်းခါလိုက်ပြီး "အခုချက်ချင်း

အိမ်ပြန်တော့။ အဖေက မင်းကို ဘာကြောင့် ဆင်းလာခိုင်းသလဲဆိုတာ ငါတကယ်မသိနိုင်ဘူး။ သူ့နှလုံးခုန်သံက မမြန်ဘူးထင်လို့လား"ဟု ပြောလေသည်။

ရှီရှောင်းနန်က "အစ်ကိုကြီး၊ ငါဒီမှာ ပုန်းနေခဲ့တယ်"ဟုပြောပါသည်။

ရှီထျန်း က ဘာပြောရမှန်းမသိအောင် ဖြစ်သွားခဲ့သည်။

...

ယန်ယဲ့ သည် ကြယ်တာယာမြို့တော်၏
ပေါ်တယ်စနစ်မှတစ်ဆင့်
အမှောင်ငရဲတိုက်ကြီးသို့
ပြန်ရောက်လာခဲ့သည်။

ဤအချိန်တွင် ဓားမဟာမိတ်အဖွဲ့က
ဌာနချုပ်ကို ဓားနတ်ဘုရားနန်းတော်ရာသို့
ပြောင်းရွှေ့ထားခဲ့သည်။ ထို့အပြင်

ဓားမဟာမိတ်အဖွဲ့ က တိုက်ကြီး၏

နံပါတ်တစ်အင်အားစု

ဖြစ်နေခဲ့လေပြီ။လက်ရှိတွင် တိုက်ကြီးကို

ပိတ်လှောင်ထားသည့်

အတားအဆီးပျောက်ကွယ်သွားပြီဖြစ်

လေရာ ဝိညာဉ်စွမ်းအင်များ

တဖြည်းဖြည်း

ပြန်လည်ကောင်းမွန်လာခဲ့သည်။

အလယ်အလတ်အဆင့်ကမ္ဘာနှင့်

မနှိုင်းယှဉ်နိုင်သော်လည်း

အဆင့်နိမ့်ကမ္ဘာများထက်

အဆပေါင်းများစွာ သာနေခဲ့ပါပြီ။

ဝိညာဉ်စွမ်းအင်ပြန်လည်ထွက်ပေါ်လာခြ

င်းဟာ အမှောင်ငရဲတိုက်ကြီးအား

ဒုတိယအသက် ဆက်ပေးခဲ့သလိုပင်။

ပါရမီရှင် နှင့် အဆင့်မြင့်ကျင့်ကြံသူများ

တဖြည်းဖြည်းနှင့်ထွက်ပေါ်လာခဲ့၏။

သို့သော် အားလုံးက ဓားမဟာမိတ်အဖွဲ့မှ မွေးထုတ်ပေးလိုက်ခြင်းသာ။

ခြွင်းချက်အနေနှင့် နတ်ဘုရားတစ်ပိုင်းအဆင့်များ ရှိနေသော်လည်း နတ်ဘုရားအဆင့် ကျင့်ကြံသူတော့ မရှိသေးပါ။ သို့သော် ၎င်းက အချိန်တစ်ခုသာ။

ယန်ယဲ့ သည် မည်သူ့ကိုမျှ

အသိမပေးဘဲနှင့် စားခန်းမထဲသို့

ဝင်လာခဲ့သည် ။

သူဝင်လာလာချင်း ခန်းမထဲ၌

မိန်းမငယ်လေးနှစ်ယောက်က

အချင်းချင်း လိုက်ဖမ်းနေသည်ကို

တွေ့လိုက်ရသည်။ နှစ်ယောက်စလုံးက

အသက် ၅ နှစ် သို့မဟုတ် ၆

နှစ်လောက်သာ ရှိနေသေး၏။

တစ်ယောက်က သူမနောက်ကို

လျှပ်စီးကြောင်းအရှည်ကြီး

လိုက်လာနေသဖြင့်

အလျင်အမြန်ပတ်ပြေးနေလေသည်။

လျှပ်စီးကြောင်းပေါ်တွင်မူ

ဆံပင်တိုတိုနှင့်

မိန်းမငယ်လေးတစ်ဦးရှိနေပါသည်။

အရှိန်မြန်လွန်းသောကြောင့်

သူမ၏မျက်နှာသေးသေးလေးက

တုန်ယင်နေပါသည်။ သို့သော်

မျက်လုံးသေးသေးထဲ၌တော့

စိတ်လှုပ်ရှားမှုများဖြင့်

ပြည့်နှက်နေသည်။

ထိုနှစ်ယောက်က သဘာဝအတိုင်း

လဲ့လင် နှင့် ယွဲ့အာ တို့ပါ။

လျှပ်စီးကြောင်းပေါ်မှာ ထိုင်နေသည့်

ယွဲ့အာက  စိတ်လှုပ်ရှားစွာဖြင့် "အစ်မ

လှဲလင်း၊ မြန်မြန်သွားပါ"ဟူ၍
အသံသေးသေးလေးနှင့်အော်ဟစ်လိုက်
သည်။

လှဲလင်က ယွန်းအာကို
လှည့်ကြည့်ပြီးနောက်
သူမ၏လက်သေးသေးလေးကို
ပေါ့ပေါ့ပါးပါး လက်ခုပ်တီးလိုက်သည်။
ထိုအခါ လျှပ်စီးကြောင်းက
ချက်ချင်းပင်ပြေးထွက်သွားသည်။

ယွဲ့အာက

မြေပြင်ပေါ်ပြုတ်ကျလာသော်လည်း

ဖရဲသီး အရွယ် အလင်းတန်းကြီး တစ်ခု

ပေါ်လာသည်။ ထို့နောက် သူမလေးက

လျှပ်စီးကြောင်း အပေါ်သို့

ထပ်မံခုန်တက်သွားသည်။ ထိုအတိုင်းပင်

ကလေးမလေးနှစ်ယောက်ဟာ

ပျော်ရွှင်စွာ ကစားကြသည်။

ထိုအချိန်တွင်

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအားတစ်ခု

က

လျှပ်စီးကြောင်းအားတွန်းထုတ်ပြီးနောက်

လက်တစ်စုံက ယွန်းအာကို

ဖမ်းမိသွားသည်။

ထိုလက်က ခန်းမထဲကို

တိတ်တဆိတ်ဝင်လာသည့် ယန်ယွဲ့ပင်။

ယန်ယဲ့ ကို မြင်သောအခါ ယွဲ့အာ နှင့်

လဲ့လင် တို့နှစ်ယောက်လုံး

အံ့အားသင့်သွားသည်။ ယွဲ့အာက

ပျော်ရွှင်စွာပြုံးကာ

ယန်ယဲ့၏လည်ပင်းကို ပွေ့ဖက်ကာ

"ဖေဖေ"ဟုခေါ်လေသည်။

လဲ့လင်က ယန်ယဲ့၏နံဘေးသို့ ပျံဝဲလာပြီး

ပခုံးပေါ် တက်ထိုင်ရင်း

"အစ်ကိုကြီး"ဟုဝမ်းသာအားရခေါ်နေလေသည်။

ယန်ယဲ့ က လဲ့လင်၏ညာလက်မောင်းကို ကိုင်ကာ နှစ်ယောက်လုံး၏ ပါးပြင်ကို နမ်းလိုက်ပြီး "ယွဲ့အာ၊ လဲ့လင်၊ မင်းတို့ငါ့ကို လွမ်းနေတာလား "

"ဟုတ်တယ်" ယွဲ့အာက

ယန်ယွဲ့၏လည်ပင်းကို ပွေ့ဖက်ထားပြီး

ယခင်အတိုင်း ပြန်ပြီးနမ်းပါသည်။

ယန်ယွဲ့က ရယ်ပြီး "ယွဲ့အာ၊ သမီးရဲ့အမေ

ဘယ်မှာလဲ"ဟုမေးလိုက်သည်။

ယွဲ့အာက မျက်တောင်ခတ်လိုက်ပြီး

"အမေက အန်တီရှီယူ နဲ့

ရေချိုးနေတယ်"ဟု ပြန်ပြောပါသည်။

ရေချိုးနေတလား...

ယန်ယွဲ့၏ပါးစပ်ထောင့်မှ အပြုံးတစ်ခု ပေါ်လာသည်။ သူက ယွဲ့အာလေးကို ထပ်မံနမ်းလိုက်ပြီး "အဖေနဲ့ အမေနဲ့ ဆွေးနွေးစရာရှိတယ်။ မင်း အခု လဲ့လင်နဲ့ ကစားနေတာ မဟုတ်လား"

ယွဲ့အာ က "ယွဲ့အာ နဲ့ အစ်မကြီးလဲ့လင်
ကိုအတူကစားပေးလို့မရဘူးလား "

ယန်ယဲ့က
အနည်းငယ်ခေါင်းခါပြီးပြောလိုက်သည်
“မဟုတ်ဘူး၊ ယွဲ့အာလေး။
မင်းကောင်းအောင်လုပ်ပြီး
မင်းရဲ့အစ်မကြီးလဲ့လင် နဲ့ ကစားပါ။
ပြီးတာနဲ့ ဖေဖေ လာကစားမယ်”

"ကောင်းပြီ။ ဒါဆို ဖေဖေက

ခဏနေရင်ပြန်လာပါ” ယွဲ့အာလေးက

ယန်ယဲ့ကို နမ်းလိုက်ပြီး

လဲ့လင်၏လက်ကို ကိုင်ကာ ပျော်ရွှင်စွာ

ခုန်ထွက်သွားတော့သည်။

ယန်ယဲ့က ကလေးနှစ်ယောက်

ထွက်သွားသည်ကို ကြည့်ရင်း

ပြုံးလိုက်သည်။ ထို့နောက်

နောက်လှည့်ကြည့်ကာ

အတွင်းပိုင်းအခန်းထဲကို လှမ်းကြည့်ပြီး

"ရေချိုးနေတာလား။ .ငါလည်း

ရေချိုးရမယ်"

ထိုစကား ပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်သွားသည်။

၁၈၄၄

[အဆုံးမဲ့ဓားကမ္ဘာ (ကံဆိုးခြင်းနယ်မြေ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၄ - ကောင်းကောင်းနေရလို့ ပျင်းနေသလား

အတွင်းပိုင်းအခန်းထဲတွင်....။

အတွင်းခန်းမသည် သဘာဝအတိုင်း စုချင်းရှီ နှင့်
သူ၏ဇနီးသည်များနေထိုင်ရာပင်။
ဓားမဟာမိတ်အဖွဲ့၏
အဖွဲ့ဝင်များအားလုံးကို

ဝင်ရောက်ခြင်းမပြုရန်

တားမြစ်ထားသောကြောင့် မည်သူမျှ

မဝင်ရဲကြပေ။

အတွင်းခန်းတစ်ဝိုက်တွင်လည်း

အစွမ်းထက်အစီအရင်များစွာ

ကာကွယ်ထားလေရာ တစ်စုံတစ်ယောက်

ဝင်လာသည်နှင့်

ချက်ချင်းသိနိုင်လေသည်။

သို့သော်လည်း ထိုအစီအရင်များက

ယန်ယဲ့အတွက်တော့

အလှဆင်ထားသကဲ့သို့ပင်။

နောက်ဆုံးတွင် သူပိုင်ဆိုင်ထားသည့်

အာကာသနိယာမ နှင့် ဓားနယ်မြေက

အစီအရင်များကို

အလွယ်လေးဖြတ်ကျော်သွားနိုင်၏။

အခန်းထဲရှိ မြင်ကွင်းကတော့

အတော်လေးသာယာလှပါသည်။

မြူခိုးများ အုံ့ဆိုင်းနေကာ

အတန်ငယ်ကြီးမားသော

ရေချိုးကန်ထဲမှာ

နတ်သမီးနှစ်ပါးရေချိုးနေသည်ကို

မြင်နိုင်သည်။

ရေပြင်ထဲ နစ်မြုပ်ထားသည့်တိုင်

မိန်းမလှနှစ်ယောက်၏ ဖြူဖွေးနူးညံ့ပြီး

အိစက်နေသော ခန္ဓာကိုယ်ကိုတော့

ဖုံးထားနိုင်စွမ်းမရှိပါ။ ရှင်းလင်းစွာပင်

မြင်နေရ၏။ မြူခိုးများ အုံ့ဆိုင်းနေသော မြင်ကွင်းနှင့်တွဲလျက် ပို၍ပင် ဆွဲဆောင်မှု ဖြစ်စေခဲ့သည်။

သူတို့က တကယ်ရေချိုးနေတာလား....

အမှန်စင်စစ်

ကျင့်ကြံမှုအဆင့်တစ်ခုကိုရောက်နေသူ တိုင်းဟာ ရေချိုးဖို့ရာ မလိုအပ်တော့ပေ။ ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို

သုံး၍ ကိုယ့်ကိုယ်ကို သန့်စင်နိုင်၏။

သို့သော် အမျိုးသမီး အများစု

အတွက်တော့ ရေချိုးခြင်းဟာ

အလေ့အထတစ်ခုပင်။ ထမင်း ၃

နပ်စားလေ့ရှိသောကြောင့်

ထမင်းမစားရဟူ၍ မည်သည့်

ကျင့်ကြံသူက သတ်မှတ်ထားသနည်း။

မည်သူမျှ မပြောကြပေ။

ယန်ယဲ့ သည် သူ၏အတွေးကို ထိန်းကာ
ရှေ့မှမြင်ကွင်းကို
ခဏကြည့်နေလိုက်သည်။

ရေချိုးကန်ထဲတွင်....။

ချင်ရှီယူက စုချင်းရှီ၏ရင်ဘတ်ကို
စိုက်ကြည့်ကာ ပါးစပ်ထောင့်မှ
ဆိုးသွမ်းသော အပြုံးတစ်ခုနှင့်
ပြောလိုက်သည် "ချင်းရှီ၊ အဲဒီနေရာက

ပိုကြီးလာပြီ။ ဒီကောင့်ရဲ့လက်ချက်လား
ငါ့ကိုပြောပါ"

စုချင်းရှီ က အနည်းငယ်
ရှက်ရွံ့သွားသည်။ သူမက ချင်ရှီယူ ကို
ကြည့်လိုက်ပြီး မေးခွန်းကိုတော့
ပြန်မဖြေပါ။ ပြောရလျှင် သူမလိုလူ ၁၀
ယောက်ရှိနေလျှင်ပင် ချင်ရှီယူကို
မယှဉ်နိုင်ပါ။

ချင်ရှီယူ က အလွတ်ပေးလိုပုံမရပေ။ သူမက စုချင်းရှီ ဆီကို လျှောက်လာပြီး "ချင်ရှီ၊ ဒီလူရဲ့ အရည်အချင်းက ဘယ်လိုလဲ"ဟုထပ်မေးလေသည်။

စုချင်းရှီ က ချင်ရှီယူ ကို စိုက်ကြည့်နေသည်။ စကားပြောရန် ပြင်လိုက်စဉ်တော့ အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည် "ဘာလို့ မကြိုးစားတာလဲ"

နှစ်ယောက်လုံး အသံကို

ကြားလိုက်သောအခါ အမူအရာများ

ပြောင်းလဲသွားခဲ့သည်။ ပြောရလျှင်တော့

အတွင်းပိုင်းခန်းမထဲကို

တစ်စုံတစ်ယောက်ဝင်လာနိုင်မည်ဟု

မမျှော်လင့်ထားပုံပါ။ သို့သော်

ခဏအကြာတွင်တော့

သူတို့နှစ်ယောက်လုံး

ကျေနပ်သွားကြသည်။

အကြောင်းမှာ ထိုအသံက ယန်ယဲ့
ဖြစ်နေမှန်း သတိထားမိသောကြောင့်ပင်။

မှန်သည်။ ယန်ယဲ့က
သူတို့နှစ်ယောက်ရှေ့မှာ ပေါ်လာခဲ့သည်။

စုချင်းရှီ က ယန်ယဲ့ကို မြင်သောအခါ
ပြုံးလိုက်သော်လည်း သူမ၏မျက်နှာက
အနည်းငယ် နီမြန်းသွားသည်။ သူမက

ကိုယ်တုံးလုံးနှင့်

အဝတ်အစားများဝတ်ဆင်မထားဘူးမဟုတ်ပါလား။

ထိုအချိန်တွင်

ဝေါ....

ရေထဲသို့ ကျသွားသည့် အသံများ

ထွက်ပေါ်လာပြီး ယန်ယွဲ့၏ပုံရိပ်က

ရေချိုးကန်ထဲကို
ထိုးဆင်းသွားလေသည်။

ထို့နောက် စုချင်းရှီ၏ခါးလေးကို
ဆွဲဖက်ကာ "ငါတို့ လက်ထပ်ထားတာ
ကြာပြီ။ မင်းဘာတွေရှက်နေတာလဲ"

စုချင်းရှီက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်သည်။
မျက်နှာပေါ်တွင် ရှက်ရွံ့မှုအနည်းငယ်

ရှိနေသေးသော်လည်း အဝတ်များကို
ထပ်ဆွဲယူရန် မကြိုးစားတော့ပေ။
ချင်ရှီယူ က ပြုံးပြီး "နင်တို့
နှစ်ယောက်လုံး ပျော်ကြပေါ့။ ငါ
အရင်ထွက်သွားပြီး နှစ်ယောက်စလုံး
စိတ်အနှောင့်အယှက် မဖြစ်ရအောင်။
ပျော်ရွှင်ပါစေ...”

ထိုစကားပြောပြီးနောက် ရေချိုးကန်ထဲမှ
ထွက်ပြေးရန် ပြင်လေသည်။

ထိုအချိန်တွင် ယန်ယဲ့က
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
စုပ်ယူအားတစ်ခုပေါ်လာပြီး ချင်ရှီယူအား
သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

ယန်ယဲ့က သူမကို ငုံ့ကြည့်ပြီး
"ငါဘယ်လောက်ကောင်းလဲ
မင်းမသိချင်ဘူးလား။
အခုချက်ချင်းပြောပါရစေ..."

ဟုပြောပြီးသည်နှင့်

လက်နှစ်ဖက်စလုံးက

သူမ၏ခါးကိုရစ်ပတ်ကာ

ပူးကပ်လိုက်တော့သည်။

"အာ့..." ချင်ရှီယူ က  အံ့အားသင့်သွားပြီး

အမှတ်တမဲ့အော်လိုက်သည်။ သို့သော်

သိပ်မကြာခင်မှာတော့ သာယာနေသော

ငြီးငြူသံများ

ထွက်ပေါ်လာပါတော့သည်။

ယန်ယဲ့ သည် သဘာဝအတိုင်း

သူ၏အလိုဆန္ဒများကို

ထိန်းမထားတော့ပေ။

အိမ်ထောင်ရှိသူတစ်ဦးဟာ

သူ၏အလိုဆန္ဒကို ဖိနှိပ်ထားရမည်လော။

မလိုအပ်ပါ။

ထို့နောက် သူက ချင်ရှီယူအား

မည်မျှကောင်းသည်ကို

သိစေလိုသည့်အလား ၂

နာရီနီးပါးကြာသည်ထိ

လှုပ်ရှားလိုက်သည်။ နှစ်ယောက်စလုံး

အားအင်ကုန်ခန်းပြီး သူမ ထံမှ

ရပ်နားရန်ပြောလာသည့်အခါ မှသာ

ရပ်လိုက်ပါသည်။ မဟုတ်ပါ၊ သူက

လူပြောင်းလိုက်ခြင်းသာ။

ထိုကဲ့သို့ ပျော်စရာကောင်းသော

အခိုက်အတန့်ဟာ ဒုတိယနေ့အထိ

ဆက်ဖြစ်နေခဲ့သည်။

အိပ်ယာပေါ်တွင်...။စုချင်းရှီ နှင့် ချင်ရှီယူ

တို့နှစ်ယောက်စလုံး

ယန်ယဲ့၏ရင်ခွင်ထဲမှာ ရှိနေကြသည်။

ဤအချိန်မှာ ယန်ယဲ့က

သူထွက်သွားပြီးနောက် ကြုံတွေ့ခဲ့သော

အဖြစ်အပျက်များကို

တချို့တစ်ဝက်ပြောပြနေခဲ့သည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့က

အရာအားလုံးကို ပြောပြခဲ့သည်။

ချင်ရှီယူ က ရုတ်တရက် ပြောခဲ့သည်

“အောက်ဘုံက

ဒီလောက်ကြီးကျယ်မယ်လို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

နင်က  မကြာခင်မှာ အထက်ကမ္ဘာကို

သွားတော့မှာလား”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

"မင်းတို့အားလုံးကို

ကောင်းကင်တိမ်ကြယ်တာယာဆီ

ခေါ်သွားမလို့ ဒီကိုပြန်လာခဲ့တာ။

မင်းတို့တွေ အဲ့ဒီမှာ ရှိနေရင် ငါ

အေးအေးဆေးဆေး အနားယူနိုင်မှာပါ"

ဓားမဟာမိတ်အဖွဲ့ သည်

အမှောင်ငရဲတိုက်ကြီး၏အုပ်စိုးသူ
ဖြစ်နေသည့်တိုင် အခြားသော
ကြယ်ပွင့်ဒေသများမှ
လာရောက်တိုက်ခိုက်မည်ကို
အလိုလိုစိုးရိမ်နေခဲ့သည်။

အမှောင်ငရဲတိုက်ကြီး၏
လက်ရှိအခြေအနေက
နတ်ဘုရားအဆင့်ကျင့်ကြံသူများကို
မခုခံနိုင်ပါ။

စုချင်းရှီ က ခဏကြာ နှုတ်ဆိတ်နေခဲ့၏။
ထို့နောက် ခေါင်းယမ်းကာ
"မဟုတ်ဘူး"ဟု ပြောလေသည်။

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

"လူမိုက်ပဲ" ထိုအချိန်တွင် ချင်ရှီယူက
ရုတ်တရက် မျက်လုံးပြူးကြည့်ကာ
"ကောင်းကင်တိမ်ကြယ်တာယာက

ဘာလဲ။ အဲဒီအမျိုးသမီးကျွမ်းဝေယန်

ရဲ့နယ်မြေလေ။ ဒါပေမဲ့ ငါတို့က

နင့်အတွက်ပဲ။ နင် ငါတို့ကို အဲဒီကို

ခေါ်သွားတယ်ဆိုရင်

သူဘာမှမပြောရင်တောင် သူ့မိသားစုက

ဘယ်လိုထင်မလဲ။ နောက်ဆုံးတော့

ကောင်းကင်တိမ်ကြယ်တာယာက

နင်နဲ့မဆိုင်ဘူးလေ။ သူ့မိသားစုက

ပိုင်တယ်"ဟု ပြောခဲ့သည်။

ယန်ယွဲ့ က ထိုအချက်ကို

တစ်ခါမှမစဉ်းစားဖူးသောကြောင့်

မျက်မှောင်ကြုတ်သွားသည်။

တစ်ချိန်တည်းတွင် စုချင်းရှီ က

ပြောပါသည် "ငါတို့

ဒီမှာတော်တော်အဆင်ပြေပါတယ်"

ယန်ယွဲ့က  ခဏလောက်စဉ်းစားပြီး

“ကောင်းပြီ” အမှောင်ငရဲတိုက်ကြီးဟာ

နတ်ဘုရားအဆင့်ကျင့်ကြံသူ

မရှိသေးသည့်တိုင် နောက်ကွယ်တွင်

ကောင်းကင်တိမ်ကြယ်တာယာ ရှိနေ၏။

ထို့အပြင် သူက ဘလက်ကီညီနောင်၊

နွားပေါက်ကလေး နှင့်

ရှေးဟောင်းစပါးအုံးကို

အမှောင်ငရဲတိုက်ကြီး၏

အစောင့်အကြပ်များအဖြစ် ထားခဲ့ရန်

စီစဉ်ခဲ့သည်။ ထိုနတ်ဆိုး ၄

ကောင်ရှိပြီးနောက် ကြယ်

လေးပွင့်အဆင့်ကြယ်ဒေသကသာ

တိုက်ခိုက်မလာပါက သူ၏ဇနီးသည်များ

အန္တရာယ်ကင်းနေပါလိမ့်မည်။

ထိုအချိန်တွင် ချင်ရှီယူက ရုတ်တရက်

မေးသည် "နင် ဘယ်တော့

အထက်ကမ္ဘာက ပြန်လာမှာလဲ"

စုချင်းရှီ ကလည်း အဖြေကို
သိချင်သောကြောင့် ယန်ယွဲ့အား
စူးစူးစိုက်စိုက်ကြည့်နေသည်။

ယန်ယွဲ့ က ခဏကြာ နှုတ်ဆိတ်နေပြီးမှ
"ဇီအာ နဲ့ နှင်းပွင့်လေးကို နဲ့ တွေ့ပြီးတာနဲ့
မင်းတို့အားလုံးကို ပြန်လာခေါ်မယ်"
ဟုပြောလိုက်သည်။

"ဇီအာ လား..."

စုချင်းရှီ နှင့် ချင်ရှီယူ တို့နှစ်ယောက်လုံး ဇီအာ ကို ကောင်းကောင်းသိကြသည်။

တစ်စုံတစ်ယောက်ကို ယန်ယွဲ့၏အရေးကြီးဆုံးသူအဖြစ် သတ်မှတ်ပေးဖို့တောင်းဆိုလျှင် ဇီအာက ပထမဆုံးဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သိနေခဲ့သည်။ အကြောင်းမှာ ဇီအာ က သူတို့နှင့်

မတူပေ။ ယန်ယဲ့ နှင့်အတူ
ကြီးပြင်းလာခဲ့ပြီး အခက်အခဲများ၊
ဆင်းရဲဒုက္ခများစွာကို
ရင်ဆိုင်ဖြတ်ကျော်ခဲ့ကြသည်။

ထိုသို့သော စိတ်ခံစားမှုများက
အပြင်းထန်ဆုံးပါ။

ထို့ကြောင့် အထက်ကမ္ဘာ က မည်မျှပင်
အန္တရာယ်များနေသည့်တိုင် ယန်ယဲ့ဟာ

သေချာပေါက်သွားမည့်မှန်း

သိသာပါသည်။

စုချင်းရှီက ယန်ယဲ့၏ရင်ဘတ်ကို

ခေါင်းနှင့်ပွတ်သပ်ပြီး

"ဘယ်ကိုသွားနေပါစေ နင့်ရဲ့ ဇနီးမယားနဲ့

သမီးက နင့်ကို ဒီမှာ

အမြဲစောင့်နေတယ်ဆိုတာ သတိရပါ"ဟု

တိုးညှင်းစွာပြောပါသည်။

ယန်ယဲ့ သည် သူ၏နှလုံးသားက

နွေးထွေးသွားသလို ခံစားလိုက်ရသည်။

သူက စုချင်းရှီ၏လက်ကလေးကို

ဆုပ်ကိုင်လိုက်ပြီးစကားပြောရန်ပြင်သည်

။ သို့သော် ချင်ရှီယူ က သူ့အား

စိုက်ကြည့်နေမှန်းသတိထားမိလိုက်သည်

။ သူမက "နှစ်ချက်မှာစရာရှိတယ်။

ပထမဆုံးအနေနဲ့ နင် အထက်ကမ္ဘာကို

ရောက်သွားတာနဲ့ နင့်ရဲ့အဖော်တွေကို

ချက်ချင်းရှာပါ။ မျိုးစေ့ကို

ဝက်တစ်ကောင်လို မဖြန့်လိုက်နဲ့

မဟုတ်ရင် ငါဖြတ်ပစ်မယ်။

ဒုတိယအနေနဲ့ နင်ပြန်မလာဘူးဆိုရင်

နေ့တိုင်း

ဦးထုပ်စိမ်းဆောင်းပေးမယ်"ဟုပြောလေ

သည်။

ယန်ယဲ့ က ချက်ချင်းခုန်ထလာပြီး

ချင်ရှီယူ၏ကိုယ်ပေါ်ဖိချလိုက်သည်

"နောက်ထပ် အကြိမ် ၃၀၀
လောက်သွားရအောင်"

...

၄ နာရီခန့်အကြာတွင်တော့ အပြင်ဖက်မှ
အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည် "အစ်ကိုကြီး၊ နင်
သူတို့ကို နောက်ထပ်
ဘယ်လောက်ကြာကြာ နှိပ်စက်မှာလဲ"

ယန်ယဲ့ က အနည်းငယ်

အံ့အားသင့်သွား၏။ ထို့နောက်တွင်

သူ့မျက်နှာက သိသိသာသာ

ပျော့်ရွှင်သွားသည်။ သူက ချက်ချင်းပင်

အခန်းထဲက

ထွက်လာသည်။အခန်းအပြင်ဖက်၌

အသက် ၁၇ နှစ် ၁၈ နှစ်အရွယ် မိန်းမငယ်

လေးတစ်ယောက် ရှိနေသည်။

သူမ၏မျက်နှာက လှပသွယ်လျပြီး ယန်ယဲ့နှင့် မျက်နှာပေါက်ဆင်သည်။ မှန်သည်။ အခြားသူမဟုတ်ပါ၊ သူ၏အချစ်ဆုံးညီမလေးဖြစ်သူ ယန်ယောင်အာ ပင်။

ယန်ယောင်အာ က ပြုံးလိုက်ပြီး "အစ်ကိုကြီး၊ မတွေ့တာကြာပြီ" ဟု ခပ်တိုးတိုးပြောလေသည်။ သူမ

ပြုံးနေသော်လည်း သူမ၏

မျက်လုံးထောင့်များမှ ကြည်လင်သော

မျက်ရည်စီးကြောင်းနှစ်ခု

စီးကျလာသည်။

ယန်ယဲ့ က

ညီမဖြစ်သူ၏ခေါင်းကိုပွတ်သပ်ကာ

"ယောင်အာ၊ မင်း ကြီးလာပြီ"ဟု

ပြောပါသည်။သူမက ရှေ့သို့

ခြေတစ်လှမ်းတိုးကာ ပွေ့ဖက်လိုက်ပြီး "အစ်ကိုကြီး၊ ငါနင့်ကို အရမ်းလွမ်းတယ်"

ယန်ယဲ့က ပြုံးပြီး "မငိုပါနဲ့၊ မင်းအသက်ကြီးနေပြီ။ တခြားသူတွေက မင်းကိုတွေ့ရင် ရယ်လိမ့်မယ်”

သို့သော်လည်း ယန်ယောင်အာ က ပို၍ပင် ငိုပါတော့သည်။

သူမအတွက်တော့ ယန်ယဲ့သာလျှင်

ဤလောကရှိ တစ်ဦးတည်းသော

အချစ်ရဆုံးသူပါ။ စုချင်းရှီ နှင့်

အခြားသူများ ရှိနေသည့်တိုင် ယန်ယဲ့

နှင့်တော့မတူပါ။

......

ယန်ယဲ့ သည်

နောက်ရက်အနည်းငယ်အတွင်း

ကျင့်ကြံမနေတော့ပေ။ သူက စုချင်းရှီ၊ ယန်နင်ယွဲ့ နှင့် အခြားသူများနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။

ဤအတောအတွင်း ဓားမဟာမိတ်အဖွဲ့၏ မည်သူမျှ ရောက်မလာကြပေ။ ယန်ယဲ့ ပြန်ရောက်လာသည်ကို မည်သူမျှမသိသောကြောင့်ပါ။

ဤအချိန်မှာ အမှောင်ငရဲတိုက်ကြီး ဟာ

ယွမ်ပိုင်ချင်း နှင့် ယုဂူ ရွှမ် တို့၏

စီမံခန့်ခွဲမှုဖြင့် ကောင်းမွန်စွာ

လည်ပတ်နေခဲ့လေပြီ။ သူ့အနေဖြင့်

မည်သည့်အရာမှ

ဝင်လုပ်စရာပင်မလိုတော့ပါ။ ထို့ကြောင့်

ယန်ယဲ့ သည် စုချင်းရှီ နှင့် အခြားသူများ

နှင့်အတူ

ပျော်ရွှင်စွာလည်ပတ်နေခဲ့သည်။

နောက် ၂ ရက်အကြာ။

ယန်ယဲ့ သည် ဘလက်ကီညီနောင်၊ နွားပေါက်ကလေး၊ လင်းယုန်နတ်ဆိုး နှင့် ရှေးဟောင်းစပါးအုံး တို့အား သူ မထွက်ခွာခင် ဓားမဟာမိတ်ခန်းမ၏ အစောင့်အကြပ်ထားခဲ့သည်။

အမှောင်ငရဲတိုက်ကြီးမှ ထွက်လာသည့်နောက်တွင်

ကောင်းကင်တိမ်ကြယ်တာယာ ကို

ပြန်မသွားတော့ပေ။ သူက

ကြယ်တာယာမြို့တော်ကိုသာ

ပြန်လာပြီးနောက် ပိုင်းနယ်မြေသို့

ပို့ဆောင်သည့် ပေါ်တယ်စနစ်ထဲကို

ချက်ချင်း ဝင်လိုက်၏။

လက်ရှိတွင် ယန်ယဲ့

သွားနေသည့်နေရာက

စစ်မှန်သောသိုင်းပညာကမ္ဘာ၏

နတ်ဘုရားကုန်းမြေတိုက်ကြီး သို့ပင်။

ထိုနေရာတွင် သူ၏လက်တွဲဖော်ဖြစ်သည့်

အန်နန်ကျင်း ရှိနေသည်မဟုတ်ပါလား။

သဘာဝအတိုင်း သူမကို

မေ့မထားခဲ့ပါ။ယခင်က

အချိန်မလောက်သောကြောင့်သာ။ သူ့မှာ

အချိန်မရှိပေမယ့် အခုလုပ်တယ်။

ထို့ကြောင့် အထက်ကမ္ဘာကို မတက်ခင်

အန်နန်ကျင်း အား

သွားတွေ့ရန်ဆုံးဖြတ်ခဲ့သည်။

အနောက်ပိုင်းနယ်မြေသည်

ကြယ်တာယာမြို့တော်နှင့်

အလွှန်ဝေးကွာသည်။ ပေါ်တယ်စနစ် ကို

အသုံးပြုထားသည့်တိုင် ယန်ယဲ့ ဟာ

အချိန် ၃ ရက်ကြာမှ

အနောက်ပိုင်းနယ်မြေကို

ရောက်လာခဲ့သည်။

စစ်မှန်သောသိုင်းပညာကမ္ဘာ၊

နတ်ဘုရားကုန်းမြေတိုက်ကြီး ။

ယွဲ့လင်းယွှန်

စုဆောင်းထားသောအချက်အလက်များ

အရ အနောက်ပိုင်းနယ်မြေသည်

အောက်ဘုံ၏ နယ်မြေ ၄ ခုအနက်

အားအကောင်းဆုံးပင်။အကြောင်းမှာ

အနောက်ပိုင်းနယ်မြေဟာ

ကြယ်လေးပွင့်အဆင့်ကြယ်ဒေသများစွာ

ရှိနေသောကြောင့်ပါ။ ထို့အပြင်

ကောင်းကင်နဂါးအဆင့်၏ အဆင့် ၁ နှင့်

၂ ဟာ အနောက်ပိုင်းနယ်မြေမှ

လူငယ်မျိုးဆက်များပင်။

တစ်နည်းအားဖြင့်

အနောက်ပိုင်းနယ်မြေသည် အောက်ဘုံ၏

အင်အားအကောင်းဆုံးနှင့်

အနန္တရာယ်အရှိဆုံးဟု ယူဆနိုင်ပါသည်။

......

ယန်ယဲ့ သည်

နတ်ဘုရားကုန်းမြေတိုက်ကြီး သို့

ခြေချလိုက်သည်နှင့် တပြိုင်နက်

သူ့ရှေ့တွင် လူငယ်တစ်ယောက်

ပေါ်လာသည်။

"မင်းနာမည်ပြောပါ" လူငယ်က ယန်ယဲ့အား  စူးစိုက်ကြည့်နေစဉ် သူ၏ အရှိန်အဝါကို ထုတ်လွှတ်ထားသည်။

ယန်ယဲ့ သည် ထိုလူငယ်ကို ငုံ့ကြည့်လိုက်ပြီး သူ့မျက်လုံးထဲ၌ အံ့အားသင့်မှုအရိပ်အယောင်များ ထွက်ပေါ်လာသည်။ အကြောင်းမှာ ထိုလူငယ်က နတ်ဘုရားတစ်ပိုင်းအဆင့် ဖြစ်သောကြောင့်ပင်။  ထို့အပြင်

ထိုလူငယ်၏ အော်ရာက

သိပ်သည်းလှသည်။ သာမန်

နတ်ဘုရားတစ်ပိုင်းအဆင့် ထက်

အဆပေါင်းများစွာ သာလွန်သည်။

ယန်ယဲ့ က လက်သီးဆုပ်ပြီး “ငါက

ယန်ယဲ့ ပါ။ သိုင်းနတ်ဘုရားဂိုဏ်းရဲ့

ဂိုဏ်းသခင်နဲ့ တွေ့ဖို့ ဒီမှာ ရောက်နေတာ။

ကျေးဇူးပြု..."

လူငယ်က ယန်ယွဲ့ကို ရုတ်တရက်
စကားဖြတ်မေးလေသည် "မင်းက
ယန်ယွဲ့ လား"

"ကြည့်ရတာ
ငါတကယ်နာမည်ကြီးနေပုံပဲ"

ယန်ယွဲ့က ခေါင်းညိတ်ပြီး ပြုံးလိုက်သည်
"ငါပါ"

ထိုအချိန်တွင် လူငယ်လေး၏

ပါးစပ်ထောင့်မှ ပြင်းထန်သော

အပြုံးတစ်ခု ပေါ်လာလေသည် “မင်း

ငါတို့ သိုင်းနတ်ဘုရားဂိုဏ်းဆီ

လာဝံ့သလား။ မင်းအသက်ရှင်ဖို့ ငြီး

ငွေ့နေတာဖြစ်ရမယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ကို

လက်သီးဖြင့် ထိုးလိုက်သည်။

ယန်ယဲ့ သည် နေရာတွင်ပင်

အိပ်အားသင့်သွားသည်။

၁၈၄၅

[အဆုံးမဲ့ဓားကမ္ဘာ (ကံဆိုးခြင်းနယ်မြေ)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၅ - တကယ်တော့ ငါဟာ

ထူးခြားတဲ့ပါရမီရှင်တစ်ယောက်ပါ

ယန်ယဲ့ သည် အိပ်ခြသွားမိသည်။

ထိုလူငယ်က သူ့ကို တိုက်ခိုက်ရန် မမျှော်လင့်ထားပေ။ ထို့အပြင် လူငယ်၏အမူအရာကိုကြည့်၍ သူတို့နှစ်ယောက်ဟာ ရန်ငြိုးများရှိနေသယောင်ထင်ရလေသ ည်။

"သောက်ကျိုးနည်း။ ငါက
စစ်မှန်သောသိုင်းပညာကမ္ဘာ ကို
တစ်ခါမှမရောက်ဖူးဘူးလေ"

ထို့အပြင် လူငယ်က သူ၏နာမည်ကို
သိနေသည့်တိုင်
တရကြမ်းတိုက်ခိုက်ဝံ့လေသည်။
သူ့ကိုယ်သူ
အထင်ကြီးသောခံစားချက်မဟုတ်သော်
လည်း လက်ရှိသူ့ခွန်အားက

အောက်ဘုံတစ်ခုလုံး နှင့်ယှဉ်ပါက

သူ့အား တိုက်ခိုက်ဝံ့သူမရှိသလောက်ပါ။

သို့သော် လူငယ်ကတော့ စကားမပြောဘဲ

တိုက်ခိုက်ဝံ့၏။

ယန်ယဲ့ သည် အတော်လေး

အံ့သြသွားသည် ။

ထိုအချိန်တွင် လူငယ်၏
လက်သီးချက်က သူ့ရှေ့သို့
ရောက်လာသည်။

ယန်ယွဲ့ သည် သူ၏ညာဖက်လက်သီးကို
ဆုပ်ထားပြီး ရှေ့လှမ်းထိုးလိုက်သည်။

ဘုန်း...

အာကာသပြင်က

ပြင်းထန်စွာတုန်လှုပ်သွားပြီး လူငယ်ဟာ

၃ ကီလိုမီတာအထိ လွင့်ထွက်သွားသည်။

လူငယ်က သူ့ကိုယ်သူ ထိန်းလိုက်ပြီး

ထုံကျင်နေသော လက်မောင်းကို

ငုံ့ကြည့်ပြီး အံ့အားသင့်သွားသည်။ သူက

ယန်ယွဲ့ကို မော့ကြည့်လိုက်ပြီး

"စီနီယာအစ်မအန်း

ရဲ့အနာဂတ်လက်တွဲဖော်က

မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ ဒါပေမဲ့

ငါစောစောက သတိလက်လွတ်ဖြစ်ပြီး

မင်းကို အလေးအနက်မထားဘူး။

ဒါကြောင့် ဒီလိုရှုံးနိမ့်သွားတာပဲ အခု

မင်းမှာ ဒီလို အခွင့်အရေးမျိုး ရှိတော့မှာ

မဟုတ်ဘူး”ဟူ၍ ပြောလေသည်။

ထိုစကားပြောပြီးနောက်

သူ၏ဘယ်ဖက်လက်ဝါးကို လှန်ပြီး

နောက်ကိုအနည်းငယ်ပြန်ဆွဲယူကာ

ရှေ့ကိုဆတ်ခနဲတွန်းထုတ်လိုက်သည်။

ထို့နောက် ပတ်ပတ်လည်ရှိ

အာကာသပြင်အနှံ့က

ပြင်းထန်စွာတုန်လှုပ်သွားပြီးနောက်

စွမ်းအင်လက်ဝါးကြီးတစ်ဖက်

ထွက်ပေါ်လာသည်။ အာကာသပြင်က

စွမ်းအင်လက်ဝါးမှ ဖိအားကို

ခံနိုင်ရည်မရှိတော့သယောင်ပါ။

လူငယ်က

ဒေါသတကြီးအော်လိုက်ပြီးနောက်
စွမ်းအင်လက်ဝါး က ယန်ယဲ့အပေါ်
ကျဆင်းသွားသည်။

စွမ်းအင်လက်ဝါးက ယန်ယဲ့အပေါ်ဖက် ၃
မီတာအကွာသို့ ရောက်လာသည်နှင့်
ရာချီသော စွမ်းအင်လက်ဝါးများအဖြစ်
ခွဲထွက်ကာ ယန်ယဲ့အား
ဖုံးအုပ်ထားလေသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ

လူငယ်လေး၏ ပါးစပ်ထောင့်မှ

အပြုံးတစ်ခု ပေါ်လာသည်။ သူက

လှောင်ပြောင်ရန်ပြင်လိုက်သော်လည်း

စွမ်းအင်လက်ဝါးများ ရုတ်တရက်

ကွဲအက်သွားကြောင်း

မြင်လိုက်ရတော့သည်။ ထို့နောက်တွင်

ယန်ယဲ့က လူငယ်၏ရှေ့၌

ဖျတ်ခနဲပေါ်လာပါသည်။

လူငယ်က ထိတ်လန့်သွားပြီး
သူ၏လက်သီးကို ရှေ့သို့ အလိုလို
ထိုးလိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ရှေ့တိုးလာပြီး လက်သီးဖြင့်
ပြန်ထိုးလိုက်သည်။

အုန်း....

လူငယ်က ၃ ကီလိုမီတာအကွာသို့
ထပ်မံလွင့်ထွက်သွားခဲ့သည်။
ဤတစ်ကြိမ်တော့ ယန်ယဲ့က
အနည်းငယ်အားထည့်ထားလေရာ
လူငယ်၏လက်တစ်ဖက်လုံး
လိမ်ကောက်သွားလေသည်။

လူငယ်က မျက်နှာပေါ်တွင်
တုန်လှုပ်ခြောက်ခြားမှုများ အပြည့်နှင့်

ယန်ယွဲ့အား စူးစိုက်ကြည့်ကာ "မင်း...
မင်းက အရမ်းသန်မာတာပဲ..."

ယန်ယွဲ့က "ငါက သန်မာတယ်ဆိုတာ
မင်းမသိဘူးလား"ဟုမေးရင်း
အံ့အားသင့်သွားလေသည်။

လူငယ်က ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "အရင်တုန်းက

မသိခဲ့ပေမဲ့ အခုသိတယ်"

ဟုပြောလိုက်လေသည်။

"ဒါကို မင်းအရင်က မသိဘူးလား"

ယန်ယဲ့၏မျက်လုံးများက

အနည်းငယ်ပြူးကျယ်သွားသည်

"ငါ့အကြောင်း မင်းမကြားဘူးလား"

"ငါ့မှာရှိတယ်" ထိုလူငယ်က

ဆက်ပြောသည် “စီနီယာအစ်မအန်း

ပြောထားတဲ့စကားအရဆိုရင် မင်းဟာ

သူမရဲ့ စေ့စပ်ထားသူပါ...”

သူမရဲ့ စေ့စပ်ထားသူလား...

ယန်ယဲ့က အံ့အားသင့်သွားပြီး

"သူမပြောတာလား"

လူငယ်က ခေါင်းညိတ်သည်။

လူငယ်နှင့်

စကားအတော်ကြာပြောပြီးနောက်

ယန်ယဲ့ သည်

အကြောင်းအရင်းကိုနားလည်လိုက်၏။

အန်နန်ကျင်း က သိုင်းနတ်ဘုရားဂိုဏ်း၏

နံပါတ်တစ်ပါရမီရှင် ဖြစ်လေရာ

လူအများအပြားက

သဘောကျနှစ်သက်ခဲ့သည်။

အန်နန်ကျင်း၏ သဘာဝအရ ၎င်းတို့အား

စိတ်မဝင်စားသော်လည်း

ဂိုဏ်းတူပညာသင်ဖက်များ

ဖြစ်နေလေရာ ရိုက်နှက်၍မတားနိုင်ပေ။

အဆုံးတွင် သူမက ယန်ယဲ့အား

အကာအကွယ်အနေဖြင့် အသုံးပြုခဲ့၏။

ထိုနည်းအားဖြင့် သိုင်းနတ်ဘုရားဂိုဏ်း၏

အမျိုးသားများက အန်နန်ကျင်း ကို

လိုက်လံနှောင့်ယှက်တော့မည်မဟုတ်ပါ။

ခြင်းချက်အနေနှင့် ယန်ယဲ့ ကတော့

ဝိုင်းသမခံရပေမည်။

ထိုအချိန်တွင် လူငယ်က “လာ။ ငါ မင်းကို

ဂိုဏ်းချုပ်ဆီ ခေါ်သွားပေးမယ်”

ယန်ယဲ့ က "မင်းငါ့ကို

မသတ်တော့ဘူးလား"

လူငယ်က အကူအညီမဲ့စွာ ရယ်မောရင်း

“စီနီယာအစ်မအန်းကို

ရအောင်ယူရမယ်လို့ ငါတွေးနေတာ။

အချက်အလက်တွေက မင်းမှာ

အခွင့်အရေးရှိတယ်ဆိုတာ

သက်သေပြတယ်” သူသည်

ယန်ယဲ့၏အစစ်အမှန်ခွန်အားကို

မသိသေးသည့်တိုင် သူလိုလူ ၁၀

ယောက်ပင်လျှင်မယှဉ်နိုင်မှန်းခံစားမိသ

ည်။ အကယ်၍ ယန်ယဲ့ကိုသာ ဆက်ပြီးပြဿနာရှာနေပါက ကိုယ့်သေတွင်းကို တူးသလိုသာဖြစ်သွားရပေမည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး "လာ၊ မင်းရဲ့ဂိုဏ်းသခင်ဆီ ခေါ်သွားပေး"

လူငယ်က ခေါင်းညိတ်လိုက်သည်။ ထိုကဲ့သို့ပင် ယန်ယဲ့ သည်

လူငယ်နှင့်အတူ
မြင့်မြတ်သောနတ်ဘုရားမြို့တော်သို့
ရောက်ရှိလာခဲ့သည်။

မြင့်မြတ်သောနတ်ဘုရားမြို့တော် ယ

မြို့ထဲသို့ဝင်ခါနီးတွင် လူငယ်က “မင်း…
သတိထားသင့်တယ်” ဟု
ပြောလိုက်သည်။ယန်ယွဲ့က သူ့ကို

ကြည့်ပြီး "ဘာလို့လဲ။ မြို့ထဲမှာ
အန္တရာယ်ရှိလား"ဟု မေးခဲ့သည်။

လူငယ်က ရှက်ကိုးရှက်ကန်းနှင့် ပြုံးပြီး
“ဖြစ်နိုင်တယ်”

ယန်ယွဲ့ က တစ်ခုခုကို တွေးနေပုံရပြီး
“တကယ်ပါပဲ”ဟူ၍
ခေါင်းညိတ်လိုက်သည်။

အချိန်တော်တော်ကြာပြီးနောက်
သူတို့နှစ်ယောက်ဟာ
မြင့်မြတ်သောနတ်ဘုရားခန်းမ
သို့ရောက်လာကြသည်။ လူငယ်က
ယန်ယွဲ့ ရောက်ရှိလာကြောင်း
သတင်းပို့ရန် ဝင်လာခဲ့သည်။

ဤနေရာမှလူများက ယန်ယွဲ့၏
အဆင့်အတန်း နှင့် ခွန်အားကို မသိပေ။

ထို့ကြောင့် မည်သူမျှ ယန်ယဲ့ အား

အထူးတလည်ဂရုစိုက်မနေပါ။

သို့သော် ယန်ယဲ့က

ခေါင်းသာခါယမ်းလိုက်ပြီး

လှူငယ်ကိုစောင့်နေလိုက်သည်။

၁၅ မိနစ်လောက်အကြာတွင်

ခန်းမထဲကနေ လှူငယ်တစ်စု ရုတ်တရက်

ထွက်လာသည်ကို

သတိထားမိလိုက်သည်။ အားလုံးပေါင်း

လူ ၁၀၀ ကျော်ရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် အခြား

လူငယ်အများအပြားဟာ ပတ်ဝန်းကျင်မှ

ယန်ယွဲ့ ရှိရာသို့

အလောတကြီးပြေးလွှားလာကြသည်။

ခဏအကြာတွင်တော့ ခန်းမဆီသို့

လူပေါင်း ၁၀၀၀ ကျော်

ရောက်ရှိလာသည်။ ထိုမျှနှင့် မကသေးဘဲ ပို၍ပင်များလာခဲ့သည်။

"အဲ့လူက ယန်ယဲ့ ဆိုတာလား။ သူက ဒီလောက်ကြီးပုံမပေါ်ဘူး။ သူက ငါ့လောက်မချောဘူး။ ဒါနဲ့ စီနီယာအစ်မအန်း က ဘာလို့ အဲဒီလူကို ကြိုက်တာလဲ"

“အတိအကျပဲ။ သောက်ကျိုးနည်း၊
ဒီလူက အမှိုက်ပုံမှာကပ်နေတဲ့
ပန်းတစ်ပွင့်နဲ့တူတယ်”

“သူ့ရဲ့ ခွန်အားကို ကောင်းကောင်း
ဖုံးကွယ်ထားတာလို့ ငါထင်ပါတယ်။
တကယ်တော့ စီနီယာအစ်မအန်း က
သူ့ကိုယ်သူ ဂုဏ်ယူတယ်လေ။ သူမက
သူ့ကို သဘောကျရင် ဘယ်လိုလုပ်ပြီး
အမှိုက်တစ်ခု ဖြစ်နိုင်မှာလဲ"

"သူဟာသူ အမှိုက်ဖြစ်ဖြစ် ခဏာနေရင်
ငါတို့သိလိမ့်မယ်"

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ သူက
လူတိုင်းပြောနေသည်ကို သဘာဝအတိုင်း
ကြားနေရတယ်။ အကြောင်းမှာ
လူငယ်အုပ်စုက ဂရုစိုက်ပုံမပေါ်သော

ကြောင့်ပါ။ သို့မဟုတ်

ရည်ရွယ်ချက်ရှိရှိနှင့် ပြောနေကြခြင်းပါ။

ယန်ယဲ့ သည် စိတ်ထဲ၌

အတော်လေးအံ့သြသွားမိသည်။

အန်နန်ကျင်း က သိုင်းနတ်ဘုရားဂိုဏ်း၏

နာမည်ကျော်ဖြစ်နေသောကြောင့် ပို၍ပင်

အံ့သြသွားရသည်။

အမှန်တော့ အန်နန်ကျင်းက

အလွန်လှပသော

အမျိုးသမီးတစ်ဦးမဟုတ်ပါ။

သို့သော်လည်း ထူးခြားသော

အရှိန်အဝါကို ပိုင်ဆိုင်ထားသည်။

ထိုအရှိန်အဝါက

အလွန်ဆွဲဆောင်မှုရှိစေသည်။

ထို့အပြင် သူမက ပိုသန်မာလာအောင်

ကြိုးစားခဲ့၏။

ဆန်းကြယ်တိုက်ကြီးမှာ

ရှိနေစဉ်ကတည်းက အန်နန်ကျင်းဟာ

သူ့အား အမှီလိုက်နိုင်သည့်

တစ်ဦးတည်းသောလူပါ။ထို့အပြင်

သူ့ထက်တောင် ကျော်သွားနိုင်၏။

ငရဲကေရီ ကဲ့သို့ ထူးခြားလှသော

လူများကိုတော့

ထည့်သွင်းစဉ်းစား၍မရပါ။

အကြောင်းမှာ ငရဲကေရီ အပါအဝင်

ငရဲခန်းမဟာ လူပြန်ဝင်စားပြီးနောက်

အဆင်သင့်ကျင့်ကြံရသောကြောင့်ပင်။

အန်နန်ကျင်း ကတော့

ပြန်လည်ဝင်စားခြင်း သို့မဟုတ်

ပြန်လည်မွေးဖွားလာသူမဟုတ်ပေ။

အန်နန်ကျင်း က ဘဝတစ်လျှောက်လုံး

သူ့ကိုယ်သူသာ အားကိုးပြီး

ကျင့်ကြံခဲ့လေသည်။ သူမ၏

ပင်ကိုယ်စွမ်းရည်များအပြင်

လက်ရှိအောင်မြင်မှုတိုင်းဟာ

ကြိုးစားအားထုတ်ခြင်းမရှိဘဲ

ရလာသောအရာများမဟုတ်ပါ။

အမှန်တိုင်းဆိုရလျှင်

ယန်ယွဲ၏အမြင်အရ ကြိုးစားမှုသည်သာ

သဘာဝစွမ်းရည်ထက်

ပိုအရေးကြီးပါသည်။

တစ်စုံတစ်ယောက်က နိမ့်ကျသော

သဘာဝအရည်အချင်းသာ

ပိုင်ဆိုင်ထားသည့်တိုင်

ကြိုးစားပါက ထိုလူဟာ အနာဂတ်၌

အောင်မြင်လာပေမည်။

ပင်ကိုယ်စွမ်းရည်ကောင်းသူများဟာ

အလုပ်မကြိုးစားခဲ့လျှင်

အကောင်းဆုံးသော

သဘာဝစွမ်းရည်ကိုပင် အလဟသ

ဆုံးရှုံးရပေလိမ့်မည်။ သို့သော်လည်း

လူတစ်ယောက်ဟာ

ပင်ကိုယ်စွမ်းရည်ကောင်းသည့်အပြင်

အလုပ်ပါကြိုးစားပါက ၎င်းဟာ

လုံးဝကိုကြောက်စရာကောင်းပေမည်။

လက်ရှိအန်နန်ကျင်းဟာ

ထိုကဲ့သို့လူတစ်ယောက်ပါ။

ထိုအချိန်တွင် ခန်းမအတွင်းပိုင်းမှ

ထွက်လာသည့် လူငယ်အုပ်စု၏ရှေ့ဆုံးမှ

ပိတ်ချောဝတ်ရုံနှင့်လူငယ်က "မင်းက ယန်ယဲ့ လား" ဟု မေးသည်။

ယန်ယဲ့ က ထိုလူငယ်ကို စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး "ငါပဲ"

ပိတ်ချောဝတ်ရုံနှင့်လူငယ်က ယန်ယဲ့ ဆီသို့ လျှောက်လာပြီး သူ့ကို မျက်လုံးများဖြင့် ကြည့်ကာ “ငါ ရှင်းရှင်းပဲပြောချင်တယ်။

ဂျူနီယာညီမအန်း က ထူးထူးခြားခြား ပါရမီရှင်တစ်ယောက်ပါ။ မင်းဟာ သူမနဲ့ လုံးဝ မထိုက်တန်ဘူး။ ဒါဆို သူမနဲ့ဝေးဝေးနေပါ။ နားလည်လား"ဟု ထပ်ပြောခဲ့သည်။

ယန်ယဲ့ က သူ့နှာခေါင်းကို ပွတ်သပ်လိုက်ပြီး "တကယ်တော့ ငါလည်း ထူးထူးခြားခြား ပါရမီရှင်တစ်ယောက်ပါ"

"မင်း လား" ထိုလူငယ်က ယန်ယွဲ့ ကို ဝေ့ဝဲကြည့်ပြီး "မတွေ့မိဘူး"

ယန်ယွဲ့ သည် ထိုလူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါဆို ဘာလို့ မစမ်းကြည့်တာလဲ"

ကျယ်လောင်လှသော ဆူညံသံများက
ပတ်ဝန်းကျင်တစ်ခုလုံး
ချက်ချင်းပွဲတင်ထပ်လာသည်။

ရှင်းနေသည်မှာ၊ ယန်ယဲ့ သည်
သိုင်းနတ်ဘုရားဂိုဏ်း၏
တပည့်တစ်ဦးအား
ပေါ်တင်စိန်ခေါ်ဝံ့မည်ဟု
မမျှော်လင့်ထားကြပေ။ နောက်ဆုံးတွင်
လက်ရှိယန်ယဲ့ ရောက်နေသည်ကား

သူတို့၏ သိုင်းနတ်ဘုရားဂိုဏ်း
ပင်မဟုတ်ပါလား။

ထိုလူငယ်က ယန်ယွဲ့ကို အချိန်အကြာကြီး
စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်သည်
"ဒါဆို စမ်းကြည့်ရအောင်"

ထိုစကားပြီးသည်နှင့် သူ၏လက်သီးကို
ရှေ့သို့ လှမ်းထိုးလိုက်သည်။

ခွပ်....ယန်ယဲ့၏ ပတ်လည်ရှိ
အာကာသပြင်သည် ချက်ချင်း
ကွဲအက်သွားသည်။ တစ်ချိန်တည်းမှာပင်
အာကာသပြင်သည် ပွက်ပွက်ဆူနေသော
ပင်လယ်ရေများကဲ့သို့ လှိုင်းထလာပြီး
အလွန်ထိတ်လန့်ဖွယ်ရာမြင်ကွင်းတစ်ခု
ဖြစ်ပေါ်လာသည်။

ယန်ယဲ့ ကလည်း
ထူးထူးခြားခြားလုပ်မနေဘဲ ရိုးရှင်းစွာပင်

သူ၏လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

လက်သီးနှစ်ဖက်က ပြင်းထန်စွာ

ဆုံတွေ့သွားတော့သည်။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက် လူငယ်က

ခန်းမထဲသို့ လွင့်ပျံလာသည်။ အားလုံးက ထိတ်လန့်နေသောအကြည့်များ စောင့်ကြည့်နေခဲ့ကြသည်။ ထို့အပြင် ထိုလူငယ်၏နောက်မှာရပ်နေခဲ့သည့် အခြားလူငယ်များပါ လွင့်ပျံသွားလေသည်။

ဤအခိုက်အတန့်တွင် ခန်းမထဲရှိ လူတိုင်း အံ့အားသင့်သွားကြသည်။

အကြောင်းကတော့ ထိုလူငယ်က

လက်သီး

တစ်ချက်ဖြင့် ရှုံးနိမ့်လိမ့်မည်ဟု

မမျှော်လင့်ထားသောကြောင့်ပါ။

အားလုံးက ယန်ယဲ့ကို

ချက်ချင်းကြည့်လိုက်ကြသည်။

သူတို့၏မျက်လုံးထဲ၌တော့

ထိတ်လန့်တုန်လှုပ်မှုတို့အပြင်

စူးစမ်းလိုစိတ်များပါ ရှိနေသည်။

ခန်းမထဲကို လွင့်ပျံလာသည့် လူငယ် က

ကြမ်းပြင်ပေါ် ဒူးတစ်ဖက် ထောက်လျက်

သူ့ကိုယ်သူ ထိန်းလိုက်၏။ သူ၏

ညာဖက်လက်မောင်း ကလည်း

ပြင်းထန်စွာ တုန်ရီနေသည်။ သို့ရာတွင်

သူက နာကျင်မှုဟူ၍ မခံစားနိုင်တော့ပေ။

အကြောင်းကတော့

သူ၏လက်မောင်းရှိနေသည်ကိုပင်

မခံစားမိတော့လို့ပါ။

ထိုလူငယ်က ယန်ယွဲ့ကို မော့ကြည့်ကာ "ဘယ်လောက်တောင် သန်မာလဲ"

ဟုပြောပြီးသည်နှင့် ပါးစပ်ထောင့်မှ သွေးများ စိမ့်ထွက်လာသည်။

ယန်ယွဲ့ က ထိုလူငယ်၏အခြေအနေကို မြင်သောအခါ ပခုံးတွန့်ကာ "ငါ ထိန်းထားလိုက်သေးတာ"ဟုပြန်ပြောပါသည်။

ဖူး....

ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့် လူငယ်၏ ပါးစပ်ထဲမှ နောက်ထပ် သွေးများ အန်ထုတ်လိုက်ရသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "သိုင်းနတ်ဘုရားဂိုဏ်းက တိုက်ပွဲကို

နှစ်သက်တယ်လို့ ကြားတယ်။

ငါယန်ယွဲ့က ငါ့မှာ

အားနည်းချက်အချို့ရှိနေတယ်လို့

ခံစားရတယ်။ ဒါကြောင့်

သိုင်းနတ်ဘုရားဂိုဏ်းရဲ့

ထူးချွန်ထက်မြက်သူတွေဆီက

လမ်းညွှန်ချက်နည်းနည်းတောင်းချင်ပါ

တယ်"ဟူ၍ အသံကျယ်ကျယ်ဖြင့်

အော်ပြောလိုက်လေသည်။

ဤအချိန်မှာ ယန်ယဲ့ က ခဏရပ်ပြီး “ငါ့ရဲ့

ခွန်အားကို ထည့်စဉ်းစားမိလို့

အားလုံးပူးပေါင်းကြဖို့

အကြံပြုချင်ပါတယ်” ဟုပါ

ထပ်ပြောခဲ့သည်။

၁၈၄၆

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၆ - သုံးချက်ပဲ

မာနကြီးလိုက်တာ ။

တရားလွန်မောက်မာတယ် ။

ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့်
လူတိုင်း၏အမူအရာများသည်
ချက်ချင်းပင်
မည်းမှောင်သွားခဲ့လေသည်။

အားလုံးပေါင်း တိုက်ခိုက်ရမည်လား။
သူတို့ကို အချင်းချင်း ပူးပေါင်းရန်
တောင်းဆိုသည်က
အထင်အမြင်သေးလိုက်သလိုပင်။

သိုင်းနတ်ဘုရားဂိုဏ်း သည်
အနောက်ပိုင်းနယ်မြေ၏
နံပါတ်တစ်အင်အားစု ပင်မဟုတ်ပါလား။
ထိုသို့ဖြစ်ရာ တပည့်များအားလုံးက

ကိုယ့်ကိုယ်ကို

အလွန်ဂုဏ်ယူကြလေသည်။

"ငါ မင်းကို တိုက်ခိုက်မယ်" ထိုအချိန်တွင်

ယန်ယဲ့၏ရှေ့မှာ

ဓားကိုင်လူငယ်တစ်ယောက်

ပေါ်လာသည်။

တစ်စုံတစ်ယောက်က “ဒါက

စီနီယာအစ်ကိုကြီး ခန်းမူ”

"ဟီးဟီး....၊ စီနီယာအစ်ကိုကြီးခန်းမှူ ရဲ့ 

ဓားစိတ်ဆန္ဒက

ပြန်လည်မွေးဖွားခြင်းအဆင့် ကို

ရောက်နေပြီ။ ဒီလူယန်ယဲ့က

ဘယ်လောက်ခံနိုင်ရည်ရှိမယ်ထင်လဲ"

"သုံး"

"မင်းက ယန်ယွဲ့ကို
အထင်သေးနေတာလား"

"လေး၊ အဲ့ထက်မပိုဘူး"

"ဟားဟား"

ကျယ်လောင်သော ရယ်မောသံများက
ပတ်ဝန်းကျင်ကို
အဆက်မပြတ်ပဲ့တင်ထပ်နေသည်။

ယန်ယွဲ့ က ခန်းမူကို စိုက်ကြည့်ရင်း

"ဓားသမားလား"

ခန်းမူ က သူ့ကိုယ်သူ

အနည်းငယ်တည့်မတ်လိုက်ရင်း

“အနောက်ပိုင်းနယ်မြေရဲ့

နံပါတ်တစ်ဓားသမား"ဟု

ပြန်ပြောလေသည်။

“နံပါတ်တစ် ဓားသမားလား” ယန်ယဲ့

သည်

အနည်းငယ် အံ့အားသင့်သွားပြီးမှ

ခေါင်းယမ်းကာ ပြုံးလိုက်သည်။

ဓားတာအိုလမ်းစဉ်မှာ သူနှင့်

အဆင့်တူများတွေ့ခဲ့သည့်တိုင် မည်သူမျှ

နံပါတ်တစ်ဓားကျင့်ကြံသူ ဟူ၍

မခေါ်ဝံ့ကြပေ။ လောကစကြာဝဠာ သည်

အလွန်ကြီးမား၏။ ကျင့်ကြံသူများစွာ

ရှိခဲ့သည်။ မည်သူမျှ ကိုယ့်ကိုယ်ကို

နံပါတ်တစ်ကျင့်ကြံသူ ဟု

မသတ်မှတ်ဝံ့ပါ။ အကောင်းဆုံးဟူ၍

သတ်မှတ်ဝံ့သူတိုင်းက အများအားဖြင့်

မသိနားမလည်သူများချည်းသာ။

"သုံးချက်ပဲ..." ထိုအချိန်တွင် ခန်းမူ က

"မင်းကို ဓားသုံးချက်နဲ့ ငါအနိုင်ယူမယ်"

ဟု ရုတ်တရက်ပြောလိုက်ပါသည်။

ယန်ယဲ့ သည် ဘာပြန်ပြောရမှန်းပင်
မသိတော့ပေ။

ခန်းမူ က စကားထပ်မပြောတော့ပါ။
သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ထို့နောက်
စူးရှသောဓားအူသံတစ်သံ
ထွက်ပေါ်လာသည်။ တစ်ဆက်တည်း
သူ့ပတ်ပတ်လည်ရှိ အာကာသပြင်သည်
ကျောက်တုံးကြီးတစ်တုံး

ပြုတ်ကျသွားသော ရေကန်တစ်ခုအလား

တုန်ခါလာသည်။ ထိုအချိန်တွင်

သူ၏ပတ်ဝန်းကျင်မှ

ကြောက်မက်ဖွယ်ကောင်းသော

ဓားစွမ်းအင်လှိုင်းကြီး ပေါ်လာသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ဓားစိတ်ဆန္ဒ..

ယန်ယွဲ့ သည် ခန်းမူ ကို စိုက်ကြည့်ရင်း

အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ခန်းမူ က သူ့ကိုယ်သူ အနည်းငယ်

ယုံကြည်မှုလွန်ကဲနေသော်လည်း

သူ၏သဘာဝစွမ်းရည် ကတော့

လုံးဝမဆိုးပေ။ ယန်ယွဲ့ သည်

အတွေ့အကြုံများစွာ

ရင်ဆိုင်လာဖူးသည်ဖြစ်ရာ

ပြန်လည်မွေးဖွားခြင်းအဆင့်

ဓားစိတ်ဆန္ဒ ကို နားလည်ရန်

နည်းလမ်းအား

ကောင်းကောင်းသိနေခဲ့လေပြီ။ ခန်းမူ က

ထိုအခက်အခဲများကို ကျော်လွှားနိုင်ပြီး

ပြန်လည်မွေးဖွားခြင်းအဆင့်

ဓားစိတ်ဆန္ဒ ကို နားလည်နိုင်ခဲ့လေသည်။

ထို့ကြောင့် ၎င်းက သာမန်လူတစ်ယောက်

မဟုတ်မှန်းသေချာ၏။

"စီနီယာအစ်ကိုကြီးခန်းမှူး က ဝိညာဉ်ခွဲထုတ်ခြင်းဓားနည်းစနစ်ကို အသုံးပြုတော့မယ်"

လူတိုင်း မျက်တောင်မခတ်ဘဲ ခန်းမှူး ကိုသာ စိုက်ကြည့်နေကြသည်။ သူတို့၏မျက်လုံးထဲ၌တော့ စိတ်လှုပ်ရှားခြင်း၊ မျှော်လင့်ခြင်းများနှင့် တုန်လှုပ်ချောက်ချားခြင်းတို့ဖြင့် ပြည့်နှက်နေပါသည်။

ခန်းမှူး၏မျက်လုံးများက

တင်းတင်းကြပ်ကြပ် မှိတ်ထားဆဲပင်။

သို့သော် သူ၏အရှိန်အဝါက

အဆက်မပြတ် မြင့်တက်နေခဲ့သည်။

သိသိသာသာပင် သူက တိုက်ခိုက်ရန်

အားစုဆောင်းနေခြင်းပါ။

ထိုအချိန်တွင် ယန်ယဲ့က ခန်းမှူး ရှေ့တွင်

ရုတ်တရက်ပေါ်လာပြီး

သူမတို့ပြန်နိုင်ခင်မှာပဲ
လည်ပင်းကိုဖမ်းဆုပ်လိုက်တော့သည်။

ထိုမြင်ကွင်းကြောင့် လူတိုင်း
အံ့အားသင့်သွားကြသည်။

ခန်းမှူ အပါအဝင် ပါ။

"ယန်ယဲ့၊ မင်းက စည်းမျဉ်းတွေကို
ချိုးဖောက်တယ်" ဒေါသတကြီး အော်

ဟစ်သံက အဝေးကနေ ရုတ်တရက်
ထွက်ပေါ်လာသည်။

ယန်ယဲ့က အသံထွက်လာရာကို
လှမ်းကြည့်လိုက်ရာ
လူငယ်တစ်ယောက်ကို
တွေ့လိုက်ရသည်။ ထိုအချိန်တွင်
လူငယ်က သူ့အား ဒေါသတကြီး
စိုက်ကြည့်နေကာ
တိုက်ခိုက်ချင်ပုံရသည်။

ယန်ယဲ့ က

အတော်လေးသိချင်သွားမိသည် "ငါက

စည်းမျဉ်းတွေကို

ဘယ်လိုချိုးဖျက်လိုက်တာလဲ"

ထိုလူငယ်က ဒေါသတကြီးနှင့်

“မစသေးပါဘူး၊ မင်း

တိုက်ခိုက်ချင်တာလား။ မင်း

စည်းမျဉ်းတွေကို ချိုးဖောက်တာလေ...”

"မစသေးဘူးလား" ယန်ယဲ့က

ပါးစပ်ထောင့်မှ အပြုံးတစ်ခု

ပါလာသည်။ သူသည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါက

သိုင်းနတ်ဘုရားဂိုဏ်းရဲ့ တပည့်တွေနဲ့

တူသလား” ဟု မေးလိုက်၏။

လူငယ်က ဒေါသတကြီး ဖြစ်နေသည်။

သို့သော် ခန်းမူ က

ရုတ်တရက်ပြောလေသည် "ငါရှုံးသွားပြီ"

လူငယ်၏အမူအရာက ပြောင်းသွားပြီး

ခန်းမူကို စိုက်ကြည့်ကာ "စီနီယာအစ်ကို

ခန်းမူ၊ မင်း မရှုံးသေးဘူး။ သူက

အလစ်ဝင်တိုက်လို့ပဲ။ မင်းရဲ့နည်းစနစ်ကို

အသုံးချနိုင်ရင် သူ ဒါကို ခံနိုင်ရည်ရှိမှာ

မဟုတ်ဘူး”ဟူ၍ ပြောလေသည်။

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ
" ယန်ယဲ့က လူငယ်ကို စိုက်ကြည့်ရင်း
“မင်းရဲ့ရန်သူကို
အစွမ်းထက်တဲ့နည်းစနစ်
ထုတ်ဖော်ခွင့်ပြုမှာလား။
မင်းအချိန်ပေးမှာလား"လူငယ်လေး၏မျ
က်နှာက အေးခဲသွားသော်လည်း
သိက်မကြာလိုက်ပါ၊
ပုံမှန်ပြန်ဖြစ်သွားသည်။ သူက “ဒါဟာ

သေခြင်းရှင်ခြင်း တိုက်ပွဲမဟုတ်ဘူး။

ယှဉ်ပြိုင်ရုံသက်သက်ပဲ။ မင်းက

တကယ်ပဲ

အလစ်အငိုက်ဖမ်းတိုက်ခိုက်တာ။ မင်းက

ဘယ်လောက်တောင်

စက်ဆုပ်စရာကောင်းလိုက်သလဲ"

ပတ်ဝန်းကျင်ရှိ အခြားလူများစွာ

ကလည်း ယန်ယွဲ့ကို ဒေါသတကြီး

ခေါင်းညိတ်ပြကြသည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး “ဘာမှ အခိပ္ပါယ်မရှိဘူး” ဟု ပြောပြီးနောက် ထိုလူငယ်ကို စိုက်ကြည့်ကာ “ငါ မင်းကို တိုက်ခိုက်တော့မယ်”

လူငယ်က ထိတ်လန့်သွားသည်။ ခဏအကြာတွင် ယန်ယဲ့က လူငယ်၏ရှေ့မှာ ပေါ်လာပြီး လည်ချောင်းကို

ဖမ်းဆုပ်လိုက်တော့သည်။ ၎င်းက

တစ်ချက်ပက် တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

ဤနေရာရှိလူတိုင်း

အံ့အားသင့်သွားပြန်သည်။

အရှိန်…။

အရှိန်နိယာမ ။

တုန်လှုပ်ချောက်ချားနေရာမှ
သတိပြန်ဝင်လာသည်နှင့်
လူတိုင်း၏အမူအရာသည်
အလွန်လေးနက်လာသည်။

ယန်ယဲ့ က လူငယ်ကို သူ့ရှေ့မှာပင်
ဆွဲမြှောက်လိုက်ပြီး "ဒါဆို ငါ ဒီတစ်ခါ
အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်သလား
မင်းပြောကြည့်စမ်း"ဟုပြောပါသည်။

လူငယ်လေး၏မျက်နှာက

ဖြူရော်လာသည်။

ယန်ယဲ့ပြောလိုက်သည့်စကားက

သူ့မျက်နှာကို

ပေါ်တင်ဖြတ်ရိုက်သလိုပင်မဟုတ်ပါလား

။

ယန်ယဲ့က ထိုလူငယ်ကို

လွှတ်ပေးလိုက်ပြီး ခန်းမှူး ကို

စိုက်ကြည့်ကာ "အန်နန်ကျင်း အတွက်

ထည့်မစဉ်းစားနဲ့။ ငါ မင်းကို နောက်ထပ် အခွင့်အရေးတစ်ခု ပေးနိုင်တယ်။ လာ၊ မင်းရဲ့တိုက်ခိုက်မှုကို ထုတ်ဖော်လိုက်”ဟုပြောလေသည်။

ခန်းမှူ က စကားမပြောမီ ယန်ယဲ့အား အချိန်အတော်ကြာ စိုက်ကြည့်နေသည်။ "မင်းက အရမ်းသန်မာတယ်"

ဤအခိုက်အတန့်တွင် ယန်ယဲ့က
အလွန်သန်မာကြောင်း
အရှူးတစ်ယောက်ပင် သိနိုင်သည်။

ထိုအချိန်တွင် သူ့ ရှေ့မှလူငယ်က
“စီနီယာအစ်ကိုခန်းမူ၊
မင်းလုပ်နိုင်ပါတယ်"ဟု
ထပ်ပြောလေသည်။

တစ်ချိန်တည်းမှာပင် အနီးပတ်ဝန်းကျင်ရှိ တပည့်များ ကလည်း လူငယ် နှင့်အတူ အော်ဟစ်လာကြသည်။

ခန်းမှူ က ယန်ယွဲ့ကို စိုက်ကြည့်ပြီးနောက် မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ယခင်အတိုင်းပင်၊ စူးရှသောဓားအူသံ နှင့်အတူ ကြောက်မက်ဖွယ်ရာ

ဓားစွမ်းအင်လှိုင်းကြီးပါ

ထွင်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင်

ခန်းမူ၏လက်ထဲမှဓားက ပြင်းထန်စွာ

တုန်ခါလာသည်။

ခဏအကြာ

တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက်

ခန်းမူ က ရုတ်တရက် မျက်လုံးပွင့်လာပြီး

"ဝိညာဉ်ခွဲထုတ်ခြင်း"ဟုအော်လိုက်သည်

။

ထို့နောက် သူ၏ဓားကိုဆွဲလိုက်သည်။

ဆံပင်ချည်မျှင်ကဲ့သို့ ပါးလွှနေသော
ဓားစွမ်းအင်တစ်စင်းက
အလွန်ထူးဆန်းသောပုံစံဖြင့် ယန်ယွဲ့
ဆီသို့ ပစ်လွင့်လာလေသည်။ ယန်ယွဲ့ က
ထူးခြားဟန်မပြဘဲ

သူ၏လက်ကိုသာဆန့်ပြီး

တားဆီးလိုက်သည်။ သို့သော်

သူ၏လုပ်ရပ်က အခြေအနေကို

စောင့်ကြည့်နေသော လူတိုင်းအား

နှုတ်ခမ်းများ

မဲ့ရွဲ့သွားစေသည်။အထူးသဖြင့် ယခင်က

လူငယ်လေးပင်။

သူ့ပါးစပ်ထောင့်မှ
လှောင်ပြောင်လိုသောအမူအရာများပင်
ထင်ရှားလာပါသည်။

ယန်ယဲ့၏လက်က ဓားစွမ်းအင်ကို
ဖမ်းဆုပ်ရန်ပြင်လိုက်စဉ် သူ့ရှေ့မှ
အာကာသပြင်ထဲကို ရုတ်တရက်
ဝင်ရောက်သွားခဲ့သည်။ယန်ယဲ့က
အတော်လေး အံ့အားသင့်သွား၏။

ထိုအချိန်တွင် ဓားစွမ်းအင်က သူ့ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

"ဟားဟား..." ထိုအချိန်တွင် လူငယ်က ရယ်မောကာ “မိုက်မဲလိုက်တာ။ ဒီနည်းစနစ်က ဒြပ်စင်ငါးပါးစွမ်းအင်ပါတယ်။ ယန်ယွဲ့၊ ဒြပ်စင်ငါးပါးစွမ်းအင်က ဘာလဲ မင်းသိသလား။ ဆန်းကြယ်ချီစွမ်းအင်နဲ့ ဖန်တီးထားတဲ့ အကာအကွယ်မှန်သမျှကို

ဂရုစိုက်စရာမလိုဘူး။ ဒါကြောင့်
အတင်းအကြပ် တားဆီးဖို့
ကြိုးစားတာဟာ ကိုယ့်သေတွင်းကို
တူးသလိုပဲ။ မင်း…”

လူငယ်၏အသံက
ရုတ်တရက်ရပ်သွားသည်။

ယန်ယွဲ့ က သူ့အား အရူးတစ်ယောက်လို
ကြည့်နေမှန်း သတိပြုမိသောကြောင့်ပင်။

လူငယ်က ယန်ယဲ့ ကို စိုက်ကြည့်ရင်း "မင်း... ဘာမှမဖြစ်ဘူးလား"ဟူ၍ အထစ်ထစ်အငေါ့ငေါ့နှင့် ပြောလိုက်လေသည်။

ထိုလူငယ်က ထိုကဲ့သို့ တုံ့ပြန်သူ တစ်ဦးတည်းမဟုတ်ပဲ အခြားသူများကလည်း ယန်ယဲ့ ကို ကြည့်နေကြသည်။

ဓားစွမ်းအင်က ယန်ယဲ့အား

ထိမှန်သွားသည့်တိုင် ယန်ယဲ့ ကတော့

ထိခိုက်မှုတစ်စုံတစ်ရာပင်မရှိခဲ့ပေ။

ဘာတွေဖြစ်နေတာလဲ....

ဤအခိုက်အတန့်တွင်

ခန်းမ၏မျက်လုံးထဲ၌

ရှုပ်ထွေးသောအမူအရာတစ်ခုပေါ်လာသ

ည်။ သို့သော် သူက တစ်ခုခုကို
ရုတ်တရက် တွေးမိသွားပုံပါ။ ယန်ယဲ့အား
စူးစူးစိုက်စိုက်ကြည့်ရင်း သူ့မျက်နှာက
မယုံကြည်နိုင်မှုများ နှင့်အတူ ချက်ချင်း
ဖျော့တော့သွားသည်။

ယန်ယဲ့ က သူ့ရင်ဘတ်ကို ပွတ်သပ်ပြီး
"ဒါဟာ ထက်မြက်တယ်၊
ဒြပ်စင်ငါးပါးစွမ်းအင် တောင်မှ

ပါသေးတယ်။

မဆိုးပါဘူး"ဟုပြောလိုက်လေသည်။

"မင်း... မင်း လှည့်စားခဲ့တယ်"

ထိုအချိန်တွင် လူငယ်က ရုတ်တရက်

အော်လိုက်သည်။ သူက ယန်ယဲ့ကို

လက်ညှိုးထိုးပြီး ဒေါသတကြီးပြောသည်

"မင်း သေချာပေါက် အစွမ်းထက်တဲ့

ရတနာတစ်မျိုးကို သယ်လာတာ။ မင်း...”

လူငယ်က

ထပ်ပြီးငြင်းဆန်နေသောကြောင့်

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ သူ့အကြည့်များ

ကလည်း တဖြည်းဖြည်း

အေးခဲလာသည်။

"ပါးစပ်ပိတ်ထားစမ်း...."

အေးစက်စက်အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

ထည်ဝါသောဝတ်ရုံနှင့် အမျိုးသားတစ်ဦး

ပေါ်လာခဲ့သည်။

ဤနေရာရှိလူတိုင်း၏အမူအရာသည်

ချက်ချင်းဆိုသလို ပြောင်းလဲသွားကာ

လူလတ်ပိုင်းအရွယ်အား “ဂိုဏ်းသခင်”

ဟူ၍

ဦးညွှတ်ကြလေသည်။သက်လတ်ပိုင်းအ

မျိုးသား က ခေါင်းညိတ်ပြပြီး

ထိုလူငယ်ကို စိုက်ကြည့်ကာ

“နံရံတစ်ခုရှေ့မှာ ရပ်သွားလိုက်ပါ။

မင်းအမှားတွေသိရင်

ထွက်လာနိုင်တယ်"ဟု ပြောပါသည်။

လူငယ်လေး၏ မျက်နှာက

ဖြူဖျော့သွားသော်လည်း

စကားတစ်ခွန်းမှ မပြောဝံ့ဘဲ

ကမန်းကတန်း ထွက်သွားလေသည်။

လူငယ်လေး ထွက်သွားသည်နှင့်

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့အား စိုက်ကြည့်ကာ "ငါတို့

နည်းနည်းလောက်

လက်ရည်စမ်းလို့ရမလား"ဟု ပြော

လေသည်။

ချက်ချင်းပင် အံ့သြတကြီးအသံများ

ထွက်ပေါ်လာသည်။ အားလုံးက

ယန်ယဲ့ကို

မယုံကြည်နိုင်စွာ စိုက်ကြည့်နေကြသည်။

"သူက ငါတို့ဂိုဏ်းသခင်ကို စိန်ခေါ်ဖို့

အရည်အချင်းရှိသလား။ တကယ်ဆို

သူက ဘယ်သူလဲ။ သူ့မှာ

အစွမ်းအစရှိသလား"

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

ထိုအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောပါသည် "အန်နန်ကျင်း က

ငါ့ရဲ့သိုင်းနတ်ဘုရားဂိုဏ်းဝင်တစ်ယော

က်လေ။ သူမရဲ့ အမြင်က

ဘယ်လောက်ကောင်းတယ်ဆိုတာ

ငါမြင်ချင်မိတယ်။

ဟုတ်ပါတယ်၊

ဒါထက်ပိုသိချင်မိတာတစ်ခုက

အောက်ဘုံရဲ့ နံပါတ်တစ်ပါရမီရှင် က

ဘယ်လောက်တောင်

အားကောင်းသလဲဆိုတာကိုပေါ့။ ငါ အရမ်းသိချင်နေပါတယ်”

"အောက်ဘုံရဲ့ နံပါတ်တစ် ပါရမီရှင်လား" ယန်ယဲ့ က အံ့သြသွားသည် “ငါလား”

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး “မင်းမသိဘူးလား။ မင်းဟာ အခု အောက်ဘုံရဲ့

နံပါတ်တစ် ပါရမီရှင်ဖြစ်နေပြီ။

တကယ်တော့၊ မင်းကို အောက်ဘုံရဲ့

နံပါတ်တစ်ကျင့်ကြံသူ လို့ခေါ်ရင်တောင်

မလွန်ပါဘူးလေ"ဟုထပ်ပြောပါသည်။

သက်လတ်ပိုင်းအမျိုးသား၏

စကားသံကို ကြားလိုက်သည်နှင့်

သိုင်းနတ်ဘုရားဂိုဏ်းမှ

တပည့်များအားလုံး အံ့သြသွားကြသည်။

"အောက်ဘုံရဲ့ နံပါတ်တစ် ပါရမီရှင်။ အောက်ဘုံရဲ့ နံပါတ်တစ်ကျင့်ကြံသူလား"

ဒီလူယန်ယဲ့က...

အကယ်၍ တစ်စုံတစ်ယောက်သာ ထိုစကားများ ပြောပါက သူတို့ မယုံနိုင်ဘဲ ထိုလူ၏ မျက်နှာကိုပင် တံတွေးနှင့်

ထွေးမိလိမ့်မည်။ သို့ရာတွင် ၎င်းက

သူတို့၏ဂိုဏ်းသခင် ကိုယ်တိုင်ပါ။

"ဒီခေါင်းစဉ်တွေကို ငါလက်မခံရဲဘူး"

ယန်ယဲ့က နှိမ့်ချစွာပြောသည် "အမြဲတမ်း

ပိုအားကောင်းတဲ့သူတစ်ယောက်ရှိတယ်"

သက်လတ်ပိုင်းအမျိုးသား က ပြုံးပြီး

"ဘာပဲဖြစ်ဖြစ် လက်ရည်စမ်းရအောင်"

ယန်ယဲ့က "ငြင်းလို့ရမလား"

သက်လတ်ပိုင်းအမျိုးသားက
“ဘာဖြစ်လို့လဲ” ဟုမေးရင်း
အံ့သြသွားသည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "မင်းက
အရမ်းသန်မာတယ်။
ငါ့ရဲ့စစ်မှန်တဲ့ခွန်အားကို အသုံးမပြုဘဲ
မင်းကိုအနိုင်ယူဖို့ အရမ်းခက်တယ်။ ဒါ

ပေမဲ့ ငါလုပ်ရင် မင်းသေမှာသေချာတယ်

"ဟုပြန်ပြောခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက အမှန်ပင်

သန်မာ၏။ သို့သော် ၎င်းက မည်မျှပင်

သန်မာနေသည့်တိုင် သူ၏

ပြန်လည်မွေးဖွားခြင်း၏ဓား ကိုတော့

ခုခံနိုင်စွမ်းရှိမည်မဟုတ်ပေ။

ထိုစကားကြားသောအခါ

သိုင်းနတ်ဘုရားဂိုဏ်း၏

တပည့်များသည် ယန်ယဲ့အား

ဒေါသတကြီး စိုက်ကြည့်နေကြသည်။

သက်လတ်ပိုင်းအမျိုးသား

ရှိနေသောကြောင့်သာမဟုတ်လျှင်

ယန်ယဲ့ကို ဝိုင်းပြီးအမဲဖြတ်ကြပေမည်။

သက်လတ်ပိုင်းအမျိုးသားက

ခဏတာတိတ်ဆိတ်သွားပြီးမှ

“အနိုင်ရသူကို မဆုံးဖြတ်နဲ့။

တစ်ချက်တည်းနဲ့ တိုက်ခိုက်မှုချင်း

ဖလှယ်လိုက်ကြရအောင်။

အဆင်ပြေလား"ဟု ထပ်ပြောလေသည်။

ယန်ယဲ့က ပြုံးပြီး "ကောင်းပါတယ်"

သက်လတ်ပိုင်းအမျိုးသား က

ခေါင်းညိတ်ပြပြီး ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ခဏအကြာတွင် သူ၏ညာလက်သီးကို

ဆုပ်ထားပြီး ရှေ့သို့ လှည့်လိုက်သည်။

လက်သီးဝိုင်းတစ်ဝိုက်ရှိ

အာကာသပြင်ဟာ

ကွဲအက်သွားပြီးနောက်

စွမ်းအင်လက်သီးတစ်လုံးဟာ

ရှေ့ပြေးထွက်လာပြီး

အလင်းတန်းသဖွယ် ယန်ယွဲ့ထံ

တည့်တည့်ကျဆင်းလာပါသည်။

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

လက်သီးစိတ်ဆန္ဒ လား...

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သက်လတ်ပိုင်းအမျိုးသား က

အလွှန်သန်မာသည်ကို သိနေသော်လည်း
ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်
လက်သီးစိတ်ဆန္ဒ
နားလည်ထားမည်ဟုတော့ သူ
မမျှော်လင့်ခဲ့ပေ။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း
မရှိပေ။ သူ၏လက်ဝါးကို လှန်ပြီး
ရှေးဟောင်းဓားအိမ်နှင့် နတ်ဓားကို

ထုတ်ယူကာ တစ်ဆက်တည်း

ဆွဲထုတ်လိုက်တော့သည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား

သုံးထပ်ပေါင်းစပ်ခြင်း...

ဓားစွမ်းအင် အလင်းတန်းတစ်စင်း ရှေ့သို့

လင်းလက်လာပြီး စွမ်းအင်လက်သီးနှင့်

တိုက်မိသွားသည်။

အုန်း…

စွမ်းအင်လက်သီးက
အစိတ်စိတ်အမွှာမွှာကွဲကြေသွားပြီးနော
က် ဓားစွမ်းအင်အလင်းတန်းဟာ
သက်လတ်ပိုင်းအမျိုးသား ဆီသို့
ဆက်၍တိုးဝင်သွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား က

သူ၏ညာလက်သီးကို ရှေ့သို့ ထပ်မံ

ဆောင့်ထိုးလိုက်သည် ။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

သက်လတ်ပိုင်းအမျိုးသားက ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့လေသည်။

ဂိုဏ်းသခင် ရှုံးသွားတာလား....

ထိုအချိန်တွင် ပတ်ဝန်းကျင်သည်

လုံးဝတိတ်ဆိတ်သွားသည်။

၁၈၄၇

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၇ - နံပါတ်တစ်ပါရမီရှင် က အားနည်းလိုက်တာ

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် ရှုံးနိမ့်သွားခဲ့လေပြီ။

ဤအခိုက်အတန့်တွင် လူတိုင်း အံ့အားသင့်သွားကြသည်။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်ကား

မည်သူနည်း။ သူသည်

အနောက်ပိုင်းနယ်မြေ၏

နံပါတ်တစ်ကျင့်ကြံသူ မဟုတ်ပါလား။

အနောက်တိုင်းနယ်မြေ မှာသာမကဘဲ

အောက်ဘုံတစ်ခုလုံးမှာပင် သူ့အား

အနိုင်ယူနိုင်သူ အလွန်နည်းပါးပါသည်။

သို့သော် လက်ရှိတွင်တော့
လူငယ်တစ်ယောက်အား
ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည်။

ခန်းမူ၏ ပါးစပ်ထောင့်မှ
ခါးသီးသောအမူအရာတစ်ခု
ပေါ်လာသည်။ အစပိုင်းတွင် သူ့စိတ်ထဲ၌
ယန်ယွဲ့သည် ဓားစိတ်ဆန္ဒ ကို
နားလည်ထားရုံသာဟု ထင်ခဲ့၏။

အကြောင်းကတော့ သူ၏စားစိတ်ဆန္ဒ က ပျောက်ကွယ်မသွားဘဲ ထိုအစား ယန်ယဲ့ဟာ စုပ်ယူလိုက်ခြင်းပင်။ စားစိတ်ဆန္ဒကို စုပ်ယူဖို့က နည်းလမ်းတစ်ခုသာ ရှိ၏။ သူ့ထက် အဆင့်မြင့်သော စားစိတ်ဆန္ဒကိုနားလည်ထားခြင်းပါ။

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့် စားစိတ်ဆန္ဒ

သူမျှော်လင့်ထားသည့်အတိုင်း ယန်ယဲ့

သည် ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒ ကို နားလည်ထား၏။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် က

သူ့လက်ကို ငုံ့ကြည့်လိုက်သည်။

သူ၏လက်ဝါးပေါ်မှာ

ဓားဒဏ်ရာတစ်ခုရှိနေခဲ့သည်။ သူက

ခဏတာငြိမ်သက်သွားပြီးနောက်

ယန်ယဲ့ကို မော့ကြည့်ကာ “အောက်ဘုံရဲ့

နံပါတ်တစ် ပါရမီရှင်က

မျှော်လင့်ထားသလိုပါပဲ။

ငါသိသလောက်ပြောရရင်

ငါတို့အောက်ဘုံရဲ့ လူငယ်မျိုးဆက်မှာ

မင်းကိုပြိုင်နိုင်တဲ့လူတစ်ယောက်မှ

မရှိဘူး။ လူငယ်မျိုးဆက်သစ်တွေကို

မပြောနဲ့၊ မျိုးဆက်ဟောင်းထဲမှာတောင်

မင်းနဲ့ယှဉ်နိုင်တဲ့သူ အများကြီး

မရှိဘူး”ဟု ပြောလေသည်။

"မင်းက သိပ်သဘောကောင်းတာပဲ" ယန်ယွဲ့ က ပြုံးပြီး “အကြီးအကဲ၊ ငါက အန်နန်ကျင်း အတွက်လာတာပါ။ ငါသူမကိုတွေ့နိုင်မလား"ဟု မေးလိုက်ပါသည်။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် က ခဏတာ နှုတ်ဆိတ်သွားပြီးမှ "အထဲမှာ စကားပြောရအောင်"ဟု ပြန်ပြောသည်။

ယန်ယဲ့က သူ့ကို မော့ကြည့်ပြီး

ခေါင်းညိတ်ပြလိုက်သည်

“ကောင်းပြီလေ…”

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က

အနည်းငယ် ခေါင်းညိတ်ပြပြီး

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ရင်း "ငါ စောစောက

ကိုယ့်ကိုကိုယ် မပြခဲ့ဘူး၊

ဘာလို့လဲမင်းတို့သိသလား။

ဘာလို့လဲဆိုတော့ မင်းတို့ထက်

ပိုသန်မာတဲ့သူ အမြဲရှိတယ်ဆိုတာ

အားလုံးကို နားလည်စေချင်လို့ပဲ။

မင်းထက်သန်တဲ့သူ အများကြီးရှိလို့

မင်းကိုယ်မင်းသန်မာတယ်လို့

ဘယ်တော့မှ မတွေးပါနဲ့။

မင်းယုံနိုင်တယ်၊ ဒါပေမဲ့

ကိုယ့်ကိုယ်ကိုစိတ်ကြီးဝင်ပြီး

ကျေနပ်လို့မရဘူး"ဟု
ပြောလိုက်လေတော့သည်။

ထိုစကားပြောပြီးသည်နှင့် နောက်လှည့်၍
ခန်းမထဲသို့ ဝင်သွားသည် ။

ယန်ယဲ့က ထောင်ချီသော တပည့်အုပ်ကို
တစ်ချက်ကြည့်လိုက်ပြီး
သိုင်းနတ်ဘုကားဂိုဏ်း၏

ဂိုဏ်းသခင်သခင်နောက်ကို

လိုက်သွားလိုက်သည်။

ယန်ယဲ့ ထွက်သွားသည်ကို ကြည့်ရင်း

လူအတော်များများ မျက်နှာပေါ်တွင်

ရှုပ်ထွေးနေသောအမူအရာများ

ပေါ်လာသည်။ ဤအချိန်မှာ

လူတိုင်း၏မျက်လုံးများက

အရောင်မှေးမှိန်သွားကြသည်။

အကယ်၍ ယန်ယဲ့ကသာ

အားနည်းနေလျှင် အများစုက

အခွင့်အရေးရှိသေးသည်။

သို့သော်လည်း ယန်ယဲ့ သည်

အားနည်းနေသည်မဟုတ်ပါ။

သိုင်းနတ်ဘုရားဂိုဏ်းက ထိုကဲ့သို့

ပါရမီရှင်တစ်ဦးနှင့် အတူရှိနေသည့်

အန်နန်ကျင်းကို ဆန့်ကျင်မည်မဟုတ်ပေ။

မည်သူမျှ ဆန့်ကျင်ဝံ့မည် မဟုတ်ပါ။

အမှန်တော့ ယန်ယဲ့ သာ အင်အားသုံးပြီး

အန်နန်ကျင်းကို ပြန်ခေါ်သွားခဲ့လျှင်

သိုင်းနတ်ဘုရားဂိုဏ်းဟာ

ပါရမီရှင်တစ်ယောက်ကို

ဆုံးရှုံးရမည့်အပြင်

ကြောက်မက်ဖွယ်ရန်သူပါ

ထပ်ပြီးရင်ဆိုင်ရပေမည်။

အရေးကြီးဆုံးကတော့ ယန်ယဲ့ကသာ

အန်နန်ကျင်း ကို ပြန်ခေါ်သွားခဲ့လျှင်ပင်

သိုင်းနတ်ဘုရားဂိုဏ်းဟာ

ဘာမှတတ်နိုင်မည်မဟုတ်ပေ။

ရိုးရိုးရှင်းရှင်းပြောရလျှင် ယန်ယဲ့ သည်

အနိုင်နန်ကျင်း နှင့် ထိုက်တန်၏။

သူတို့အတွက်တော့ အခွင့်အရေးမရှိပေ။

...

ခန်းမထဲတွင် ။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် က "သူမ ဒီမှာ မရှိတော့ဘူး"ဟု ပြောခဲ့သည်။

ယန်ယဲ့မျက်လုံးများက အနည်းငယ် မှိတ်သွားသည် "မင်း ဘာကို ဆိုလိုတာလဲ"

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က "ငါ့ဘဝတစ်သက်တာမှာ ပါရမီရှင်တွေ အများကြီးတွေ့ဖူးတယ်။ ဒါပေမဲ့

ပါရမီရှင်တွေကြားထဲက

ပါရမီရှင်တွေကတော့

နှစ်ယောက်ပဲတွေ့ဖူးတယ်။ အဲဒီထဲက

တစ်ယောက်က မင်းကိုယ်တိုင်၊

နောက်တစ်ယောက်ကတော့ သူမပါ။

အန်နန်ကျင်း ရဲ့ပင်ကိုယ်စွမ်းရည်က

ကြောက်စရာကောင်းလွန်းတယ်။

ဒါ့အပြင် သူမက

တကယ်လည်းအလုပ်ကြိုးစားတယ်။

သူမ ဒီကိုရောက်ပြီး သိပ်မကြာခင်မှာပဲ သိုင်းနတ်ဘုရားဂိုဏ်းက  သင်ပေးစရာ ဘာတစ်ခုမှ မကျန်တော့ဘူး”ဟု ပြောလေသည်။

ထို့နောက် သူက ခဏရပ်ပြီး “တကယ်တော့ သိပ်မကြာခင်ကပဲ ငါ့သိုင်းနတ်ဘုရားဂိုဏ်းထဲက ဘယ်သူမှ သူမကို ဘာမှ မလုပ်ပေးနိုင်တော့ဘူး။ ငါတောင်မှ သူမကို

မနည်းရင်ဆိုင်ခဲ့ရတယ်။ သူမရဲ့
ခွန်အားအစစ်အမှန်ကို
အသုံးချခဲ့မယ်ဆိုရင်တော့ ငါ သူ့အတွက်
ပြိုင်ဖက်ဖြစ်နိုင်မှာ မဟုတ်ဘူး”ဟု
ဆက်ပြောပါသည်။ယန်ယဲ့ က
ခေါင်းညိတ်လိုက်သည်။
အန်နန်ကျင်း၏ပင်ကိုယ်စွမ်းရည်က
သူ့ထက်ပင် ထူးခြားလှသည်။ သိပ်တော့

အံ့သြခြင်းမရှိပေ။ အကယ်၍ အန်နန်ကျင်း သာ မူလစေတီကို

ပိုင်ဆိုင်ထားခဲ့လျှင် လုံးဝကို ကြောက်စရာကောင်းပေမည်။

ထိုအချိန်တွင် သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် က "ငါတို့က သူမရဲ့ကြီးထွားမှုကို ကန့်သတ်လို့မရဘူး။ ခွင့်ပြုလိုက်ရတယ်။ ဒီတော့

အထက်ကမ္ဘာကို
တက်သွားခွင့်ပေးလိုက်တယ်"ဟု
ပြောသည်။

အထက်ကမ္ဘာကို တက်သွားပြီလား...

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။
သူ့စိတ်ထဲ၌ အန်နန်ကျင်းက
အထက်ကမ္ဘာကိုပင်

တက်ရောက်သွားပြီဟု
မမျှော်လင့်ထားခဲ့ပါ။

"သူမ ဘယ်အချိန်ကထွက်သွားတာလဲ"
ယန်ယဲ့က အချိန်အတော်ကြာသွားပြီးမှ
မေးလိုက်သည်။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က
"လွန်ခဲ့တဲ့လတစ်ဝက်လောက်ကပဲ။ သူမ
မင်းကိုလိုက်ရှာပေမယ့် မင်းကိုမတွေ့ဘူး"

လွန်ခဲ့သော တစ်လခွဲက လား....

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် သူက

ကံဆိုးခြင်းနယ်မြေထဲဝင်နေသောကြောင့်

အန်နန်ကျင်း ရှာမတွေ့ခဲ့ပုံပါ။

တစ်ချိန်တည်းမှာပင်

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က

ဆက်ပြောလေသည် "ဒီနေရာက သူမရဲ့ ကြီးထွားမှုအတွက် မသင့်တော်တော့ပါဘူး။ မင်းအတွက် အတူတူပါပဲ။ အောက်ဘုံက မင်းတို့အတွက် ဆက်နေဖို့မသင့်တော်ဘူး"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "နားလည်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူမကို ပြုစုပျိုးထောင်ပေးလို့ ကျေးဇူးတင်

ပါတယ်"ဟု စိတ်ရင်းမှန်နှင့် ပြောလိုက်ပါသည်။

"အဲဒါကို မပြောနဲ့။ သူမက ငါတို့ရဲ့တပည့်လေ" သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က ပြောပါသည်။

သူက ခဏလောက် တုံ့ဆိုင်းနေပြီး "ငါ ရိုးရိုးသားသား ပြောရရင် မင်းဟာ

သူမလို ထူးထူးခြားခြား ပါရမီရှင်

တစ်ယောက်ပါ။ ဒီလို ပါရမီရှင်တွေက

ဘာကိုမှ ချည်နှောင်လို့ မရပါဘူး”ဟု

ထပ်ပြောခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“မင်းပြောတာကို ငါနားလည်ပါတယ်။

သူ့မှာ ကိုယ်ပိုင်ဘဝရှိတယ်။ ငါ ဒါကို

ကန့်သတ်မှာမဟုတ်ဘူး။ ဒီနေ့ရောက်

လာတဲ့အချိန်မှာ သူမကို ခေါ်သွားဖို့

အစီအစဉ်မရှိပါဘူး။ သေချာပါတယ်၊

သိုင်းနတ်ဘုရားဂိုဏ်းက သူမကို

ကောင်းကောင်းမဆက်ဆံဘူးဆိုရင်တော့

ငါ သူမကို သေချာပေါက်

ပြန်ခေါ်သွားမှာပဲ။ ဒါပေမဲ့

သိုင်းနတ်ဘုရားဂိုဏ်းရဲ့ တပည့်တွေက

သူမကို အရမ်းချစ်ကြတာကို

တွေ့လိုက်ရတော့ သူ

ဒီမှာအဆင်ပြေနေမှန်း

သိလိုက်ရတယ်”ဟု ပြောလိုက်၏။

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က

"မင်း မနာလိုဘူးလား"

"မနာလိုဘူးလား" ယန်ယဲ့က

ခေါင်းခါလိုက်ပြီး “ငါ

အရမ်းပျော်ပါတယ်။

အကြိုက်တွေ့တာက သူမမှာ

ဆွဲဆောင်မှုရှိတယ်လို့
သက်သေပြနေတာပဲမဟုတ်လား”

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က
ပြုံးပြီး “သူမကို ချောမောလှပတယ်လို့
မယူဆနိုင်ပေမယ့် သူမ ပိုင်ဆိုင်တဲ့
ရောင်ဝါက ထူးခြားပါတယ်။
အထက်ကမ္ဘာမှာတောင် သူမကို
သဘောကျတဲ့သူအများကြီးရှိနေမှာသေ
ချာပါတယ်။ အဲဒီအချိန်မှာ မင်း

အလုပ်ရှုပ်နေနိုင်တယ်"ဟု

ပြောလေသည်။

ယန်ယဲ့ က ကျေနပ်စွာ ပြုံးလိုက်သည်။

အမှန်ပင်၊ သိုင်းနတ်ဘုရားဂိုဏ်း၏

ဂိုဏ်းသခင် ပြောသည့်အတိုင်း

ဖြစ်နိုင်ပါသည်။ သူသည်

အထက်ကမ္ဘာကို ရောက်သွားသည်နှင့်

အချစ်ပြိုင်ဖက်များအား

အတောမသတ်အောင်

ကိုင်တွယ်ဖြေရှင်းရမည်မှာ

အသေအချာပင်။

အန်နန်ကျင်း ကဲ့သို့ မိန်းမပျိုတစ်ဦး။

မဟုတ်ပေ၊ အမှန်တိုင်းပြောရလျှင်

စုချင်းရှီ၊ ကျွမ်းဝေယန် အပါအဝင်

ကျန်လူများဟာ အတူတူပင်။ သူသည်

အစွမ်းထက်ခွန်အားမရှိလျှင်

အားလုံးနှင့်အတူနေထိုင်ရန်မဖြစ်နိုင်ပါ။

ခွန်အားအလုံအလောက်မရှိပါက

အချိန်မရွေးသေသွားနိုင်၏။

ထိုအချိန်တွင် သိုင်းနတ်ဘုရားဂိုဏ်း၏

ဂိုဏ်းသခင်က "မင်း ဘယ်အချိန်

အထက်ကမ္ဘာကို သွားမှာလဲ" ဟု

ရုတ်တရက် မေးလိုက်သည်။

ယန်ယွဲ့ က  "မကြာခင်"

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က "မင်း ဘယ်လိုတက်ချင်သလဲ" ဟု ထပ်မေးလေသည်။

ယန်ယဲ့ က ပြုံးပြီး “သူတို့ ငါ့ကို ခွင့်မပြုရင် ငါ ကောင်းကင်လမ်းကို ဖြတ်ကျော်လိုက်မယ်။ ပြင်းရင် ငါ့လမ်းမှာပိတ်နေတဲ့သူကို သတ်မယ်"ဟု ပြန်ပြောလိုက်သည်။

" သတ်မှာလား" သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက ယန်ယွဲ့အား အချိန်အတော်ကြာ စိုက်ကြည့်ပြီးမှ အကူအညီမဲ့စွာရယ်မောရင်း "အောက်ဘုံတစ်ခုလုံးမှာ မင်းကလွဲရင် ဒီလိုမျိုးပြောရဲတဲ့လူမရှိမှာ ငါကြောက်တယ်"ဟုပြောခဲ့သည်။

ဒဏ္ဍာရီလာကောင်းကင်လမ်းကို
ဖြတ်ကျော်ခြင်း....

အထက်ကမ္ဘာကို တက်ရန်အတွက်
ဒဏ္ဍာရီလာကောင်းကင်လမ်းကို
ဖြတ်ကျော်လိုပါက သတ်ဖြတ်ရပေမည်။

တစ်နည်းအားဖြင့် ယန်ယဲ့ သည်
အထက်ကမ္ဘာ၏ တာအိုဥပဒေသများ နှင့်
တာအိုစည်းမျဉ်းများအား

စိန်ခေါ်တော့မည်ကို ကိုယ်စားပြုသည်။

လွန်ခဲ့သည့်

အတိတ်ကာလနှစ်ပေါင်းများစွာအတွင်း

မှာပင် အောက်ဘုံ၏ လူနှစ်ဦးသာလျှင်

ထိုကဲ့သို့ လုပ်ဆောင်နိုင်ခဲ့သည်။

ပထဆုံးတစ်ယောက်က အောက်ဘုံ၏

ဓားနတ်ဘုရားကျန်းဝူကျိ ဖြစ်သည်။

နောက်တစ်ယောက်ကတော့

အနှောင်အဖွဲ့ကင်းမဲ့သူ ပင်။

နှစ်ပေါင်းသောင်းနှင့်ချီမှ

ထိုနှစ်ယောက်သာ ထွက်ပေါ်လာသည်ကို

ကြည့်လျှင် အထက်ကမ္ဘာ၏

စည်းမျဉ်းများကို စိန်ခေါ်ဖို့က

မည်မျှခက်ခဲကြောင်း

သိသာပါသည်။သို့သော်လည်း

ယန်ယွဲ့ကတော့ သတ်ဖြတ်ရန်ပင်

ရည်ရွယ်နေလေသည်။ ၎င်းက

အထက်ကမ္ဘာ၏ တာအိုဥပဒေသများ နှင့်

ချမှတ်ထားသော စည်းမျဉ်းများကို
ပေါ်တင်ချိုးဖောက်ရုံသာမကဘဲ
စစ်ကြောပြောခြင်းနှင့်ပါ ညီမျှသည်။

သူ အောင်မြင်နိုင်မှာလား....

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က
အတော်လေးစိတ်ဝင်စားသွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က ပြောလိုက်သည် "အန်နန်ကျင်း က အထက်ကမ္ဘာကို ရောက်သွားပြီဆိုတော့ ငါ မင်းကို နောက်ထပ် မနှောင့်ယှက်တော့ဘူး။နှုတ်ဆက်လိုက်ပါတယ်”

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်က ခေါင်းညိတ်ပြီး "နှုတ်ဆက်ပါတယ်"ဟု ပြန်ပြောသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီးနောက်

ခန်းမထဲမှ လှည့်ထွက်သွားသည်။ သူ

ထွက်လာပြီးနောက်

သိုင်းနတ်ဘုရားဂိုဏ်း၏

တပည့်အချို့နှင့် တွေ့ခဲ့ရသည်။ သို့သော်

လက်ရှိတွင် သူတို့၏မျက်လုံးထဲ၌

ရန်ငြိုးများအစား လေးစားမှုတို့သာလျှင်

မြင်နိုင်သည်။

ယန်ယွဲ့ သည် သူတို့ကို အနည်းငယ်

ခေါင်းညိတ်ပြပြီး ထွက်သွားရန်

ပြင်လိုက်၏။ သို့သော်

ကောင်းကင်ယံအထက်မှ

အလင်းတန်းတစ်ခု ရုတ်တရက်

ဆင်းသက်လာပြီး ရင်ပြင်၏

အလယ်ဗဟိုသို့ ဆင်းသက်လာကြောင်း

မြင်လိုက်သည်။

လူတိုင်း ထိုအလင်းတန်းကို စိုက်ကြည့်နေကြသည်။ ယန်ယဲ့သည်လည်း ထွက်မသွားသေးဘဲ စိတ်ဝင်တစားကြည့်နေလိုက်သည်။

အလင်းတန်းများ ပြန့်ကျဲသွားသည်နှင့် အနက်ရောင်ဝတ်ရုံဝတ်လူငယ်တစ်ယောက် ပေါ်လာသည်။

လူငယ်က နတ်ဘုရားအဆင့်ကျင့်ကြံသူ
ဖြစ်နေမှန်း သတိပြုမိသောအခါ
ယန်ယွဲ့၏မျက်လုံးထဲမှ
အံ့အားသင့်မှုတစ်ခု ထွက်ပေါ်လာသည်။

နတ်ဘုရားအဆင့်ကျင့်ကြံသူ...

ထိုလူငယ်က အသက် ၃၀ ထက်
မကျော်သေးပါ။ သို့သော်လည်း
နတ်ဘုရားအဆင့်ကျင့်ကြံသူ ဖြစ်နေ၏။

ပြောစရာမလိုအောင်ပါ။ ၎င်း၏

ပင်ကိုယ်စွမ်းရည်က

ကြောက်စရာကောင်းလှသည်။ သို့သော်

သူ၏အော်ရာ က မတည်ငြိမ်သေးပါ။

သို့မဟုတ် အလွန်မတည်မငြိမ်ဟု

ဆိုရပါမည်။ ၎င်းကိုသာ

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် နှင့်

ယှဉ်ပါက ကောင်းကင်နှင့်

မြေကြီးကဲ့သို့ပင်။

လူငယ်က နတ်ဘုရားအဆင့်ကို
တက်လှမ်းရန် ကိုယ့်ကိုယ်ကို
အလုပ်မကြိုးစားဘဲ
ပြင်ပအကူအညီယူထားသောကြောင့်ပါ။

ယန်ယဲ့က ထိုထူးခြားချက်ကို
သတိပြုမိလိုက်၏။

ယန်ယဲ့ က လူငယ်ကို လျစ်လျူရှုကာ
ထွက်သွားရန် ရည်ရွယ်သည်။ သို့သော်

လူငယ်က ရုတ်တရက် “အန်နန်ကျင်း ဘယ်မှာလဲ။ သူမကို ထွက်လာဖို့ပြောပါ။ ဒီနေ့ သူမကို အမိုက်စား သင်ခန်းစာ သင်ပေးမယ်”ဟု မောက်မာစွာပြောလိုက်လေသည်။

အန်နန်ကျင်း ဟူသောအသံကို ကြားလိုက်သောကြောင့် ထွက်သွားရန်ပြင်နေသည့် ယန်ယဲ့၏ခြေလှမ်းများက ရပ်သွားပြီး

လူငယ်ကို လှည့်ကြည့်လိုက်သည်။

"ယွမ်ခွန်း လို့ခေါ်တယ်" ထိုအချိန်တွင် သူ့နောက်မှ တပည့်တစ်ဦးက ရုတ်တရက်ပြောလာသည် "သူက ကောင်းကင်ဝံပုလွေကြယ်ဒေသရဲ့ နံပါတ်တစ်ပါရမီရှင်ပါ။ အရင်တုန်းက ငါတို့သိုင်းနတ်ဘုရားဂိုဏ်းကို စိန်ခေါ်ဖို့ရောက်လာသေးတယ်။ ဒါပေမဲ့ စီနီယာအစ်မအန်း ကို ရှုံးနိမ့်ခဲ့တယ်။

သူက ဒါကို မကျေနပ်နိုက်လို့

နောင်မျိုးဆက်တွေကိုပါ

ကလဲ့စားချေမယ်လို့တောင် ပြောခဲ့တာ။

သူ ဒီကို တကယ်လာမယ်လို့ ငါ

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

ဒါ့ထက်ပိုဆိုးတာက သူက အခု

နတ်ဘုရားဖြစ်သွားပြီ"

ထိုစကားပြောပြီးသည်နှင့်

ထိုတပည့်၏မျက်နှာပေါ်တွင်

လေးနက်သော အမူအရာ ပေါ်လာသည်။

၎င်းတစ်ယောက်တည်း သာမကဘဲ

အခြားသော တပည့်များပါ

အလားတူတုံ့ပြန်ကြသည်။

နတ်ဘုရားအဆင့်ကျင့်ကြံသူ....

နတ်ဘုရားအဆင့် က

နတ်ဘုရားတစ်ပိုင်းအဆင့် ထက်

အနည်းငယ်သာ

အားကောင်းသည်မဟုတ်ပေ။ သူတို့က

အန်နန်ကျင်း ကို

အလွန်ယုံကြည်ထားသည့်တိုင်

ယွမ်ခွန်းက

နတ်ဘုရားအဆင့်ကျင့်ကြံသူတစ်ယော

က် ဖြစ်နေဆဲပင်။

ထိုအချိန်တွင် ယွမ်ခွန်းက
ပတ်ဝန်းကျင်ကို စိုက်ကြည့်ကာ
အေးစက်စွာ ရယ်မောလိုက်သည်
"ဘာလဲ။ သူ့ကိုယ်သူ မပြဝံ့ဘူးလား"

ယန်ယဲ့၏မျက်လုံးထဲမှ အံ့သြမှု တစ်ချက်
ထွက်ပေါ်လာသည်။ သူက ရုတ်တရက်
တစ်ခုခုကို သတိပြုမိလိုက်သည်။
သိုင်းနတ်ဘုရားဂိုဏ်း၏ တပည့်များက
အန်နန်ကျင်း ထွက်သွားခဲ့ပြီကို

မသိသေးပါ။ သို့သော်

သိုင်းနတ်ဘုရားဂိုဏ်း က

လျှို့ဝှက်ထားသောကြောင့်သာ။

အကြောင်းကတော့ အန်နန်ကျင်း

ရှိနေသည်ဟု

အထင်ရောက်နေသရွေ့တော့

ပြဿနာကိုအနည်းနှင့်အများ

ဟန့်တားရာရောက်ပေသည်။

"ဘာလဲ။ အန်နန်ကျင်း ဘယ်မှာလဲ"

ထိုအချိန်တွင် ယွမ်ခွန်းက မျက်နှာပေါ်မှာ

ပြင်းထန်သော အပြုံးဖြင့် "သူမကို

ဒီနေရာကနေ ထွက်လာဖို့ ပြောပါ။

သိုင်းနတ်ဘုရားဂိုဏ်းရဲ့

နံပါတ်တစ်ပါရမီရှင်လား။အနောက်ပိုင်းန

ယ်မြေရဲ့ နံပါတ်တစ် ပါရမီရှင်လား။

ငါယွမ်ခွန်း ကသာ

အနောက်ပိုင်းနယ်မြေရဲ့ နံပါတ်တစ်

ပါရမီရှင်ပဲ။ သူက ငါ့ရှေ့မှာ

ဘာမှမဟုတ်ဘူးဆိုတာကို

မင်းတို့အားလုံးကို

နားလည်အောင်လုပ်ပြမယ်။

သူမ…”

ထိုအချိန်တွင် ယန်ယဲ့က ယွမ်ခွန်း ရှေ့မှာ

ရုတ်တရက်ပေါ်လာသည်။

ယွမ်ခွန်းက အနည်းငယ်

ထိတ်လန့်သွားပြီး စကားစလုဆဲဆဲပါ။

သို့သော်လည်း ယန်ယွဲ့က ဓားကို

ရုတ်တရက်ဆွဲထုတ်ပြီး ပိုင်းချလိုက်၏။

အလင်းရောင်တစ်ချက် လက်သွားပြီး

ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာသည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား

နှစ်ထပ်ပေါင်းစပ်ခြင်း...ယွမ်ခွန်း၏အမူ

အရာက သိသိသာသာ ပြောင်းလဲသွားပြီး

လက်ကို အလျင်အမြန်

ဝှေ့ယမ်းလိုက်သည်။ စွမ်းအင်လက်သီး

၁၀၀ ခန့်သည် ရှေ့သို့

တောက်လျှောက်ထွက်ပေါ်လာပြီး

ဓားစွမ်းအင်ကို ထိမှန်သည်။

သို့သော် ဓားစွမ်းအင်က

စွမ်းအင်လက်သီးများကို

စက္ကူတစ်ရွက်အလား လွယ်ကူစွာ

ဆုတ်ဖြဲသွားသည်။

အုန်း...

ယွမ်ခွန်း၏ပုံရိပ် အဝေးသို့

လွင့်ထွက်သွားသည်။

နောက်ဆုံးတွင်တော့ သူ၏ခန္ဓာကိုယ်က

မြေပြင်ပေါ်ပြုတ်ကျသွားပြီး
လူပုံစံတွင်းနက်ကြီးပေါ်လာလေသည်။

တွင်းထဲတွင်မူ ယွမ်ခွန်း၏ပုံစံက
ပြားပြားဝပ်နေကာ တစ်ကိုယ်လုံး
အဆက်မပြတ်တုန်ယင်နေခဲ့သည်။
ထို့အပြင် သူ့ပါးစပ်ထောင့်မှ သွေးများ
စီးကျလာသည်။

ယန်ယဲ့ က ယွမ်ခွန်း ဆီသို့
လျှောက်သွားပြီး သူ့ကို စိုက်ကြည့်ကာ
"အနောက်ပိုင်းနယ်မြေရဲ့
နံပါတ်တစ်ပါရမီရှင်လား။ ဘယ်လောက်
အားနည်းသလဲ"

ဟု ပြောပြီးသည်နှင့်
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားခဲ့သည်။

၁၈၄၈

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၈ - ငါက စောင့်ရမှာလား

ယန်ယွဲ့ သည် သိုင်းနတ်ဘုရားဂိုဏ်းမှ

ထွက်ခွာလာပြီးနောက်တွင်

ကောင်းကင်တိမ်ကြယ်တာယာ သို့

ပြန်သွားခဲ့သည်။

စစ်နတ်ဘုရားခန်းမ ။.

ခန်းမထဲ၌ လူသုံးယောက်သာ ရှိခဲ့သည်။

ယန်ယဲ့၊ ကျွမ်းဝေယန် နှင့် ယဲ့လင်းယွန်

တို့ပါ။

ကျွမ်းဝေယန် က "နင် အထက်ကမ္ဘာကို သွားတော့မှာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည် "မကြာခင်သွားဖြစ်မယ်"ဟု ပြန်ပြောပါသည်။

ထို့နောက် သူက ယဲ့လင်းယွန် ကို စိုက်ကြည့်ပြီး "လင်းယွန်၊ ဒဏ္ဍာရီလာကောင်းကင်လမ်းနဲ့

ပတ်သက်တဲ့ အချက်အလက်တွေကို

စုဆောင်းပြီးပြီလား"ဟု မေးလိုက်သည်။

ယွဲ့လင်းယွန် က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "နင်

ဒဏ္ဍာရီလာကောင်းကင်လမ်းကို

ဖြတ်ကျော်ချင်ရင် ကောင်းကင်ပြင်ရဲ့

အဆုံးကို ရောက်အောင်သွားရမယ်။

ဒဏ္ဍာရီလာကောင်းကင်လမ်း က

ငါတို့အောက်ဘုံရဲ့

မြောက်ဖက်တည့်တည့်က

ကောင်းကင်ပြင်အဆုံးမှာ ရှိတယ်။

အောက်ဘုံရဲ့ ကျင့်ကြံသူတွေက

အထက်ကမ္ဘာကို

တက်ရောက်ချင်တယ်ဆိုရင်

ဒဏ္ဍာရီလာကောင်းကင်လမ်းကို

ဖြတ်ကျော်ရမယ်။ ဒါဟာ အောက်ဘုံရဲ့

ကျင့်ကြံသူတွေ အထက်ကမ္ဘာကို တက်ဖို့ တစ်ခုတည်းသောလမ်းကြောင်းပဲ”ဟု ရှင်းပြခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "ဒါကို စောင့်နေတာ
ဘယ်နှစ်ယောက်ရှိသလဲ"ဟုထပ်မေးပါသည်။

ယှဲ့လင်းယွန် က

ခဏကြာလေးလေးနက်နက်စဉ်းစားပြီး

"ပုံမှန်အားဖြင့်တော့

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

တစ်ယောက်ပဲရှိတတ်တယ်။ ဒါပေမဲ့

နတ်ဘုရားအဆင့်ကျင့်ကြံသူတွေက

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူကို လုံးဝမယှဉ်နိုင်တာ

နင်လည်းသတိပြုမိမှာပါ။ ဒါ့အပြင်

အထက်ကမ္ဘာ က ချမှတ်ထားတဲ့
စည်းမျဉ်းတွေကို စိန်ခေါ်ရဲတဲ့သူ
မရှိသလောက်နည်းတယ်။ဒီတော့
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူတစ်ယောက်ကတောင်
ဒဏ္ဍာရီလာကောင်းကင်လမ်းကို
ကာကွယ်ဖို့လုံလောကတယ်။ ဒါပေမဲ့…”

ယွဲ့လင်းယွန် က
သကားဆက်မပြောသေးဘဲ ယန်ယွဲ့ကို

စိုက်ကြည့်နေသည် "ဒါပေမဲ့ ဒါက

သာမန်အခြေအနေတွေပဲလေ။ နင်

တက်လာမယ်ဆိုတာ အထက်ကမ္ဘာရဲ့

အာဏာပိုင်တွေသိတာ သေချာပါတယ်။

ဒါကြောင့် စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်ပဲ

စောင့်ကြပ်နေဖို့ဆိုတာမဖြစ်နိုင်လောက်

ဘူး။ ရုတ်စွအဆုံး

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ရဲ့

အထက်ဆင့်ကျင့်ကြံတွေပါ
ရောက်နေလောက်ပြီ။ သူတို့က နှင့်ကို
ဖြတ်ကျော်ဖို့ အခွင့်အရေးမပေးဘဲ
ဖယ်ရှားပစ်ဖို့ သေချာပေါက် ကြိုးစားမှာ
သေချာတယ်”ဟု ဆက်ပြောခဲ့သည်။

ယန်ယဲ့ လည်း ငြိမ်သွားသည်။

ယဲ့လင်းယွန်
ပြောခဲ့သည့်အတိုင်းအမှန်ပင်။

အထက်ကမ္ဘာ၏အာဏာပိုင်များက

သူ့အကြောင်းကို သိနေလေရာ

ကောင်းကင်လမ်းကိုစောင့်ကြပ်ရန်

သာမန်ကျင့်ကြံသူများ

စေလွှတ်ထားမည်မဟုတ်ပါ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ဒါဇင်ချီ သို့မဟုတ်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

အနည်းငယ်ပင်

စေလွှတ်ထားနိုင်ချေများ၏။

ပြန်လည်မွေးဖွားခြင်းအဆင့်....

လက်ရှိသူ့ခွန်အားဖြင့်ပင်

ရင်ဆိုင်နိုင်စွမ်းမရှိသော တည်ရှိမှုပါ။

ထိုအချိန်တွင် ယဲ့လင်းယွန်က ယန်ယဲ့

ထံသို့ လျှောက်လာကာ "နင်ဟာ

ကျန်းဝူကျိ နဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ တို့နဲ့

မတူဘူး။သူတို့တွေ

ဒဏ္ဍာရီလာကောင်းကင်လမ်းကို

ဖြတ်ကျော်တဲ့အချိန်မှာ

အထက်ကမ္ဘာရဲ့အာဏာပိုင်တွေက

သူတို့ကို ရည်ရွယ်ချက်ရှိရှိ

ပစ်မှတ်မထားဘူး။ ဒါပေမဲ့ နင်ကတော့

အထက်ကမ္ဘာရဲ့အာဏာပိုင်တွေက

ပစ်မှတ်ထားခံနေရတယ်။ သူတို့က နင့်ကို

ကောင်းကင်လမ်းကို
ဖြတ်ကျော်ခွင့်ပေးမှာမဟုတ်ဘူး။
ဒါကြောင့် အနည်းဆုံးတော့
အခုလောလောဆယ် မသွားဖို့
အကြံပြုပါရစေ”ဟု ပြောပါသည်။

ယန်ယဲ့ သည် သူ၏ ညာလက်သီးကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။
သူ့မျက်နှာပေါ်တွင်
အနည်းငယ်မှုန်မှိုင်းနေသော အမူအရာ

ပေါ်လာသည်။ ယွဲ့လင်းယွှန်

ပြောခဲ့သည့်အတိုင်း၊ သူက ကျန်းဝူကျိ

သို့မဟုတ် အနှောင်အဖွဲ့ကင်းမဲ့သူ

တို့နှင့်မတူပါ။ သူသာ

အထက်ကမ္ဘာကိုတက်ရန်ကြိုးစားသည်နှ

င့် အထက်ကမ္ဘာ၏ အာဏာပိုင်များက

အပြီးတိုင်ဖယ်ရှားပစ်ရန်

ကြိုးစားလာမည်မှာ သေချာပေသည်။

အထက်ကမ္ဘာ၏

အင်အားစုအားလုံးနီးပါး

မဟုတ်သည့်တိုင် မာကလန်၊

အင်ပါယာခန်းမ နှင့်

စစ်နတ်ဘုရားခန်းမတို့က သူ့အား

တားဆီးရန် ကြိုးစားကြပေမည်။

ထိုအင်အားစုများအပြင်

နတ်ဘုရားဖီးနစ်ကလန် ပါရှိနေသေး၏။

မိုရှောင်းလန် က သူ့အား သေချာပေါက် တက်လာခွင့်ပေးမည်မဟုတ်ပါ။

ထို့ကြောင့် သူသည် ဒဏ္ဍာရီလာကောင်းကင်လမ်း ကို ဖြတ်ကျော်ရန်ကြိုးစားပါက အောင်မြင်နိုင်ချေနည်းပါးလှလေသည်။

သို့မဟုတ် လက်ရှိအခြေအနေအရတော့ အထက်ကမ္ဘာကို

တက်ရောက်ရန်ကြိုးစားလျှင် သူ့ကိုယ်သူ သေလမ်းပို့လိုက်သလိုသာဖြစ်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"ငါသွားရမယ်"

ဟုသာ ပြောလိုက်တော့သည်။

"ဘာကြောင့်လဲ" ယဲ့လင်းယွန်က အံ့သြသွားသည်။ ဤတစ်ကြိမ်တော့

သူမက ယန်ယဲ့၏အတွေးများကို
နားမလည်တော့ပါ။

ယန်ယဲ့ သည် အကြိမ်ကြိမ်
စိတ်မြန်လက်မြန်နှင့်
လုပ်ဆောင်တတ်သော်လည်း
အခြေအနေအရသာ။ သို့သော်လည်း
လက်ရှိအခြေအနေအရ
သေလမ်းဖြစ်ကြောင်း သိနေသည့်တိုင်
ပြတ်ပြတ်သားသားဆုံးဖြတ်နေဆဲပါ။

ထိုအခြေအနေက ယွဲ့လင်းယွန် ကို

အတော်လေး ပဟေဠိ

ဖြစ်သွားစေသည်။ယန်ယွဲ့ က

အသက်ပြင်းပြင်းရှူပြီး "လင်းယွန်၊

မင်းစိတ်ပူနေတာ ငါသိပါတယ်။ ဒါပေမဲ့

သေချာလေးတွေးကြည့်လိုက်ပါ။

အခုမသွားနိုင်ရင်

ဘယ်အချိန်သွားလို့ရမလဲ”ဟု

ပြန်ပြောလိုက်သည်။

ယွဲ့လင်းယွန်က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး

“အထက်ကမ္ဘာရဲ့ အင်အားစုတချို့က

ငါ့ကို ပစ်မှတ်ထားနေတာဆိုတော့ ငါ

အခုမတက်နိုင်တော့ဘူးပဲထား၊

အနာဂတ်မှာလည်း ငါအဲဒီကို

မတက်နိုင်ဘူးလေ။ ငါက

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ဒါမှမဟုတ် ပြန်လည်မွေးဖွားခြင်းအဆင့်
ကို မရောက်ရင်။ ရောက်မှပဲ
ဒဏ္ဍာရီလာကောင်းကင်လမ်းကို အသာ
လေးဖြတ်ကျော်နိုင်တော့မယ်။ ဒါပေမဲ့
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ဒါမှမဟုတ် ပြန်လည်မွေးဖွားခြင်းအဆင့်
က အခု
ငါရောက်နိုင်တဲ့နယ်ပယ်တွေမဟုတ်ဘူး။
ဒါ့အပြင် ငါက

ပြန်လည်မွေးဖွားခြင်းအဆင့် ကို

ရောက်ရင်တောင် အခြေအနေက

အရမ်းကြီးကွာခြားမယ်လို့

မင်းထင်လား။

အခုလက်ရှိမှာ ငါက

နတ်ဘုရားတစ်ပိုင်းအဆင့် ပဲဆိုတော့

သူတို့က စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတွေပဲ စေလွှတ်နိုင်မှာ။

တကယ်လို့ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေ စေလွှတ်ထားရင်တောင်

အရေအတွက်များဦးမှာမဟုတ်ဘူး။

ဒါပေမဲ့ ငါသာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကို

ရောက်နေရင် သူတို့က

အဆင့်မြင့်ကျင့်ကြံသူတွေ ဒါဇင်နဲ့ချီ

စေလွှတ်တော့မှာလေ။ ဒီတော့

ငါရင်ဆိုင်ရမယ့် အခြေအနေက

သိပ်တော့ ကွာခြားမှာ မဟုတ်ဘူး”ဟု

ပြောခဲ့သည်။

ယဲ့လင်းယွန် က

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့သည်။ ထို့နောက် သူမက

အကူအညီမဲ့စွာ ရယ်မောကာ "ဒါပေမဲ့

အခု သွားရင်တော့ နင့်မှာ

အခွင့်အရေးမရှိဘူး"ဟုပြောလိုက်ပါသ

ည်။

"မင်းမကြိုးစားမချင်း
ဘယ်တော့မှမသိနိုင်ဘူးလေ..."
ယန်ယဲ့က ပြုံးလိုက်ပြီး ကျွမ်းဝေယန်ကို
စိုက်ကြည့်ရင်း " စိတ်ပူစရာ မလိုပါဘူး။
ငါ့ကိုယ်ငါ သေလမ်းပို့ဖို့မကြိုးစားဘူး"ဟု
ပြောလိုက်သည်။

ကျွမ်းဝေယန် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

"နင်လုပ်မှာပါ"

ယန်ယဲ့၏မျက်နှာက  အေးခဲသွားသည်။

"သူမက မျက်နှာသာလေးတောင်

မပေးဘူးလား..."

ထိုအချိန်တွင် ကျွမ်းဝေယန် က သူ့ထံသို့

လျှောက်လာပြီး လက်ကိုဆွဲကာ "ဇီအာ

အကြောင်း ငါကြားဖူးတယ်။

နင်တို့နှစ်ယောက်ကြားက

အရာအားလုံးကို ငါသိတယ်။ နင်သူမကို

စွန့်လွှတ်မှာမဟုတ်ဘူးဆိုတာပါ

ငါသိပါတယ်။ ဒါပေမဲ့

နင်အသက်ရှင်နေချိန်မှာပဲ သူ့အတွက်နဲ့

ငါတို့အားလုံးအတွက် မျှော်လင့်ချက်တွေ

ရှိမယ်ဆိုတာ သတိရရမယ်။

နားလည်လား"

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

ကျွမ်းဝေယန် က ဆက်ပြောသည်

“နင်ဟာ အင်အားစု အများကြီးကို

စော်ကားခဲ့တယ်။ ဒါဟာ ငါတို့ ခုခံနိုင်တဲ့

အင်အားစုတွေ မဟုတ်ဘူး။ ဒီတော့

နင်သေရင် ငါတို့ပါ နင်နဲ့အတူ

သေရမယ်ဆိုတာ ကိုယ်စားပြုတယ်။

ဒါကြောင့် ဘာပဲဖြစ်ဖြစ်

အသက်ရှင်နေရမယ်။ နားလည်သလား"

ကျွမ်းဝေယန် က

ယန်ယဲ့၏အကျင့်စရိုက်အကြောင်း

ကောင်းကောင်းသိထားပုံပါ။

ယန်ယဲ့သည် သေခြင်း သာမကဘဲ

မည်သည့်အန္တရာယ်ကိုမျှမကြောက်တတ်

သူပါ။

သို့သော် သူ့ဘေးနားမှ လူများ

ထိခိုက်မှာကိုတော့ မလိုလားခဲ့ပေ။

၎င်းသည် ယန်ယဲ့အတွက်

အချုပ်အနှောင်တစ်ခုသဖွယ်ပင်။

သို့သော်လည်း သူ့အတွက်

ပိုသန်မာလာအောင်

တွန်းအားတစ်ခုလည်းဖြစ်နေ၏။

"ဝေယန် ပြောတာမှန်တယ်"

ထိုအချိန်တွင် ယဲ့လင်းယွန် က

ဝင်ပြောလိုက်သည်

“ယန်ယဲ့၊ နင်အမျှားကြီး

စော်ကားခဲ့တာကို သဘောပေါက်ရမယ်။

တကယ်လို့ နင်သာ ကျသွားပြီဆိုရင်

အထက်ကမ္ဘာက

ငါတို့ကိုဂရုမစိုက်ရင်တောင်

အောက်ဘုံကလူတိုင်း

တိုက်ခိုက်လာလိမ့်မယ်။ ဒါကြောင့် ငါ၊

ဝေယန် ဒါမှမဟုတ် ဇီအော ။ ငါတို့အားလုံး

သေနိုင်ပေမယ့် နင်တော့ သေလို့မရဘူး။

ဘာကြောင့်လဲဆိုတော့ နင်သေရင်

ကျန်တဲ့လူတွေပါ

အကုန်သေသွားမယ်လို့ကိုယ်စားပြုနေတ

ယ်။ ဒါ့အပြင် လောလောဆယ်မှာ နင်က

ဓားမဟာမိတ်အဖွဲ့နဲ့

ကောင်းကင်တိမ်ကြယ်တာယာ ရဲ့

တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်နေ

ပြီ"

ယန်ယဲ့က သူ့ခေါင်းကို ခါလိုက်ပြီး "ဒါက ငါ့အပေါ် ဖိအားများစွာ သက်ရောက်နေသလို ခံစားရတယ်"ဟူ၍ ပြောပြီး ခါးသက်သက်ရယ်မောလိုက်သည်။

ယဲ့လက်းက တခစ်ခစ်ရယ်ပြီး “ဖိအားက လှုံ့ဆော်မှုပါ။ ကောင်းပြီ၊ အဲဒါကို ဆက်မပြောတော့ဘူး။ နင် ဒဏ္ဍာရီလာကောင်းကင်လမ်း ကို

ဖြုတ်ကျော်တော့မယ်ဆိုကတည်းက

နင့်မှာ

တခြားဝှက်ဖဲတွေရှိမှာသေချာတယ်။

ဒါဆို နင့်ကိုယ်နင်သေလမ်းမပို့တာတော့

ငါယုံကြည်တယ်"ဟုပြောခဲ့သည်။

ထို့နောက် သူမက ကျွမ်းဝေယန် ကို

စိုက်ကြည့်ကာ “ဝေယန်၊ နင်

သိပ်စိုးရိမ်နေစရာ မလိုဘူး။ အဲဒီလူက

တစ်ခါတလေ

စိတ်မြန်လက်မြန်ဆိုပေမယ်လို့ သူက
တကယ်ကို ညက်ကောင်းတယ်”ဟု
အားပေးစကားပြောလိုက်သည်။

ကျွမ်းဝေယန် က ယန်ယွဲ့ကို ကြည့်ပြီး
ခေါင်းညိတ်ပြသည် “တကယ်ပါပဲ”

ကျွမ်းဝေယန် က ခဏတုံ့ဆိုင်းသွားပြီးမှ
"နင် ကံဆိုးခြင်းနယ်မြေကို

မသွားခင်တုန်းက ငါပြောခဲ့တာကို

မှတ်မိသေးလား"ဟုပြောလိုက်သည်။

ယန်ယဲ့က အံ့သြသွားပြီး "မင်း

တစ်ခုခုပြောနေတာလား။ ဘာလဲ"

ကျွမ်းဝေယန်က သူ့ကို ဂရုမစိုက်ဘဲ

စိုက်ကြည့်ရင်း "နင်မေ့သွားပြီဆိုတော့

မေ့လိုက်ပါ"

ယန်ယဲ့ က ကျွမ်းဝေယန်ကို

ရုတ်တရက်ပွေ့ဖက်လိုက်ပြီး

ပြုံးကာပြောလိုက်လေသည်

"ဘယ်လိုမေ့သွားနိုင်မှာလဲ။ ငါပြန်လာရင်

မင်းကိုလက်ထပ်ရမယ်လို့

မင်းပြောခဲ့တယ်" ဟုပြောပြီး

ယဲ့လင်းယွန်ကိုလှည့်ကြည့်ကာ

"လင်းယွန်၊ ငါဒီကိစ္စတွေကိုက

မင်းအတွက်ထားခဲ့မယ်"ဟု ပြောလိုက်တော့သည်။ကျွမ်းဝေယန် က "ဒါကို အရမ်းတောက်ပြောင်အောင် မလုပ်ပါနဲ့။ ရိုးရိုးရှင်းရှင်းလေး လုပ်မယ်"ဟု ပြောလေသည်။

"တကယ်တော့ အတူတူနီးပါးပါပဲ" ယဲ့လင်းယွန် က ပြုံးပြီး "လောလောဆယ် နင်တို့ရဲ့ဆက်ဆံရေးအကြောင်း လူတိုင်းသိတယ်။ ဒါပေမဲ့ အခမ်းအနား

ပြီးဆုံးဖို့ လိုအပ်နေသေးတယ်။
ဘာကြောင့်လဲဆိုတော့ ဒီလိုလုပ်မှပဲ
ကောင်းကင်တိမ်ကြယ်တာယာ က
သက်တောင့်သက်သာ
အနားယူနိုင်မှာပါ"ဟုပြောသည်။

ယန်ယဲ့ နှင့် ကျွမ်းဝေယန် တို့ကြားမှ
ဆက်ဆံရေးကို လူတိုင်း
ကောင်းကောင်းသိထားကြသည်။
သို့သော်လည်း လက်ထပ်ပွဲ

ကျင်းပရခြင်းမရှိသေးပါ။ ထို့ကြောင့်
ကောင်းကင်တိမ်ကြယ်တာယာ မှ
နေထိုင်သူများဟာ သက်တောင့်သက်သာ
မနေနိုင်ကြပေ။ လူတိုင်းက
သဘာဝအတိုင်း ပူပန်နေခဲ့ရသည်။
အကြောင်းကတော့ ယန်ယွဲ့ နှင့်
ကျွမ်းဝေယန် တို့သာ
မဆုံစည်းခဲ့သည်ရှိသော်
ကောင်းကင်တိမ်ကြယ်တာယာက

မည်သို့ဖြစ်သွားမည်နည်း။
ကောင်းကင်တိမ်ကြယ်တာယာ၏
လက်ရှိအောင်မြင်မှုတိုင်းဟာ
မည်သူ့ရှိနေသနည်း။ အဓိကကတော့
ယန်ယဲ့ ကြောင့်ပါ။

ယန်ယဲ့ သာ
ကောင်းကင်တိမ်ကြယ်တာယာ မှ
ထွက်သွားခဲ့လျှင် ၎င်း၏အင်အားနှင့်

ဂုဏ်သတင်းဟာ အနည်းဆုံး တစ်ဝက်ခန့်
ကျဆင်းသွားပေလိမ့်မည်။

အပြန်အလှန်အားဖြင့် ယန်ယဲ့ နှင့်
ကျွမ်းဝေယန် တို့သာ
လက်ထပ်ပြီးသည်နှင့် လူတိုင်း
အေးအေးဆေးဆေး
အနားယူနိုင်ပါသည်။

တစ်နည်းအားဖြင့် ယန်ယဲ့

တည်ရှိနေခြင်းဟာ

ကောင်းကင်တိမ်ကြယ်တာယာ၏

အင်အားဟု ယူဆနိုင်သည်။

....

ယဲ့လင်းယွန် က

ကိုယ်တိုင်ဦးဆောင်လျက်

အခမ်းအနားတစ်ခုလုံးကို

စီမံခန့်ခွဲခဲ့သည်။ ကျွမ်းဝေယန်

ပြောခဲ့သည့်အတိုင်းပါ၊ အခမ်းအနားက

ထည်ထည်ဝါဝါ မဟုတ်ဘဲ ရိုးရှင်းစွာသာ

ကျင်းပခဲ့သည်။ ကျွမ်းဝေယန်၏

မိဘများ၊ ဓားမဟာမိတ်အဖွဲ့ နှင့်

ကောင်းကင်တိမ်ကြယ်တာယာ မှ

အထက်အာဏာပိုင်များသာ

တက်ရောက်ရှိသာ။

ယန်ယဲ့ နှင့် ကျွမ်းဝေယန် တို့

လက်ထပ်လိုက်ကြသည်ကို

မြင်လိုက်မှသာ ကျွမ်းဝေထျန် တို့လည်း

နောက်ဆုံးတွင်

သက်တောင့်သက်သာဖြစ်သွားခဲ့သည်။

နှစ်ယောက်စလုံး က ယန်ယဲ့နှင့်

သူတို့၏သမီးဖြစ်သူအား

လက်ထပ်ပေးလိုခဲ့ကြသည်။နောက်ဆုံး

တွင် ယန်ယဲ့ က မည်သူနည်း။ သူသည်

အောက်ဘုံ၏ နံပါတ်တစ်

ပါရမီရှင်ဖြစ်ခဲ့သည်။ အချို့က

ယန်ယွဲ့အား အောက်ဘုံ၏

နံပါတ်တစ်ကျင့်ကြံသူ ဟုပါ

သတ်မှတ်ထားသည့်အတိုင်းအတာအထိ

ပင်။

သို့သော်လည်း ယန်ယွဲ့၏အသက်က

ကြီးရင့်နေသည်မဟုတ်ပါ။ အသက် ၃၀

ပင် မပြည့်သေးပေ။

သူတို့အမြင်အရ ကျန်းဝူကျိ နှင့်

အနှောင်အဖွဲ့ကင်းမဲ့သူ တို့ပင်လျှင်

ယန်ယဲ့၏အသက်အရွယ်မှာ

ထိုကဲ့သို့အောင်မြင်မှုများ မဟုတ်နိုင်ပါ။

ညနက်အချိန် ။

အခမ်းအနား ပြီးဆုံးသွားပြီးနောက်

ယန်ယဲ့ နှင့် ကျွမ်းဝေယန် တို့ဟာ

စစ်နတ်ဘုရားခန်းမ မှ ထွက်သွားခဲ့သည်။

မင်္ဂလာအိပ်ခန်းထဲတွင် ။

အခန်းတစ်ခုလုံးက

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

စိတ်ဆန္ဒနှစ်ခုဖြင့် ကာကွယ်ထားခဲ့၏။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ၏

နတ်ဘုရားစိတ်အာရုံအသိပင်

အခန်းထဲသို့ ထိုးဖောက်လာနိုင်စွမ်းမရှိဟု

ဆိုနိုင်ပါသည်။

ယန်ယွဲ့ နှင့် ကျွမ်းဝေယန် တို့ဟာ

အနီရောင်တလက်လက်တောက်ပနေ

သော မင်္ဂလာဝတ်စုံကို

ဝတ်ဆင်ထားကြသည်။

ကျွမ်းဝေယန် က အမှန်ပင် ရှားမှရှားသော

အလှတရားတစ်ခုပါ။

လက်ထပ်ပွဲအခမ်းအနားအတွက်

အထူးဝတ်ဆင်ထားသော

သူမ၏အလှအပ နှင့် အသွင်အပြင်က

ယန်ယဲ့ကိုပင် အံ့အားသင့်စေခဲ့သည်။

ကျွမ်းဝေယန် က အသံတိုးတိုးလေးနှင့် ပြောပါသည် "တစ်နေ့မှာ လက်ထပ်ရမယ်လို့ မထင်ထားဘူး"

ယန်ယဲ့ က သူမလက်ကိုဆွဲပြီး "ဒါက မင်းငါ့ကိုမတွေ့ဖူးလို့ပဲ"

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "အင်မော်တယ်ကျွန်း မှာ တွေ့တဲ့ မြင်ကွင်းကို မှတ်မိလား"ဟု ပြောသည်။

"ဒါပေါ့" ယန်ယဲ့က ပြုံးလိုက်သည်။ သူနှင့် ကျွမ်းဝေယန် တို့ဆုံတွေ့ခဲ့စဉ်က ဘာမှဝတ်မထားကြောင်း မှတ်မိနေခဲ့သည်။

သူမက “အဲဒီအချိန်မှာ ငါ့စိတ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ နင်သိလား”ဟု ထပ်မေးလေသည်။

ယန်ယဲ့က သိချင်သွား၏ "ဘာလဲ"

"ငါနင့်ကိုသတ်ရမယ်"

ယန်ယဲ့ သည် စကားပြန်မပြောနိုင်ပေ။

သူမ တိုးတိုးလေးဆက်ပြောသည် "နင့်မှာ
မရှိသင့်တဲ့အရာကို မြင်လိုက်လို့ပါ"

ယန်ယဲ့က သူမ၏ခါးလေးကို ဆွဲဖက်ပြီး ပြုံးလိုက်သည် "ဒါကို ငါမမြင်သင့်ဘူး။ အခုချိန်မှာတော့ အဲဒါတွေအားလုံးကို ငါ သဘောကျတယ်”

ထိုစကားပြောပြီးသည်နှင့် သူ၏ ညာလက်ကို ဝှေ့ယမ်းလိုက်ရာ အခန်းက မှောင်ကျသွားသည်။

ထို့နောက်တွင်တော့

တိုးညှင်းသောငြီးငြူသံများ အခန်းထဲမှာ

ပျံ့လွင့်လာလေသည်။

၁၈၄၉

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၄၉ - ငါမရှုံးနိမ့်ဖူးဘူး

ယန်ယဲ့ သည် ကျွမ်းဝေယန် နှင့်အတူ

နောက်ထပ် ရက်အနည်းငယ်ကြာ

နေခဲ့သည်။

ဤအတောအတွင်း

နှစ်ယောက်လုံးဟာအလုပ်အားလုံးကို

ဘေးဖယ်ထားပြီး အတူတူနေကြခဲ့သည်။

သူတို့နှစ်ယောက်က

လက်ထပ်ပြီးကာစဖြစ်လေရာ

မခွဲခွာခင်အထိ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်နေကြ၏။

ထူးခြားချက်မှာ ယန်ယဲ့ သည် ကံဆိုးခြင်းနယ်မြေမှ ရလာသော မီးဝိညာဉ်သစ်သီးများထဲမှ တစ်လုံးကို ကျွမ်းဝေယန်အား ပေးလိုက်ခြင်းပင်။ မီးဝိညာဉ်သစ်သီးကို စားသုံးပြီးနောက် ကျွမ်းဝေယန်က

နတ်ဘုရားအထွတ်အထိပ်အဆင့်သို့
ရောက်ရှိသွားခဲ့သည်။

ကျွမ်းဝေယန်၏ ပင်ကိုယ်စွမ်းရည်သည်
လုံးဝမဆိုးပေ၊ အလွန်တော်သည်ဟု
ဖော်ပြသင့်သည်။ အကယ်၍
ကောင်းကင်နတ်ဆိုးသခင်၏
စကြာဝဠာရောင်ခြည်ကြောင့်သာ
ဒဏ်ရာမရရှိခဲ့လျှင် လက်ရှိတွင်
နတ်ဘုရားအထွတ်အထိပ်အဆင့်သို့

ရောက်နေလောက်ပါသည်။ ထို့အပြင်

သူမ၏တိုက်ခိုက်ရေးစွမ်းအား ကလည်း

ယခင်ကတည်းက

ကြောက်စရာကောင်းလှသည်။

ယခုလက်ရှိ

နတ်ဘုရားအထွတ်အထိပ်အဆင့်သို့

တက်လှမ်းပြီးနောက်

မည်မျှကြောက်စရာကောင်းသနည်း။

ယန်ယဲ့ သည်ပင်

ပြန်လည်မွေးဖွားခြင်း၏ဓားကို

အသုံးမပြုလျှင် ကျွမ်းဝေယန်အား

အနိုင်ယူနိုင်မည်မဟုတ်ပေ။

၃ ရက်ခန့်အကြာတွင်မူ ယန်ယဲ့ သည်

ကောင်းကင်တိမ်ကြယ်တာယာမှ

ထွက်ခွာသွားခဲ့လေသည်။

သူ ထွက်ခွာသွားသည့်အချိန်တွင်တော့

ရှေးဟောင်းကေရာဇ်စပါးအုံးကို

ကောင်းကင်တိမ်ကြယ်တာယာ အား

စောင့်ကြပ်ရန်အတွက် ချန်ထားခဲ့၏။

ရှေးဟောင်းစပါးအုံးက

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင်

ထက်ပင် မနိမ့်ကျပါ။ထို့ကြောင့်

ရှေးဟောင်းစပါးအုံး ရှိနေလျှင်

ကောင်းကင်တိမ်ကြယ်တာယာ၏

လက်ရှိအင်အားက အောက်ဘုံတစ်ခုလုံး

မည်သူမျှ ဆန့်ကျင်ဝံ့မည်မဟုတ်ပါ။

အထက်ကမ္ဘာ၏ အာဏာပိုင်များ

ကလည်း အောက်ဘုံဟာ ငရဲခန်းမ နှင့်

ဆက်စပ်နေသောကြောင့် မည်သူ့ကိုမျှ

အလောတကြီး

စေလွှတ်ဝံ့မည်မဟုတ်ပေ။

နောက်ဆုံးတွင်

အထက်ကမ္ဘာ၏အာဏာပိုင်များက

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ စေလွှတ်ခဲ့သည့်တိုင်

သွေးကေရီ၏ လက်ထဲ၌

သေဆုံးသွားခဲ့ကြလေသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

များ အသတ်ခံရခြင်းဟာ

အထက်ကမ္ဘာအတွက်ပင် ကြီးမားသော

ဆုံးရှုံးမှုတစ်ခုပါ။

ပြန်လည်မွေးဖွားခြင်းအဆင့် သို့မဟုတ် စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ပင်ဖြစ်စေ ထိုအဆင့်ကျင့်ကြံသူများအား နောက်ထပ် အလျင်စလိုစေလွှတ်ရန် မဖြစ်နိုင်တော့ပေ။

ထိုအဆင့်ကျင့်ကြံသူများ အောက်ဘုံကို ဆင်းလာပါက ကျင့်ကြံမှုအဆင့် ဖိနှိပ်ခံရပေမည်။ ထိုအချိန်တွင်

အရေအတွက်များနေသည့်တိုင်
ငရဲခန်းမကို ယှဉ်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ငရဲခန်းမက မလှူပ်ရှားသရွေ့
အထက်ကမ္ဘာ ကလည်း
သူတို့၏ကျင့်ကြံသူများကို အလွယ်တကူ
စေလွှတ်ဝံ့မည်မဟုတ်ပေ။

ယန်ယွဲ့ သည်

အင်အားကြီးကျောထောက်နောက်ခံ

ပိုင်ဆိုင်ထားသည်ဟုပင် ဆိုနိုင်၏။

ယန်ယွဲ့ တစ်ယောက်

ကောင်းကင်တိမ်ကြယ်တာယာ မှ

ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက်

သတင်းတစ်ခု ပြန့်နှံ့လာခဲ့သည်။

ထိုသတင်းက ယန်ယဲ့ သည်
နောက်တစ်လအကြာတွင်
ဒဏ္ဍာရီလာကောင်းကင်လမ်း ကို
ဖြတ်ကျော်တော့မည်ဟူ၍ပါ။

ထိုသတင်းကို ကြားလိုက်သည်နှင့်
လူတိုင်း စိတ်လှုပ်ရှားခဲ့ကြလေသည်။
ယန်ယဲ့ သည် မည်သူနည်း။ လက်ရှိခေတ်
အောက်ဘုံ၏ နံပါတ်တစ်ကျင့်ကြံသူ

ပင်မဟုတ်ပါလား။ အောက်ဘုံမှ လူတိုင်း

သူ၏နာမည်ကို မသိသူဟူ၍မရှိကြပေ။

သို့သော် ထိုလူက

နှစ်ပေါင်းသောင်းချီကာလအတွင်း

လူနှစ်ယောက်သာလျှင်

အောင်မြင်ခဲ့သော

ဒဏ္ဍာရီလာကောင်းကင်လမ်းကို

ဖြတ်ကျော်ရန်ကြိုးစားနေခဲ့၏။

"ဒက္ခိဏာရီလာမဟာကောင်းကင်လမ်း..."

လွန်ခဲ့သော နှစ်ထောင်ချီ သို့မဟုတ်
နှစ်ပေါင်းသောင်းချီသော
ကာလအတွင်းက လူနှစ်ယောက်ကသာ
ကောင်းကင်လမ်းကိုဖြတ်ကျော်၍
အထက်ကမ္ဘာသို့တက်ရောက်သွားနိုင်ခဲ့
လေသည်။ ထိုနှစ်ယောက် ကတော့
လူတိုင်း သိကြသည့်အတိုင်း ကျန်းဝူကျိ
နှင့် အနှောင်အဖွဲ့ကင်းမဲ့သူ တို့ပါ။

ထိုနှစ်ယောက်စလုံးက

တူညီသောအချက်မှာ စားကျင့်ကြီးသူများ

ဖြစ်နေခြင်းပင်။

လက်ရှိ ယန်ယဲ့ ကလည်း စားကျင့်ကြီးသူ

ဖြစ်ခဲ့သည်။ ထို့ကြောင့် စားလမ်းစဉ်က

ပြန်လည်မွေးဖွားလာသည်ဟုပင်

ဆိုရပေမည်။

ဓားကျင့်ကြံခြင်းလမ်းစဉ် (သို့)
ဓားတာအိုလမ်းကြောင်း ။

အမှန်စင်စစ်
လောကတစ်ခုလုံးနှင့်ယှဉ်သော်
ဓားကျင့်ကြံသူအရေအတွက်က
နည်းပါးလှပေသည်။ အကြောင်းကတော့
ဓားလမ်းစဉ်ဟာ
ခက်ခဲကြမ်းတမ်းလွန်းသောကြောင့်ပါ။

ဓားကျင့်ကြံသူတစ်ယောက်

ဖြစ်ရန်အတွက် လိုအပ်ချက်ကား

အလွန်ခက်ခဲ၏။ ၎င်းက ဓားစိတ်ဆန္ဒ ကို

နားလည်ရန်ပင်။

ဓားစိတ်ဆန္ဒ ကို နားလည်မထားပါက

ဓားကျင့်ကြံသူဟု မယူဆနိုင်ပေ။

ကြောက်မက်ဖွယ်ကောင်းသော

ဓားနည်းစနစ်များ ပိုင်ဆိုင်ထားလျှင်ပင်

ဓားစိတ်ဆန္ဒ မရှိဘဲ ၎င်း၏စစ်မှန်သော

စွမ်းအားကို

ထုတ်လွှတ်နိုင်မည်မဟုတ်ပေ။ ထို့အပြင်

လူတစ်ယောက်ဟာ ဓားစိတ်ဆန္ဒ

နားလည်ထားသည့်တိုင်

ဉာဏ်အလင်းရဓားနှလုံးသားမရှိလျှင်

တိုက်ခိုက်ရေးစွမ်းအားက

အကန့်အသတ်ရှိပေသည်။

ထိုကဲ့သို့

ကြမ်းတမ်းသောလိုအပ်ချက်များဖြစ်နေ

လေရာ ကျင့်ကြံသူအများအပြားက

ဓားတာအိုလမ်းစဉ် ကို

လျှောက်လှမ်းလိုခြင်းမရှိတော့ပေ။

ထိုအချက်ကပင် ဓားတာအိုလမ်းစဉ်

ပျောက်ကွယ်လာရသည့်အကြောင်းအရ

င်းပင်တည်း။လက်ရှိတွင်မူကား

ယန်ယဲ့၏ အသွင်အပြင်သည်

ဓားတာအိုလမ်းစဉ်အား နောက်တစ်ဖန်

လူတိုင်းသဘောကျလာစေခဲ့လေသည်။

ဓားကျင့်ကြံသူ များသည်

အားနည်းသူများ မဟုတ်ပါ။ ထိုအစား

အစွမ်းထက်ကြ၏။

မှန်သည်။ ၎င်းသည်

အဓိကအချက်မဟုတ်ပေ။

အဓိကကတော့ ယန်ယဲ့ သည်

ထောင်စုနှစ်အတွင်း

ဒဏ္ဍာရီလာကောင်းကင်လမ်းကို

စိန်ခေါ်ဝံ့သည့် တစ်ယောက်တည်းသော

ဓားကျင့်ကြံသူ ဖြစ်ခဲ့သည်။

သူသည်

ဒဏ္ဍာရီလာမဟာကောင်းကင်လမ်းကို

ဖြတ်ကျော်နိုင်ပါမည်လော။

လူအတော်များများက

စိတ်ဝင်တစားစောင့်မျှော်နေကြသည်။

တစ်ချိန်တည်းတွင်

မရေမတွက်နိုင်သောလူများဟာ

အောက်ဘုံ၏

မြောက်ပိုင်းကောင်းကင်ပြင်အဆုံးသို့

ဦးတည်ခဲ့ကြသည်။ မည်သူမျှ

လက်လွှတ်မခံချင်လိုပေ။

အားလုံးက လကုန်မည့်နေ့ကို

စောင့်ဆိုင်းနေခဲ့ကြသည်။ ယန်ယဲ့

ကတော့ မည်သူ့ကိုမျှ

သတိပေးခြင်းမရှိဘဲ

မြောက်ပိုင်းနယ်မြေအဆုံးသို့

ရောက်လာခဲ့ပါပြီ။

ဤတစ်ကြိမ်တော့ သူက

လူသိမခံလိုသောကြောင့် ကိုယ့်ကိုယ်ကို

ဖုံးကွယ်ထားလိုက်၏။ သူ

ထွက်ခွာသွားသည်ကို ယဲ့လင်းယွန် နှင့်

ကျွမ်းဝေယန် တို့ ကလွဲ၍ မည်သူမျှ

မသိခဲ့ပေ။ လက်ရှိတွင် လူတိုင်းက

သူ့အား

ကောင်းကင်တိမ်ကြယ်တာယာတွင်သာ

ရှိနေဆဲဟု ထင်နေကြသည်။

မြောက်ပိုင်းနယ်မြေ၏ အဆုံးသတ်ကား

အလွန်ဝေးကွာလှသည်။

ထိုအချိန်တွင် ယန်ယဲ့သည်

အာကာသပြင်အတွင်းပိုင်းထဲသို့

ပျံသန်းလာခဲ့ပါသည်။

သို့သော် ခဏအကြာတွင်
ရပ်တန့်သွား၏။

သူနှင့် သိပ်မဝေးလှသောနေရာ၌
ကျောက်သားဖြင့်ဖန်တီးထားသော
သက်တံ့လှေကားတစ်ခုရှိနေကြောင်း
မြင်လိုက်သောကြောင့်ပါ။
လှေကားထစ်တိုင်းက မီတာ ၃
ကျော်ကျယ်၏။ အရှည်ကတော့

သူ၏အမြင်အာရုံအဆုံးအထိတိုင်
မြင့်တက်သွားသည်။

သိသာစွာပင်၊ ၎င်းက အောက်ဘုံ နှင့်
အထက်ကမ္ဘာကို ပိုင်းခြားထားသည့်
ဒဏ္ဍာရီလာမဟာကောင်းကင်လမ်း
ပင်ဖြစ်လေတော့သည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က

ယန်ယဲ့၏နံဘေး၌

ရုတ်တရက်ပေါ်လာခဲ့သည်။

ယန်ယဲ့က မျက်လုံးထဲ၌

အံ့အားသင့်မှုတစ်ခု ပေါ်လာပြီး "

မင်းဒီမှာ ဘာလုပ်နေတာလဲ

"ဟုမေးလိုက်သည်။

သူမက မျက်တောင်ခတ်လိုက်ပြီး
“မိသားစုကို နည်းနည်းလေး
ခံစားရတယ်။
ငါဒီကိုရောက်ဖူးခဲ့တာထင်တယ်"ဟု
ပြန်ပြောပါသည်။

"မင်း ဒီကို ရောက်ဖူးသလား" ယန်ယဲ့က
အံ့သြသွားပြီး "မင်းက
အမြဲအိပ်ပ်စက်နေတာမဟုတ်ဘူးလား"ဟု
ထပ်မေးလိုက်၏။

“နင် ဒီမှာရှိတာနဲ့ ပတ်သတ်မှုရှိသလား”

ကောင်းကင်ငယ်က ယန်ယွဲ့အား

ပြန်မေးလိုက်သည်။

ယန်ယွဲ့ သည်

ဘာပြန်ပြောရမှန်းမသိလိုက်ပေ။

ကောင်းကင်ငယ် က ယန်ယွဲ့ကို

ဂရုမစိုက်တော့ဘဲ ကောင်းကင်ဘုံသို့တိုင်

ထိုးတက်သွားသည့်

ကျောက်လှေကားထစ်များကိုသာ

မော့ကြည့်လိုက်သည်။ ထို့နောက် သူမက

မျက်မှောင်ကြုတ်လိုက်ရင်း “ဒီလမ်းက

တော်တော်ရင်းနှီးသလို ခံစားရတယ်။

ဒါပေမဲ့ တော်တော်ကြာနေပြီလို့

ပြောတယ်။ ဒီတော့ ငါတကယ်

မမှတ်မိနိုင်တော့ဘူး။ အိုး၊ ထားလိုက်ပါ၊

ငါကစားနေတာပဲကောင်းပါတယ်လေ"

ထိုစကားများ ပြောပြီးနောက်

မူလစေတီထဲကို ပြန်ဝင်ရန်ပြင်လိုက်၏။

သို့သော်လည်း ယန်ယဲ့က သူမကို

ဖမ်းကိုင်လိုက်ပြီး " ကောင်းကင်ငယ်၊

မင်းနည်းနည်းလေး ပိုစဉ်းစားလို့ရမလား

။ မင်းဒီကိုရောက်ဖူးသလားဆိုတာပဲ

စဉ်းစားပါ"ဟု ပြောလိုက်လေသည်။

ကောင်းကင်ငယ် က

"ဘာဖြစ်လို့လဲ"ဟုပြန်မေးလေသည်။

ယန်ယဲ့ က "ငါက

ဒီကျောက်လှေကားထစ်တွေကို

တက်တော့မှာဆိုတော့

တစ်ခုခုသိထားရင်ပိုမကောင်းဘူးလား"

ဟုပြောလိုက်သည်။

"နင် အဲဒီကျောက်လှေကားကို

တက်မလို့လား" သူမက

မျက်တောင်မှိတ်ပြလေသည် “နင်က

တော်တော်မိုက်မဲတာပဲ။ လှေကားရှိတာပဲ၊

တက်သွားလိုက်ပေါ့”

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

"သောက်ကျိုးနည်း။ မင်းပြောသလို

လွယ်တယ်ဆိုရင်တော့ ငါ မင်းကို မေးဖို့ လိုမှာလား"

သူက ခေါင်းယမ်းလိုက်ပြီး “အဲဒီမှာ ငါ့ကို ချောင်းမြောင်းလုပ်ကြံမယ့် လူတွေ ရှိကောင်းရှိမယ်။ ဒါပေမဲ့ အဲဒါကို ငါမကြောက်ဘူး။ ငါသိချင်တာက ဒီလမ်းမှာ အန္တရာယ်များလား"ဟု ထပ်မေးခဲ့သည်။

ကောင်းကင်ငယ်က ခေါင်းခါလိုက်သည်

"ဒီကျောက်လှေကားတွေမှာ

အန္တရာယ်မရှိဘူး"

ယန်ယဲ့ က "သေချာလား"

သူမက "သိပ်မသေချာဘူး"

ယန်ယဲ့ က

ဘာပြောရမှန်းမသိလောက်အောင်

ဖြစ်သွားလေသည်။

ထိုအချိန်တွင် ကောင်းကင်ငယ်က

မဟာကောင်းကင်လမ်းကို

ရုတ်တရက်စိုက်ကြည့်ကာ “ငါ

နည်းနည်းတော့ မှတ်မိတယ်။

ဒီလမ်းကြောင်းကို

စွမ်းအားရှင်တချို့ကဖန်တီးထားတာပဲ။

ဒါဟာ အောက်ဘုံကို

အထက်ကမ္ဘာတက်လို့ရအောင်ပေါ့။

နတ်ဘုရားအထွတ်အထိပ်အဆင့်

ကျင့်ကြံသူတွေက အထက်ကမ္ဘာကို

မတက်နိုင်ရင် သေကြရလိမ့်မယ်။

ဒါပေမဲ့ သူတို့ဟာ အာကာသကို

ဖောက်ထွက်ပြီး အာကာသပြင်ကို

ဖြတ်သန်းမယ်ဆိုရင် ဒီလိုလုပ်တာက

စကြဝဠာရဲ့ အူတိုင်ကို ကြီးမားတဲ့

အန္တရာယ်ဖြစ်စေလိမ့်မယ်။ ဒါကြောင့်
ဒီလမ်းကြောင်းကို
ဖန်တီးခဲ့တာပါ။အရည်အချင်းပြည့်မီပြီး
လုံလောက်တဲ့ခွန်အားရှိတဲ့သူတွေက
ဒီလမ်းကြောင်းကနေ
အထက်ကမ္ဘာကိုတက်ရောက်နိုင်တယ်"

ယန်ယဲ့က
တိုးညှင်းသောလေသံဖြင့်ပြောလိုက်သည်
"ဒါဆို အဲဒီလူက အောက်ဘုံ နဲ့

အထက်ကမ္ဘာကြီးက အတားအဆီးကို

ဖောက်ထွင်းပြီး ဘုံနှစ်ခုကို

ပေါင်းစည်းနိုင်အောင်

လုပ်ထားတာလား""အဲ့ဒါအတွက်

အဖြေကိုသိချင်ရင်

နင့်ကိုယ်နင်ပြန်မေးရမယ်"

ကောင်းကင်ငယ် က ဆက်ပြောခဲ့သည်

“လောကမှာ ရှိတဲ့ အရာရာတိုင်းက

အစပိုင်းမှာ အတူတူပဲ။ ဒီတော့ သူတို့ကို

အဆင့်အတန်းအလိုက် ဘယ်သူက

အဆင့်သတ်မှတ်တာလဲ။ လူသားတွေ

၊လူသားတွေက

အဆင့်အတန်းအမျိုးမျိုးကွဲသွားကြတ

ယ်။ အထက်ကမ္ဘာက

ပိုပြီးအဆင့်မြင့်တယ်၊ ဒီနေရာက

အဆင့်နိမ့်တယ်။

အဆင့်နိမ့်ကမ္ဘာတွေအားလုံးကို

ပေါင်းတော့

အောက်ဘုံလို့သတ်မှတ်လိုက်တာပဲ။

အဲဒါတွေအားလုံးကို လုပ်ခဲ့တာက

နင်တို့လူသားတွေပဲ”

သူမက ယန်ယွဲ့ကို ရုတ်တရက်

စိုက်ကြည့်ကာ “နောင်မှာ

ကောင်းကင်ဘုံကို ဆန့်ကျင်ဖို့

ဘယ်တော့မှ မပြောပါနဲ့။နားလည်လား။

ကောင်းကင်ဘုံက

ဝင်ပြီးမစွက်ဖက်ဘူးဆိုရင်

ဒီစကြဝဠာကြီးတစ်ခုလုံးကို
နင်ပရဲ့လူသားမျိုးနွယ်က
ဖျက်ဆီးသွားနိုင်တယ်”ဟု
ပြောလေသည်။

"အဲလောက်မပြင်းထန်သင့်ဘူး
မဟုတ်လား" ယန်ယဲ့က
ဆက်ပြောလိုက်သည် "လူသားတွေက
လောဘကြီးတာတောင်မှ
ဒီစကြဝဠာကြီးကို ဖျက်ဆီးပစ်တဲ့

အတိုင်းအတာအထိတော့
မဟုတ်နိုင်ဘူးမလား"

"မဟုတ်ဘူးလား" ကောင်းကင်ငယ်က
ပြတ်ပြတ်သားသားပြောသည်
"ဝိညာဉ်စွမ်းအင်အကြောင်းတောင်
မပြောပါရစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့
နင်အသက်ရှင်ဖို့အတွက်
ဝိညာဉ်စွမ်းအင်တွေကို စုပ်ယူရတာက
ပုံမှန်ပါပဲ။ ဒါပေမဲ့ စစ်ပွဲက

ဘာလဲ။လူသားမျိုးနွယ်ရဲ့

စွမ်းအားရှင်တွေက အချင်းချင်း

စစ်ဖြစ်တာနဲ့ကမ္ဘာလောကကို

ဆုံးရှုံးမှုပိုပြီးကြီးမားစေတယ်။

ဥပမာတစ်ခုပေးပါရစေ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ နှစ်ယောက်က

ဒီနေရာမှာတိုက်ခိုက်နေတယ်။ ဒါပေမဲ့

ကောင်းကင်ဘုံတာအိုမျက်လုံး

မရှိဘူးဆိုရင် ဘာဖြစ်မယ်ထင်သလဲ။ သူတို့တိုက်ပွဲက တိုက်ကြီးတစ်ခုလုံး ပျက်စီးသွားနိုင်တယ်။ သူတို့ရဲ့ ခွန်အားနဲ့ ပြီးမြောက်အောင် မလုပ်နိုင်ဘူးလို့ နင်ထင်လို့လား"

ယန်ယဲ့ က ငြိမ်ကျသွားသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကျင့်ကြံသူနှစ်ယောက် ကို မပြောဘဲ

သူကိုယ်တိုင်ပင် ဖျက်ဆီးပစ်နိုင်၏။

တိုက်ကြီး၏ ဗဟိုအူတိုင် ကို

ဖျက်ဆီးရုံသာ။ ထိုအချိန်တွင်

တိုက်ကြီးတစ်ခုလုံး အသက်စွမ်းအင်များ

ပျောက်ကွယ်လာပြီး

ပျက်သုဉ်းသွားရပေမည်။

ကောင်းကင်ငယ်က ဆက်ပြောခဲ့သည်

“သူတို့က အရမ်းသန်မာပြီး

ပျက်စီးလွန်းတဲ့အချက်အပြင်

ဒီကိုဆင်းဖို့ ခွင့်မပြုရတဲ့

နောက်ထပ်အကြောင်းရင်းကတော့

အောက်ဘုံက လူတွေကို

ကျွန်အဖြစ်မခံရအောင် တားဆီးဖို့ပဲ။

ဘာကြောင့်လဲဆိုတော့ အထက်ကမ္ဘာက

ပင်ကိုယ်အားသာချက်ရှိတယ်။

စွမ်းအားရှင်တွေက ဒီမှာထက် များတယ်။

အတားအဆီးမရှိဘဲ အောက်ဘုံကို
ဆင်းနိုင်ရင် အောက်ဘုံ မှာရှိတဲ့
လူသားတွေနဲ့ နတ်ဆိုးတွေ အကုန်လုံး
ကပ်ဘေးကျလိမ့်မယ်။ အဲဒီအထဲမှာ
နင်လည်း ပါတယ်။ အတားအဆီးမရှိဘဲ
ဒီကိုဆင်းလာနိုင်ကြရင် နင်
အသက်ရှင်နိုင်ပါ့မလား”

ယန်ယဲ့က ကောင်းကင်ငယ်ကို
ငုံ့ကြည့်လိုက်ပြီး "မင်းပြောတဲ့အတိုင်းပဲ၊

ကောင်းကင်ဘုံက စကြာဝဠာကြီး

ငြိမ်သက်နေဖို့

တည်ရှိနေတာမဟုတ်လား"ဟုပြောလိုက်

ပါသည်။

"ဒါပေါ့ " သူမက

“ကောင်းကင်ဘုံတာအိုက

စည်းမျဉ်းစည်းကမ်းတွေ

မချမှတ်ဘူးဆိုရင် စကြာဝဠာကြီး

ပျက်စီးသွားတာကြာပြီ။ ဒါပေမဲ့

တော်တော်များများက ကျေးဇူးမတင်ဘဲ

ကောင်းကင်ဘုံရှင်ကို ဆန့်ကျင်ဖို့

တွေးနေကြတယ် ။ ဟမ့်၊ တကယ်တော့

ကောင်းကင်ဘုံရှင် က နင်တို့အားလုံးကို

မွေးဖွားပေးခဲ့တဲ့အပြင်

ပြုစုပျိုးထောင်ပေးခဲ့တာပါ။ ဒါကို

အများစုက ကျေးဇူးကန်းကြတယ်”ဟု

ပြောခဲ့သည်။

ယန်ယဲ့ က ခဏတာစဉ်းစားပြီးမှ

"ကောင်းကင်ငယ်၊ မင်းက

ကောင်းကင်ဘုံရှင် ကို သိသလား"

ဟုမေးလိုက်သည်။

ကောင်းကင်ငယ်၏ အစစ်အမှန်ပုံရိပ်က

လုံးဝကို

လျှို့ဝှက်ဆန်းကြယ်လွန်းလှသည်။

ထို့အပြင် သူမက

ကောင်းကင်ဘုံတာအိုမျက်လုံးများနှင့်

ကောင်းစွာသိနေခဲ့သည်။ အဓိကကတော့

ကောင်းကင်ငယ်က ကောင်းကင်ဘုံရှင်

နှင့် တာအိုမျက်လုံးများကို

အမှန်ပင်ကာကွယ်ပေးနေ၏။

သူ့အမြင်အရတော့ ကောင်းကင်ငယ်ဟာ

ကောင်းကင်ဘုံရှင်၏

အနားမှတစ်စုံတစ်ယောက်ဟူ၍သာ။

သို့သော် ကောင်းကင်ငယ်က ခေါင်းခါလိုက်ပါသည် “ငါ မသိပါဘူး။ ကောင်းကင်ငယ် နဲ့ တခြားသူတွေကိုတော့ ငါသိတယ်။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်တွေမှာ သူတို့နဲ့ မကြာခဏ ကစားခဲ့တာ”

ယန်ယဲ့ က "ဒါဆို သူတို့က မင်းနဲ့ဘာလို့ကစားတာလဲ"ဟု မေးလိုက်သည်။

“ဘာကြောင့် ကစားလို့မရရမှာလဲ"

ကောင်းကင်ငယ်က မေးခွန်းတစ်ခုနှင့်

ပြန်ဖြေပါသည်။

ယန်ယဲ့၏မျက်နှာက

အချိန်အတော်ကြာအောင်

အေးခဲသွားပြီးမှ "ငါ့မေးခွန်းကို

ပြောင်းပါရစေ။ သူတို့က ကျိန်းသေ ငါနဲ့

ကစားမှာ မဟုတ်ဘူး။ ဒါပေမယ့် မင်းနဲ့

ကစားဖို့ ဆန္ဒရှိတယ်။ အဲဒါက
ဘာဖြစ်လို့လဲ"

ကောင်းကင်ငယ်က “ဘာလို့လဲ” ဟူသော
မေးခွန်းနှင့်သာ ပြန်ဖြေပါသည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး
"မင်းအနိုင်ရတယ်"ဟု
ပြောလိုက်တော့သည်။

သူမက ရယ်မောရင်း “တကယ်တော့
ကောင်းကင်ငယ် နဲ့ တခြားသူတွေက
အရမ်းဖော်ရွေပါတယ်။ ဒါပေမဲ့ သူတို့က
နင့်ကို တကယ်မကြိုက်တဲ့အတွက်
နင်သူတို့နဲ့
သူငယ်ချင်းဖြစ်လို့မရဘူးဆိုတာ
သေချာတယ်”ဟု ပြောလေသည်။

ယန်ယဲ့ က အကူအညီမဲ့စွာ

ရယ်မောလိုက်သည် "ဒါက

မင်းပြောသလို ရိုးရှင်းတာပဲ"

ကောင်းကင်ငယ်က ပြုံးပြီး

လေးလေးနက်နက်ပြောခဲ့သည် "နင်

တကယ်တက်မှာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

သူမက အနည်းငယ် ခေါင်းညိတ်ပြီး

"ဒါဆို ကံကောင်းပါစေ"

ယန်ယဲ့ က

"မင်းမကူညီဘူးလား"ကောင်းကင်ငယ်က

ခေါင်းခါလိုက်ပြီး

“ဘယ်လိုတိုက်ခိုက်ရမှန်းမသိဘူး။

တိုက်ခိုက်ရတာလည်း မကြိုက်ဘူး။

ဒါကြောင့် ငါ့ရဲ့ တိုက်ခိုက်နိုင်စွမ်းကို

တံဆိပ်ခတ်ထားတာလို့

ငါထင်ပါတယ်”ဟု ပြန်ပြောသည်။

ယန်ယဲ့က အံ့သြသွားသည်။ သူက "မင်းရဲ့ တိုက်ခိုက်နိုင်စွမ်းကို တံဆိပ်ခတ်ထားသလား"ဟူ၍ အံ့သြတကြီးမေးလိုက်လေသည်။

သူမက ခေါင်းညိတ်ပြီး “နင်လည်း နင့်ရဲ့ တိုက်ခိုက်နိုင်စွမ်းကို

ချိတ်ပိတ်သင့်တယ်လို့ ငါထင်ပါတယ်။
နင်က အရမ်းသန်မာတယ်”

ယန်ယဲ့ က သူမကို
တစ်ချက်ကြည့်လိုက်ပြီး
"တစ်နည်းပြောရင်တော့
မင်းဘယ်လိုတိုက်ခိုက်ရမယ်ဆိုတာ
သိတယ်မဟုတ်လား"ဟု မေးလိုက်၏။

သူမက ခေါင်းညိတ်သည် "ငါထင်တယ်"

ယန်ယဲ့ က “မင်း ဘယ်လောက်

သန်မာသလဲ” ဟု ထပ်မေးလိုက်သည်။

ကောင်းကင်ငယ် က

ခဏကြာစဉ်းစားနေပြီးမှ

“ငါမရှုံးဖူးဘူးထင်တယ်…”ဟုပြန်ပြော

လေသည်။

ယန်ယဲ့ သည် စကားမပြောနိုင်အောင်

ခံစားလိုက်ရတော့သည်။

၁၈၅၀

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၀ -

ဘယ်တုန်းကကြောက်ဖူးသလဲ

"မရှုံးဖူးဘူးထင်တယ်... ဟုတ်သလား "

ယန်ယဲ့ သည် နေရာမှာပင်
အံ့အားသင့်သွားသည်။

ကောင်းကင်ငယ် က အမှန်ပင်
လျှို့ဝှက်ဆန်းကြယ်နေ၏။
အစပိုင်းတွင်မူ တိုက်ခိုက်ရမည်ကို
မသိခဲ့ပေ။ သို့သော်လည်း သူ့ကိုယ်သူ
ချိတ်ပိတ်ထားမှန်း သိလိုက်ရသည်။

"သူမဘယ်သူလဲ"

ယန်ယဲ့ သည် အတော်လေးသိချင်နေ၏။

ကောင်းကင်ငယ်၏ ပုံရိပ်အမှန်နှင့်

သူမ၏စွမ်းအားကိုပါ သိချက်နေမိသည်။

ကောင်းကင်ငယ်က

မည်မျှသန်မာသနည်း။ အဖြေကို

မသိသော်လည်း

သာမန်စွမ်းအားရှင်တစ်ယောက်
မဟုတ်ကြောင်းတော့ သေချာပါသည်။

ယန်ယဲ့က ပြောလိုက်၏
"ကောင်းကင်ငယ်၊ တံဆိပ်ကို ဖယ်ပြီး
ငါ့ကို လက်တစ်ဖက် ငှားပေးလို့ရမလား"

ကောင်းကင်ငယ်က မျက်လုံး
မှိတ်တုတ်မှိတ်တုတ်ဖြင့် ပြန်ပြော
လေသည် “ငါမလုပ်နိုင်ဘူး”

ယန်ယဲ့ က ထပ်မံ အံ့ဩသွားပြီး

"ဘာလို့လဲ"ဟုမေးလိုက်သည်

“တံဆိပ်ဖယ်ဖို့မေ့သွားလို့ပါ” သူမ

ပြန်ဖြေလိုက်သော စကားပင်။

ယန်ယဲ့က အချိန်တော်တော်ကြာသည်ထိ

စကားမပြောနိုင်ခဲ့ပေ။

တစ်ချိန်တည်းမှာပဲ ကောင်းကင်ငယ်က ပြောပါသည် "ဒါ့အပြင် ငါတတ်နိုင်ရင်တောင် နင့်ကို လက်တစ်ဖက်မငှားနိုင်ဘူး"

ယန်ယဲ့ က “ဘာဖြစ်လို့လဲ၊ ငါတို့က မိတ်ဆွေကောင်းတွေ မဟုတ်ဘူးလား"

သူမက ခဏလောက်စဉ်းစားပြီး “ ကောင်းကင်ငယ် နဲ့ တခြားလူတွေက

နင့်ရဲ့လူသားမျိုးနွယ်နဲ့

တခြားမျိုးနွယ်စုတွေရဲ့ စစ်ပွဲကို

ဘာကြောင့် ဝင်မစွက်ဖက်တာလဲ

နင်သိလား ။

ဥပဒေစည်းမျဉ်းကြောင့်လေ”

ယန်ယဲ့ က အံ့သြသွားသည်

"ဥပဒေသစည်းမျဉ်းရှိနေသလား"

ကောင်းကင်ငယ်က ခေါင်းညိတ်ပြီး

“ရှင်သန်ခြင်းဥပဒေသ(စည်းမျဉ်း)

လို့ပြောနိုင်တယ်။ စကြာဝဠာက

ဂေဟစနစ်တစ်ခုနဲ့တူတယ်။

ဒီစကြာဝဠာမှာ ရှိတဲ့ လူတစ်ယောက်စီ၊

နတ်ဆိုးတွေနဲ့

တခြားသက်ရှိသတ္တဝါတိုင်းက

အားဖြည့်ဖို့ အချင်းချင်း

တိုက်ခိုက်ကြတယ်။

ရိုးရိုးရှင်းရှင်းပြောရရင် စကြာဝဠာထဲမှာ

ရှိတဲ့အရာအားလုံးက တစ်ခုနဲ့တစ်ခု

အားဖြည့်ဖို့ ဆန့်ကျင်ဖက်တွေထားတာပဲ။

ကောင်းကင်ငယ်နဲ့တခြားသူတွေ

ဝင်ပြီးစွက်ဖက်ရင် ဂေဟစနစ်ကို

ပျက်စီးစေလိမ့်မယ်။ ဒါဆို

ဟန်ချက်မညီတော့ဘူး။

ဒီအကျိုးဆက်တွေက

သေချာပေါက်ကြောက်စရာကောင်းလိမ့်

မယ်။ ဒီတော့ စကြာဝဠာမှာ

နေထိုင်သူတွေက စကြာဝဠာရဲ့

ဗဟိုအူတိုင်ကို မထိခိုက်သေးသရွေ့တော့

ကောင်းကင်ဘုံရှင်က

ဝင်ပြီးစွက်ဖက်မှာမဟုတ်ဘူး"

ဟုပြောခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

"ငါနားလည်ပြီ"

ကောင်းကင်ငယ်က ပြုံးပြီး

“ကံကောင်းပါစေ။

ငါအထဲကိုပြန်ပြီးကစားတော့မယ်"

ထို့နောက် မူလစေတီ ထဲကို

ပြန်ဝင်သွားခဲ့သည်။

ယန်ယဲ့ သည် အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးမှ သူ့ရှေ့မှာ

လှမ်းမြင်နေရသည့် ကျောက်လှေကားကို

မျှော်ကြည့်လိုက်လေသည်။

ဤတစ်ကြိမ်တော့ သူ့ကိုယ်သူသာ

အားကိုးနိုင်တော့၏။ သို့ရာတွင် ယန်ယွဲ့

က ပေါ်တင်ဖြတ်လျှောက်ရန်

မရွေးချယ်ခဲ့ပေ။ သူ့ကိုယ်သူ

ပတ်ပတ်လည်ရှိ

အာကာသနှင့်ပေါင်းစပ်လိုက်ပြီးနောက်

ဓားနယ်မြေကိုပါ အသက်သွင်းပြီး

သူ၏အရှိန်အဝါကို

ဖုံးကွယ်လိုက်ပါသည်။

သူက နောက်တစ်လအတွင်း

အထက်ကမ္ဘာကို

တကိုရောကတော့မည်ဟု ကြေညာချက်

ထုတ်ပြန်သည့် အကြောင်းအရင်းက

လူတိုင်းကို လှည့်ဖြားရန်အတွက်သာ။

အထက်ကမ္ဘာ၏အာဏာပိုင်များက

သူဟာ နောက်တစ်လအတွင်း

ကောင်းကင်လမ်းအား

ဖြတ်ကျော်တော့မည်ဟု

သိနေကြသည်မဟုတ်ပါလား။ သို့သော်

သူက တစ်ဖက်လှည့်ဖြင့်

ကောင်းကင်လမ်းကို

ချက်ချင်း ဖြတ်ကျော်ရန်

ရည်ရွယ်လိုက်သည်။

တစ်နည်းအားဖြင့် သူက အထက်ကမ္ဘာ၏

အာဏာပိုင်များကို

အလစ်အငိုက်ဖမ်းလိုက်ခြင်းပါ။

ယန်ယဲ့ သည်

ကျောက်လှေကားထစ်များအတိုင်း

တောက်လျှောက် တက်သွားခဲ့သည်။

လမ်းတစ်လျှောက်လုံး အဆင်ပြေနေ၏။

မည်သည့် ထူးခြားမှုမျှ မတွေ့ပေ။

သို့သော်လည်း ယန်ယဲ့ သည်

သတိအပြည့်ဖြစ်နေသည်။ သူသည်

နောက်တစ်လအတွင်း

ကောင်းကင်လမ်းကို

ဖွင့်တော့မည်ဟု

ကြေညာချက်ထုတ်ထားသည့်တိုင်

အထက်ကမ္ဘာ၏အာဏာပိုင်များက

ကောင်းကင်လမ်းကို

ပစ်ပယ်ထားမည်မဟုတ်ပေ။

အစောင့်အကြပ်များ

စေလွှတ်ထားခြင်းမပြုကြောင်း မည်သူ

အာမခံနိုင်သနည်း။

မည်သို့ပင်ဖြစ်စေ သူက အစစအရာရာ

သတိထားရပေမည်။

နောက်ထပ် ၆ နာရီအကြာတွင် ယန်ယဲ့

သည် ဆက်မလျှောက်တော့ဘဲ

ရုတ်တရက် ရပ်တန့်သွားသည်။

သူ့ရှေ့နှင့် မဝေးလှသော နေရာ၌

ရောင်စုံအလင်းတန်းများ

ဖြာထွက်နေသည့် တံခါးချပ်တစ်ခု

ရှိနေသောကြောင့်ပင်။

"ဒဏ္ဍာရီလာကောင်းကင်တံခါး"

မှန်သည်။ အကယ်၍ သူသည်

ထိုတံခါးကို

ဖြတ်လျှောက်သွားနိုင်သည်နှင့်
အထက်ကမ္ဘာသို့
တက်ရောက်သွားနိုင်ပြီဖြစ်သည်။

ယန်ယဲ့ သည်
ခဏတာတိတ်ဆိတ်သွားပြီးနောက်
ရောင်စုံတံခါးချပ် ရှိရာသို့
အရှိန်မြှင့်ပျံသန်းလိုက်သည်။ အသက်ရှူ
၁၀ ရှိုက်စာအကြာတွင် တံခါးရှေ့ကို
ရောက်လာခဲ့သည်။ ယန်ယဲ့က

တံခါးကိုဆွဲဖွင့်ရန် ပြင်လိုက်စဉ်
“ကောင်းကင်လမ်းကို ဘယ်သူက
လျှောက်ဝံ့တာလဲ” ဟူသော
ဒေါသတကြီးအော်သံ
ထွက်ပေါ်လာပါတော့သည်။

စကားသံ ရပ်သွားသည်နှင့် တပြိုင်နက်
အဖြူရောင်ဝတ်ရုံအဘိုးအို
တစ်ယောက်က ယန်ယဲ့ရှေ့တွင်
ပေါ်လာသည်။ထိုအချိန်တွင် ယန်ယဲ့

သည် ပတ်ဝန်းကျင်ရှိ မြင်ကွင်းအား

ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

သူသည်

စက်ဝိုင်းပုံသဏ္ဍာန်စင်မြင့်တစ်ခုပေါ်မှာ

ရောက်နေခဲ့၏။ ကောင်းကင်တံခါးက

သူ့နောက်တွင်ရှိနေကာ မမြင်နိုင်သော

ပတ်ပတ်လည်မှ မမြင်နိုင်သော

အတားအဆီးတစ်ခုပေါ

ပေါ်လာခဲ့လေသည်။ ၎င်းက

အာကာသပြင်ထဲမှ

နယ်မြေတစ်စိတ်တစ်ပိုင်းဖြစ်ပုံပါ။

အကြောင်းကတော့

သူ့ရှေ့သိပ်မဝေးသောနေရာမှာလည်း

နောက်ထပ်

တံခါးချပ်တစ်ခုရှိနေသောကြောင့်ပင်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါဟာ

အထက်ကမ္ဘာလား"ဟု မေးလိုက်သည်။

"မင်းက အဲဒီလူယန်ယဲ့ ပဲ" ထိုအချိန်တွင် အဖြူရောင်ဝတ်ရုံအဘိုးအို အသံတိုးတိုးဖြင့် “မင်းပြောထားတာ အခုကစလို့ နောက်တစ်လကြာမှ မဟုတ်ဘူးလား”ဟုပြောလေသည်။

ယန်ယဲ့ က အဖြူရောင်ဝတ်ရုံအဘိုးအိုအား စိုက်ကြည့်ရင်း "မင်းက မာကလန်၊

အင်ပါယာခန်းမ၊ ဒါမှမဟုတ်

စစ်နတ်ဘုရားခန်းမကလား။ ဒါမှမဟုတ်

မင်းက နတ်ဘုရားဖိုးနစ်ကလန်

ကလား"ဟုသာ မေးလိုက်၏။

"မာကလန်...." အဘိုးအို၏

ပါးစပ်ထောင့်မှ

ရက်စက်ကြမ်းကြုတ်သော အပြုံးတစ်ခု

နှင့် ပြန်ပြောခဲ့သည် "ယန်ယဲ့၊  မင်း

တကယ်ပဲဒီကိုလာရဲတယ်ပေါ့။ ဒီနေ့..."

ထိုအချိန်မှာ ယန်ယဲ့ထံမှ

ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းနှစ်ခု

ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

သူ့လက်ထဲမှ နတ်ဓားက ရုတ်ချည်း

ပျောက်ကွယ်သွားသည်။

ယန်ယဲ့၏လက်ထဲမှ နတ်ဓား

ပျောက်သွားသည်နှင့်

အဘိုးအို၏အမူအရာက

သိသိသာသာပြောင်းလဲသွားခဲ့လေသည်။

တစ်ဆက်တည်း သူ့ထံမှ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်၏

အရှိန်အဝါများ နှင့်အတူ

အဖြူရောင်အလင်းတန်းတစ်ခု

ရုတ်တရက် ပေါက်ကွဲထွက်လာခဲ့သည်။

ဘမ်း...

ကျယ်လောင်သော

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီး

နောက် အဘိုးအို၏ပုံရိပ်က

လွင့်ထွက်လာ၏။  အဘိုးအိုက လေထဲ၌

ပျံသန်းနေရင်း ပါးစပ်ထဲမှ သွေးများ

အဆက်မပြတ်အန်ထွက်နေခဲ့သည်။

အတော်လေးကို

ချောက်ချားစရာမြင်ကွင်းတစ်ခုပင်။

သို့တိုင် အဘိုးအိုက

ချက်ချင်းအသတ်ခံလိုက်ရခြင်းမဟုတ်ပါ

။

မည်သို့ပင်ဆိုစေကာမူ အဘိုးအိုက

စစ်မှန်သော

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ပင်။ အကယ်၍ ၎င်းသာ

အောက်ဘုံသို့ ဆင်းလာလျှင်တော့

နတ်ဘုရားအဆင့်ထိ

ဖိနှိပ်ခံရပါလိမ့်မည်။ ကံမကောင်းစွာဖြင့် လက်ရှိသူရောက်နေသည့်နေရာက အောက်ဘုံ မဟုတ်ပေ။ အထက်ကမ္ဘာ၏ နယ်မြေထဲသို့ ခြေချလိုက်ပြီဟုဆိုနိုင်ပါသည်။

အဘိုးအို လွင့်ထွက်သွားသည်နှင့် ယန်ယဲ့ ရပ်တန့်မနေခဲ့ပါ။ အလင်းတန်းတစ်ခုသဖွယ်ပြောင်းကာ အဘိုးအိုရှေ့တွင်ပေါ်လာသည်။

ထို့နောက် နတ်ဓားကိုဆွဲထုတ်ကာ

ပိုင်းချလိုက်၏။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား

သုံးထပ်ပေါင်းစပ်ခြင်း ။

အုန်း...

အဘိုးအိုက ထိတ်လန့်နေရာကနေ

သတိပြန်ဝင်မလာသေးပါ။ ထို့ကြောင့်

နောက်ထပ် တစ်ကြိမ်

လွင့်ထွက်သွားရသည်။ သို့မဟုတ်

တစ်ခါတည်းပါ အသတ်ခံလိုက်ရသည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား

သုံးထပ်ပေါင်းစပ်ခြင်း ဟာ

ပြန်လည်မွေးဖွားခြင်း၏ဓား ထက်

အနည်းငယ်သာ အားကောင်းခဲ့သည်။

သို့တိုင် ၎င်းက

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများကိုတော့

ကောင်းကောင်းကြီးဖိနှိပ်နိုင်၏။

အဖြူရောင်ဝတ်ရုံအဘိုးအိုကို

သတ်ပစ်လိုက်ပြီးနောက် ယန်ယွဲ့ သည်

တုံ့ဆိုင်းမနေဘဲ သူ့ရှေ့မှ တံခါးဆီသို့

အရှိန်မြှင့်ကာ ပျံသန်းလိုက်သည်။

သူသည် အထက်ကမ္ဘာ၏

အာဏာပိုင်များအားလုံးကို

ထိပ်တိုက်ရင်ဆိုင်လိုခြင်းမရှိပေ။

ထို့ကြောင့်

အလျင်အမြန်လုပ်ဆောင်ခဲ့သည်။

အကယ်၍ အထက်ကမ္ဘာထဲကို

ဝင်ရောက်ပြီးနောက် သူ့ကိုယ်သူ

ဖုံးကွယ်ထားသရွေ့ မည်သူမျှ

ရှာတွေ့နိုင်မည်မဟုတ်ပါ။

ယန်ယဲ့က အလျင်အမြန်ဖြင့်

တံခါးပေါက်ကနေတစ်ဆင့်

ချက်ချင်းဝင်ရောက်သွားသည်။

သို့သော်လည်း ဝင်သွားလိုက်သည်နှင့်

တံခါးဝမှ

နောက်ပြန်လွင့်ထွက်လာခဲ့လေသည်။

ထို့နောက် တံခါးနောက်ကွယ်မှ

ထည်ဝါသောဝတ်ရုံနှင့်

အဘိုးအိုတစ်ယောက် ဖြည်းညှင်းစွာ
ထွက်လာခဲ့သည်။

ယန်ယဲ့ သည် သူ့ကိုယ်သူ ထိန်းကူ
မတ်တပ်ပြန်ရပ်လိုက်ရင်း မျက်လုံးများ
အနည်းငယ် မှိတ်သွားသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူ...

အထက်ကမ္ဘာက ကောင်းကင်လမ်းကို
စောင့်ကြပ်ရန်အတွက်
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူတစ်ယောက်ကို
အမှန်ပင်စေလွှတ်ခဲ့သည်။

အဘိုးအိုက ယန်ယွဲ့ကို စိုက်ကြည့်ပြီး
"မင်းက ယန်ယွဲ့၊ ဟုတ်တယ်မလား။
ဟားဟား၊ အခုကစလို့
နောက်တစ်လကြာရင်

ကောင်းကင်လမ်းကို ဖြတ်ကျော်မယ်လို့

ငါ ကြားမိတယ်။ မင်း ငါတို့ကိုလှည့်စားဖို့

ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ကံကောင်းပါတယ်

လေ။ သူက ငါတို့ဆီကို

အချိန်မီ သတင်းပို့နိုင်ခဲ့တယ်။

ဒီလိုမှမဟုတ်ရင် မင်း ငါတို့ရဲ့

အထက်ကမ္ဘာကို

တကယ်တက်လာနိုင်လိမ့်မယ်”ဟူ၍

အေးစက်စက်ပြောလေသည်။

"ငါ့အရမ်းနွေးနေသေးတယ်"

ယန်ယဲ့ကသူ၏လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား နှင့်

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို

တစ်ပြိုင်တည်း ထုတ်ဖော်ပြီး

ချက်ချင်းသတ်ပစ်လိုက်သည့်တိုင်

အဖြူရောင်ဝတ်ရုံအဘိုးအိုက မသေခင်

သတင်းပို့လိုက်နိုင်ခဲ့မည်ဟု

မမျှော်လင့်ထားပေ။ တစ်နည်းအားဖြင့်

သူက

မြေတစ်လှမ်းနောက်ကျသွားခဲ့လေပြီ။

လက်ရှိတွင်မူ

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူန

ှင့်

ထိပ်တိုက်ရင်ဆိုင်ဖို့သာရှိတော့သည်။ထို
အချိန်တွင် အဘိုးအို၏နောက်ကွယ်မှ
တံခါးချပ်က တုန်ခါသွားပြီး နောက်ထပ်
အဘိုးအို ၁၀ ယောက် ပေါ်လာပါသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူ ၁၀ ယောက် ။

ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူတစ်ယောက် နှင့်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၁၀ ယောက် ။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

"မင်းတို့အားလုံး ငါ့ကို တကယ်

အထင်ကြီးကြတာပဲ"ဟု

ပြောလိုက်လေသည်။

"မင်းဟာ ယုန်မဟုတ်ဘူးလို့

မပြောသေးနဲ့ဦး။ ယုန်တစ်ကောင်ကို

အမဲလိုက်တဲ့အခါ ခြသေ့်တောင်မှ

သတိထားရတယ်" အဘိုးအိုက

အေးစက်စက် ပြောခဲ့သည် “ယန်ယဲ့၊

မင်းနဲ့ ငါ့ရဲ့ မာကလန် ကြားမှာ

ရန်ငြိုးမရှိပေမယ့် မင်းဟာ ငါတို့နဲ့

ရန်သူဖြစ်လာဖို့ တွန်းအားပေးခဲ့တယ်။

ဒီလိုဆိုမှတော့ ငါ့မာကလန် က မင်းကို

ဒီကမ္ဘာမှာ ဆက်ရှိနေဖို့ ခွင့်မပြုနိုင်တာ

သဘာဝပဲလေ။ နောက်ဆုံးတော့ မင်းလို

ပါရမီရှင်တစ်ယောက်ကို

အင်အားအပြည့်

ကြီးထွားခွင့်ပေးလိုက်ရာ

ငါ့မှာကလန်တစ်ခုလုံး

ပျက်စီးသွားမှာသေချာတယ် ”

ယန်ယဲ့ သည် အဘိုးအိုနှင့်

သူ့နောက်ကွယ်မှ

အခြားအဘိုးအိုအုပ်စုကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့အားလုံးက မာကလန် ရဲ့အာဏာပိုင်တွေပဲလား"ဟုပြောလိုက်သည်။

"စစ်နတ်ဘုရားခန်းမ..." ထိုအချိန်တွင် အဘိုးအိုနှစ်ယောက်က ရှေ့ကို တိုးလာသည်။သူတို့ထဲမှ တစ်ယောက်က “ယန်ယဲ့၊ မင်းဘဝမှာ မင်းလုပ်ခဲ့တဲ့ အကြီးမားဆုံးအမှားက ငရဲခန်းမရဲ့ အရေးကိစ္စထဲကို ဝင်ပါခဲ့တာပဲ။ ဒီကိစ္စက

အရမ်းရှုပ်ထွေးတယ်။ ကျန်းဝူကျိ
ဒါမှမဟုတ် အနှောင်အဖွဲ့ကင်းမဲ့သူ
လိုအဆင့်မဟုတ်ရင် အခု
မင်းကိုယ်မင်းကယ်တင်နိုင်မှာမဟုတ်ဘူး
"ဟု ပြောလေသည်။

ယန်ယဲ့ က တဟားဟား ရယ်မောပြီး
"မင်းတို့ အခုလူအုပ်လောက်နဲ့
ငါ့ကိုသတ်ဖို့

မလုံလောက်ဘူးထင်တယ်"ဟု ပြန်ပြောခဲ့သည်။

ထည်ဝါသောဝတ်ရုံနှင့် အဘိုးအိုက ရယ်မောရင်း “မင်းမှာ ဝှက်ဖဲတစ်မျိုးမျိုး ရှိတယ်ဆိုတာ ငါသိတယ်။ မဟုတ်ရင် မင်း ဒီကို လာမှာ မဟုတ်ဘူး။ လာ၊ ဘာဖြစ်လဲ ကြည့်ရအောင်”ဟုသာ ပြန်ပြောပါသည်။

"ငါလည်း အဲဒါဘာလဲဆိုတာ

အရမ်းသိချင်နေတယ်"

စစ်နတ်ဘုရားခန်းမ မှ အဘိုးအိုက

"မင်းလို နတ်ဘုရားတစ်ပိုင်းအဆင့်

တစ်ယောက်က

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

နဲ့ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၁၀ ယောက်နဲ့

ရင်ဆိုင်ရတာတောင် အေးအေးဆေးဆေး

နေနိုင်တယ်။ ဒီအတွက် မင်းမှာ ထူးခြားတဲ့ ဝှက်ဖဲတစ်ခုရှိတာတော့ သေချာသလောက်ပဲ"ဟူ၍ ထပ်ပြောလေသည်။

ယန်ယဲ့က ခဏကြာနှုတ်ဆိတ်နေပြီးမှ ခေါင်းညိတ်ပြသည် "မင်းတို့ သိလာမှာပါ"

ထိုစကားပြောပြီးသည်နှင့်

သူ၏ခါနဖူးအလယ်ရှိ

ဓားနတ်ဘုရားတံဆိပ်တော်က

အရောင်တဖျပ်ဖျပ် လက်သွားသည်။

ဘမ်း....

ခဏအကြာတွင် သူ့ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

ဓားစွမ်းအင်လှိုင်းကြီးတစ်ခု ရုတ်ချည်း

ထွက်ပေါ်လာပြီးနောက် သူ၏
အငွေ့အသက်ဟာ ချက်ချင်းပင်
မြင့်တက်လာသည်။

ခွမ်း...

ပေါက်ကွဲသံတစ်ချက် ရုတ်တရက်
ထွက်ပေါ်လာသည်နှင့်
တစ်ချိန်တည်းတွင်
ယန်ယွဲ့၏ပတ်ပတ်လည်မှ

အာကာသပြင်က ပြင်းထန်စွာ

တုန်ခါလာပါတော့သည်။

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ ။

အဆင့်မြင့်ကျင့်ကြံသူများစွာနှင့်

ရင်ဆိုင်ရသည့်အခါ

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

သည် မလုံလောက်တော့ပါ။

ယန်ယဲ့၏ ဓားစိတ်ဆန္ဒ က

ထာဝရရှင်သန်ခြင်းအဆင့် ကို

ရောက်သွားကြောင်း မြင်သောအခါ

အဘိုးအိုတို့အုပ်စုက အမူအရာများ

အနည်းငယ်ပြောင်းလဲသွားခဲ့လေသည်။

သူတို့၏မျက်လုံးထဲ၌လည်း

လေးနက်မှုအရိပ်အယောင်များပေါ်လာ

သည်။ အကြောင်းကတော့ သူတို့က

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ
ကို ထိပ်တိုက်ရင်မဆိုင်ဝံ့သောကြောင့်ပါ။

ခေါင်းဆောင်အဘိုးအိုက
ထူးခြားဟန်မပြပေ။ သို့တိုင်
သူ့မျက်လုံးထဲတွင်တော့
သတိထားနေသည့်အရိပ်အယောင်များ
သိသာနေခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည် သူတို့ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာကာ "ငါယန်ယဲ့က ငါ့ကိုယ်ငါ သေမှာကို ဘယ်တုန်းက ကြောက်ခဲ့ဖူးသလဲ"ဟု ပြောလိုက်လေသည်။

၁၈၅၁

[အဆုံးမဲ့ဓားကမ္ဘာ (ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၁ - ဒီနေ့အတွက် ဒါလောက်ပဲ

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ

" ထိုအချိန်တွင် ခေါင်းဆောင်အဘိုးအိုက

အေးစက်စွာ ရယ်မောလိုက်ပြီး "ယန်ယဲ့၊

မင်းရဲ့ ဓားစိတ်ဆန္ဒကို

ထာဝရရှင်သန်ခြင်းအဆင့် ထိ

မြှင့်တင်နိုင်တာနဲ့ ငါ့ကို

တိုက်ခိုက်နိုင်မယ်လို့

မင်းထင်နေတာလား။ဘယ်လောက်ရယ်စ
ရာကောင်းလိုက်လဲ"ဟု ပြောလေသည်။

ယန်ယွဲ့က မလျှပ်တော့ဘဲ
"ငါလုပ်နိုင်မယ်ထင်တယ်"ဟု
ပြန်ပြောသည်။

"မင်းလုပ်နိုင်မလား" အဘိုးအို၏
ပါးစပ်ထောင့်မှ

လျှောင်ပြောင်သရော်မှုတစ်ခုပေါ်လာသ
ည် “ဒါဆို မင်းဘာလို့ မလုပ်တာလဲ...”

ထိုစကားပြောပြီးသည်နှင့်
အဘိုးအိုဧ၏အမူအရာသည်
ရုတ်ချည်းပြောင်းသွားပြီး
"သတိထားပါ" ဟု
အလျင်အမြန်အော်လိုက်သည်။
တစ်ဆက်တည်း သူ၏လက်ဝါးကို

ယန်ယွဲ့ထံ ကမန်းကတန်း

ရိုက်ချလိုက်လေသည်။

ယန်ယွဲ့၏လက်ထဲမှ ဓားက

ရုတ်တရက်ပျောက်သွားမှန်း

သတိထားမိလိုက်သောကြောင့်ပါ။

ဆူး...

ဘမ်း...

အဘိုးအို၏ သတိပေးသံအဆုံး

သူ့ဘေးနားရှိ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူဟာ နဖူးမှ သွေးများ

ပန်းထွက်လာသည်။

ထိုလူ၏မျက်လုံးများက

ပြူးကျယ်နေကာ မယုံကြည်နိုင်ဟန်များ

အထင်းသားပင်။ ၎င်းက သူ့ကိုယ်သူ

ဘယ်လိုသေသွားမှန်းပင် မသိလိုက်ပုံပါ။

အဘိုးအိုက သူ၏လက်ကို ဝှေ့ယမ်းပြီး “သူ့ကို အခွင့်အရေးမပေးနဲ့။ အတူတူတိုက်ခိုက်ကြ”ဟူ၍ အမိန့်ပေးလိုက်သည်။

ထို့နောက်တွင် သူ၏လက်နှစ်ဖက်ကို ပြိုင်တူဆန့်ပြီး လက်ခုပ်တီးလိုက်သည်။ ရောမလက်သည်းကြီးတစ်ခု ပေါ်လာပြီး ယန်ယဲ့အား ရိုက်ချလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့၏လက်ထဲမှ ဓားက ဖျုတ်ခနဲပျောက်သွားလေသည်။

ဆူး...

ဒိုင်း...

တစ်ချိန်တည်းမှာပင်
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတစ်ဦး၏ ခေါင်းက လေထဲကို
ပျံတက်လာသည်။

ထိုအတောအတွင်း ယန်ယဲ့ သည်
ရေခဲခေါင်းတလားအဖုံး ကို
အလျင်အမြန်ထုတ်ပြီးကာကွယ်လိုက်
သော်လည်း လွင့်ထွက်သွားခဲ့ရသည်။
လွင့်ထွက်နေရင်း သူ၏ပါးစပ်ထဲမှ
သွေးများအန်ထွက်လာသည်။ ထို့အပြင်
သူ၏တစ်ကိုယ်လုံး ပါအက်ကွဲသွားကာ

ကိုယ်ပေါ်မှ သွေးများ အဆက်မပြတ်
စီးကျလာသည်။ သို့သော် သွေးများက
သူ၏ သတ်ဖြတ်ခြင်းတာအိုနှလုံးသား
ဆီသို့သာ စီးဝင်သွားသည်။

ယန်ယဲ သည် ၁၀
ကီလိုမီတာအကွာထိတိုင်
လွင့်ထွက်သွားပြီးနောက်မှ
ရပ်တန့်သွားသည်။ သူ့ကိုယ်သူ
ရပ်လိုက်သည်နှင့် ယန်ယဲ့ သည်

သူ့လက်ဝါးကို လှန်လိုက်ပြီး
စွမ်းအင်ပုလဲတစ်လုံး
အလျင်အမြန်ထုတ်ကာ
မျိုချလိုက်လေသည်။

ထိုအချိန်တွင် အဘိုးအိုနှင့်
အခြားလူများက သူ့နှင့်
မဝေးလှသောနေရာကို
ရောက်လာကြသည်။ သို့သော်
အားလုံးက  မတိုက်ခိုက်ကြပေ။

"ဆန်းကြယ်ချီစွမ်းအင်တွေ
မကျန်ဘူးလား" အဘိုးအိုက အေးစက်စွာ
ရယ်မောပြီး ပြောလေသည်
“နတ်ဘုရားတစ်ပိုင်းအဆင့်ဟာ
အမြဲတမ်း
နတ်ဘုရားတစ်ပိုင်းအဆင့်ပဲဖြစ်လိမ့်မယ်
။ မင်းက စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူတွေကို သတ်နိုင်ရင်တောင်
နတ်ဘုရားတစ်ပိုင်းအဆင့် ပဲလေ။ မင်းရဲ့

တိုက်ခိုက်ရေးစွမ်းအားက
ဘယ်လောက်ပဲ ထူးခြားနေနေ
ဆန်းကြယ်ချီစွမ်းအင် မလုံလောက်ရင်
ဒါဟာ ယာယီအချိန်တစ်ခုထိပဲ။ ဒါပေမဲ့
စိတ်မပူပါနဲ့၊
ငါတို့မင်းကိုသတ်မှာမဟုတ်ဘူး။ ငါတို့မ
င်းရဲ့အလောင်းကို ကောင်းကင်လမ်းမှာ
ချိတ်ဆွဲထားမယ်။ အောက်ဘုံကလူတိုင်း
ငါတို့ရဲ့ အထက်ကမ္ဘာကို စိန်ခေါ်တာက

ဘယ်လိုအကျိုးဆက်လဲဆိုတာ
သက်သေပြလိုက်မယ်"

"အကြီးအကဲဟွာ၊ သူ့ကို
တစ်ခါတည်းသတ်လိုက်ရအောင်"
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
တစ်ယောက်က
လူသတ်ချင်စိတ်အပြည့်လေသံဖြင့်
ပြောလိုက်သည်။

အကြီးအကဲဟွာ ဆိုသည်က
ခေါင်းဆောင်အဘိုးအိုပါ။

ထိုအချိန်တွင် ယန်ယဲ့၏ နဖူးအလယ်ရှိ
ဓားနတ်ဘုရားတံဆိပ်တော်က
အဆက်မပြတ် လင်းလက်နေ၏။
ထို့နောက် သူ၏ဓားစိတ်ဆန္ဒ က
ထာဝရရှင်သန်ခြင်း အငွေ့အသက်များ
ပြင်းထန်စွာ ပျံ့လွင့်လာပါသည်။

ဓားနတ်ဘုရားတံဆိပ်တော် သည်

အသုံးပြုမှုအပေါ်

ကန့်သတ်ထားခြင်းမရှိပါ။ ၎င်း၏

တန်ပြန်ရိုက်ခတ်မှုဒဏ်အား ခံနိုင်ရည်ရှိ

သရွေ့ သူ၏ဓားစိတ်ဆန္ဒ ကို

ထာဝရရှင်သန်ခြင်းအဆင့် သို့

အဆက်မပြတ်

မြှင့်တင်နိုင်သည်။ အကယ်၍

သာမန်အခြေအနေသာဆိုလျှင် သူက

ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒကို

မြှင့်တင်လိုက်မည်မဟုတ်ပါ။

နောက်ဆုံးတွင် သူက

ကြောက်စရာကောင်းသော

တန်ပြန်ရိုက်ခတ်မှုအား

မခံစားလိုတော့ပေ။

သို့သော် သူ့အနေဖြင့်

ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒသာ ပိုင်ဆိုင်မထားပါက

ကောင်းကင်လမ်း၏

အစောင့်အကြပ်များကို

သတ်ပစ်နိုင်မည်မဟုတ်ပေ။

ယန်ယဲ့၏ ဓားစိတ်ဆန္ဒက

တဖြည်းဖြည်းအားကောင်းလာမှန်း

မြင်သောအခါ အကြီးအကဲဟွာ နှင့်

အခြားသူများ၏ အမူအရာများက

ပြောင်းလဲသွားပြန်သည်။

သူတို့အမြင်အရတော့ ယန်ယဲ့ဟာ
ထိုမျှကြောက်စရာကောင်းသော
လျှို့ဝှက်နည်းလမ်းအား
အသုံးပြုနိုင်မည်ဟု
မမျှော်လင့်ထားကြပေ။

သို့သော် အားလုံးက
အဆင့်မြင့်ကျင့်ကြံသူများ ဖြစ်လေရာ
အလျင်အမြန်
တုံ့ပြန်နိုင်ကြသည်။ ကျန်ရှိသည့်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၅ ယောက်ဟာ

လျင်မြန်စွာအုပ်စုဖွဲ့လျက်

အကြီးအကဲပဟ္ဂာ၏ နောက်မှ

ရပ်လိုက်ကြသည်။ ဤတစ်ကြိမ်တော့

အားလုံးက ယခင်ကဲ့သို့ အရင်ဦးဆုံး

တိုက်ခိုက်ခြင်းမပြုကြတော့ပေ။

အကြောင်းကတော့

အရင်ဆုံးတိုက်ခိုက်လိုက်သည်နှင့်

အသတ်ခံရမည်ကိုသိနေသောကြောင့်ပါ။

ယန်ယဲ့၏အနားကို တိုးကပ်သွားသည်နှင့်

ဓားတစ်ချက်တည်းဖြင့်အသတ်ခံရနိုင်

ချေများ၏။

အကြီးအကဲဟွာ က ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

သူ၏ညာဖက်လက်ဝါးကို ဆန့်ပြီး

ယန်ယဲ့အား အသာ ပုတ်လိုက်သည်။

ဘမ်း...

လက်ဝါးအလယ်မှ ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းကြီးတစ်ခု ထွက်လာပြီး ယန်ယွဲ့ထံ တိုးဝင်သွားလေသည်။

ခဏအကြာတွင် အကြီးအကဲဟွာ က ရှေ့သို့ နောက်တစ်လှမ်းထပ်တိုးကာ ယန်ယွဲ့၏ ရှေ့သို့ ချက်ချင်းရောက်ရှိလာပါသည်။

ယန်ယဲ့၏တုံ့ပြန်မှုက

နှေးကွေးခြင်းမရှိပေ။သူရပ်နေသည့်နေ

ရာမှ ချက်ချင်းပျောက်သွားကာ

အခြားသော

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများ ဆီသို့ ခုန်ဝင်လိုက်သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ကို

ချက်ချင်းမထုတ်ဖော်လိုက်ခြင်းက

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ သူနှင့်အတော်လေး

ဝေးနေသောကြောင့်ပါ။ ထို့ကြောင့်

အကြီးအကဲဟွာ တိုက်ခိုက်လာသည်ကို

အခွင့်ကောင်းယူကာ

စိတ်ဝိညာဉ်ခွဲထွက်အဆင့်

ကျင့်ကြံသူများနှင့် အကာအကွယ်အဝေးကို

ချိုးပစ်လိုက်သည်။

သို့သော် ကံဆိုးစွာပဲ

သူ၏ရည်ရွယ်ချက်က

မအောင်မြင်ခဲ့ပေ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ

သတိအပြည့်ရှိနေသည့်အတိုင်း

ချက်ချင်း

နောက်ပြန်ဆုတ်သွားကြတော့သည်။

တစ်ချိန်တည်းမှာပင် အကြီးအကဲဟွာ က ယန်ယွဲ့ရှေ့ကို တစ်ဖန်ပြန်ပေါ်လာပြီး လက်ဝါးဖြင့်

ရိုက်ချလိုက်သည်။ ဤတစ်ကြိမ်တိုက်ခိုက်မှုက ယခင်ကလက်ဝါးထက် ပို၍ပင်ကြောက်စရာကောင်းလေသည်။

ကျယ်လောင်သော မြည်ဟီးသံ နှင့်အတူ

အာကာသပြင်ထဲမှ မမြင်နိုင်သော

စွမ်းအားလှိုင်းများ ဆင်းသက်လာပြီး

ယန်ယဲ့အပေါ်

တည့်တည့်ကျရောက်သွားသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

ရှောင်တိမ်းရန် နောက်ကျသွားလေရာ

ထိပ်တိုက်ရင်ဆိုင်လိုက်တော့သည်။

ရေခဲခေါင်းတလားအဖုံးကို

ချက်ချင်းပြောက်ကာ သူ့ရှေ့တည့်တည့်မှ ကာထားလိုက်၏။

အုန်း....

အားလှိုင်းက ရေခဲခေါင်းတလားအဖုံးကို ဆောင့်တွန်းသွားကာ ယန်ယဲ့သည် ချက်ချင်း လွင့်ပျံသွားသည်။ အကြီးအကဲဟွာ က မရပ်တန့်ဘဲ ရှေ့ကို ချက်ချင်းတိုးလာလိုက်သည်။

သူ၏အရှိန်က မြန်ဆန်နေသဖြင့်
ယန်ယွဲ့ရှေ့တွင် ပြန်ပေါ်လာပြီး
သူ့လက်ဝါးကို နောက်တစ်ကြိမ်
ပုတ်လိုက်သည်။

ဘမ်း...

အာကာသပြင်က လက်ဝါးမှ
ထွက်ပေါ်လာသော ဖိအားကို
မခံနိုင်တော့သည့်အလား ပြင်းထန်စွာ

တုန်ခါသွားသည်။ တိုက်ခိုက်မှု၏
ဖိအားသည် ယန်ယွဲ့အား ထပ်မံ
လွင့်ထွက်သွားစေသည်။

သို့သော် အကြီးအကဲဟွာ ကတော့
အရိပ်တစ်ခုကဲ့သို့ပင်။ ယန်ယွဲ့၏ ရှေ့မှာ
ထပ်မံ၍ ပေါ်လာပြီး
တိုက်ခိုက်လိုက်ပြန်သည်၊

ဤတစ်ကြိမ်တော့ ယန်ယဲ့ သည်
ရေခဲခေါင်းတလားဖြင့်
သူ့ကိုယ်သူကာထားရင်း
နတ်ဓားကို ဆွဲထုတ်၍
ပိုင်းချလိုက်တော့သည်။

အဘိုးအိုက သူ့အား
အသက်ရှင်ခွင့်မပေးလိုမှန်း
ကောင်းကောင်းသိထားခဲ့သည်။

အကယ်၍ သူ့ကိုယ်သူ ကာကွယ်ပြီး

တန်ပြန်မတိုက်ခိုက်နိုင်လျှင်

ငရဲရောက်သွားပေမည်။

စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းစား

သုံးထပ်ပေါင်းစပ်ခြင်း...

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ထာဝရရှင်သန်ခြင်းအဆင့် စားစိတ်ဆန္ဒ
ပါ ထပ်ပေါင်းထားသည့်
ကောင်းကင်ဘုံဖျက်ဆီးခြင်းစား ပါ။

ထာဝရရှင်သန်ခြင်းအဆင့် စားစိတ်ဆန္ဒ
ဖြင့် ပေါင်းစပ်ထားလေရာ
စားချက်၏စွမ်းအားက ယခင်ထက်
ပိုအားကောင်းခဲ့သည်။

ဓားစွမ်းအင်

ဖြတ်သွားသည့် အာကာသပြင်က

လျှောင်လှုပ်ခတ်သွားသည့်အလား

ပြင်းထန်စွာ တုန်ခါလာပြီး

အကြီးအကဲဟွာ ပင်လျှင် ၃

ကီလိုမီတာအကွာထိတိုင်

လွင့်ထွက်သွားခဲ့သည်။

အကြီးအကဲဟွာ က သူ့ရင်ဘတ်ကို

ငုံ့ကြည့်လိုက်ရာ လှီးဖြတ်ထားသည့်

ဓားဒဏ်ရာကို မြင်လိုက်သည်။ ထို့အပြင်
ဓားဒဏ်ရာက အရိုးများပင်
မြင်နိုင်သည်အထိ နက်ရှိုင်းလှသည်။

အကြီးအကဲဟွာ၏
မျက်လုံးများကအနည်းငယ်
ကျဉ်းမြောင်းသွားကာ
လေးနက်သည့်အမူအရာများပါ
ပေါ်လာလေသည်။

ယန်ယဲ့၏ဓားချက်က သူ့အတွက်ပင်

ခြိမ်းခြောက်နိုင်စွမ်းရှိကြောင်း

သက်သေပြခဲ့သည်မဟုတ်ပါလား။ အက

ယ်၍ သူသာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူဆိုပါက

ချက်ချင်းအသတ်ခံရမည်မှာ မလွဲပေ။

အကြီးအကဲပက္ခာ က ယန်ယဲ့ကို

စိုက်ကြည့်ရင်း “ပြောစရာတောင်

မလိုပါဘူး၊ မင်းက တကယ့်ကို
ထူးထူးခြားခြား
ပါရမီရှင်တစ်ယောက်ပါ။ ကံမကောင်းစွာ
ပဲ၊ မင်းလို ပါရမီရှင်တစ်ယောက်ဟာ
ဒီနေ့ပျောက်ကွယ်သွားတော့မယ်"ဟု
အေးစက်စက်ပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့်
အကြီးအကဲဟွာက ရှေ့သို့တိုးလာကာ
တိုက်ခိုက်ရန် ပြင်သည်။ သို့သော်လည်း

ယန်ယဲ့၏လက်ထဲမှ ဓားက ရုတ်တရက်
ပျောက်ကွယ်သွားသည်။

ယန်ယဲ့၏ဓား ပျောက်သွားသည်နှင့်
အကြီးအကဲပတ္တာ၏ အမူအရာက
ချက်ချင်းပြောင်းသွားကာ သူ့လက်ဝါးကို
ရှေ့သို့ လျင်မြန်စွာ
ရိုက်ထုတ်လိုက်သည်။

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက်

အကြီးအကဲဟွာ၏ပုံရိပ်က ၆

ကီလိုမီတာကျော်အထိ

လွင့်ထွက်သွားသည်။ သို့သော် ယန်ယွဲ့

သည် ဖျတ်ခနဲပျောက်သွားပြီး

အကြီးအကဲဟွာ၏ ရှေ့မှာ

ပြန်ပေါ်လာခဲ့သည်။

အကြီးအကဲပဟ္တာ၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူက ယန်ယဲ့၏တိုက်ခိုက်မှုအား
လျှော့မတွက်ဝံ့ပါ။ သူ၏လက်နှစ်ဖက်ကို
ပူးကပ်လျက် ရှေ့သို့
ပြိုင်တူတွန်းထုတ်လိုက်လေသည်။

သို့သော် သူ၏လက်ဝါးနှစ်ဖက်ကို
ရှေ့တွန်းထုတ်လိုက်ရင်း မျက်လုံးများက
ရုတ်တရက် ပြူးကျယ်သွားကာ

“သတိထားကြ”ဟူ၍ ကမန်းကတန်း
အော်ဟစ်လိုက်လေသည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု
လင်းလက်လာသည်။ သို့သော်
အကြီးအကဲဟွာ က ပစ်မှတ်မဟုတ်ပါ။
၎င်းက အကြီးအကဲဟွာ နှင့်
သိပ်မဝေးသော
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူ ကိုပါ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ

ဖြစ်ပျက်နေသည့်အရာကို

ချက်ချင်းသတိပြုမိပြီး

ထိတ်လန့်သွားကြသည်။ ဤအခိုက်အတ

န့်တွင် ယန်ယွဲ့ သည် အကြီးအကဲဟွာ ကို

လှည့်စားရုံသက်သက်သာ

တိုက်ခိုက်နေမှန်း

သူတို့သိလိုက်ကြတော့သည်။ သူတို့သာ

လျှင် ယန်ယဲ့၏ါအဓိပစ်မှတ်များပါ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ တိုက်ပွဲကိုသာ

အဆက်မပြတ်အာရုံရောက်နေခဲ့ကြသည်

။ထို့ကြောင့် ယန်ယဲ့က အကြီးအကဲဟွာ

ကို လှည့်စားပြီး သူတို့ထံ

နီးကပ်လာသည်ကိုမသိလိုက်ပေ။

အားလုံးက သတိပြန်ဝင်သည့်တိုင်

အချိန်မှီ နောက်ပြန်မဆုတ်နိုင်တော့ပါ။

နောက်ကျသွားခဲ့လေပြီ။ ထို

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ၏ မျက်နှာက ဖြူဖျော့သွားခဲ့

လေသည်။ သို့သော် ဓားစွမ်းအင်က

သူ၏လည်ပင်းကို

ဖောက်ထွက်သွားသည့်တိုင်

တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပါ။

ဆူး...

သွေးများ ပန်းထွက်လာပြီးနောက်
သူ၏ခေါင်းက
လေထဲသို့ပျံတက်သွားသည်။

တစ်ချိန်တည်းမှာပဲ
အကြီးအကဲဟွာ၏တိုက်ခိုက်မှုက
ယန်ယဲ့အပေါ်ကို
တည့်တည့်ကျရောက်သွားပါသည်။

ယန်ယဲ့၏ခန္ဓာကိုယ်က

ရေခဲခေါင်းတလားအဖုံး ဖြင့်

ကာထားသော်လည်း သိသာစွာပင်

ဒပ်ရာရခဲ့သည်။ သူ၏မျက်နှာက

အလွန်ဖြူဖျော့သွားခဲ့သည်။ တစ်ချိန်တ

ည်းမှာပင် ပါးစပ်ထောင့်မှ သွေးများ

အဆက်မပြတ်

စီးကျလာသည်။ ခဏအကြာမှာပဲ

ယန်ယဲ့၏ရင်ဘတ်တစ်ခုလုံး

သွေးများဖြင့် နီရဲနေလေသည်။

ရေခဲခေါင်းတလားအဖုံး ဖြင့်

ကာလိုက်သည့်တိုင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်၏ စွမ်းအားကို

အပြည့်အဝခုခံနိုင်စွမ်းမရှိခဲ့ပေ။ သို့သော်

သူ၏ခန္ဓာကိုယ်က အင်မော်တယ်အဆင့်

ရောက်နေသောကြောင့်သာ။ မဟုတ်ပါက

ရေခဲခေါင်းတလားအဖုံး ရှိနေသည့်တိုင်

သူ့ကိုယ်သူ ကယ်နိုင်မည်မဟုတ်ပါ။

ယန်ယဲ့ သည် စွမ်းအင်ပုလဲတစ်လုံးကို

ထုတ်ကာ မျိုချလိုက်သည်။

မရေမတွက်နိုင်သော

ဝိညာဉ်စွမ်းအင်များက သူ့ခန္ဓာကိုယ်အနှံ့

ပြန့်နှံ့သွားသည်။ သိပ်မကြာလိုက်ပါ၊

မူလခရမ်းရောင်စွမ်းအင် အများအပြား

စီးထွက်လာပြီး သူ၏ခန္ဓာကိုယ်အနှံ့

ဖြန့်ကျက်လျက် ဒဏ်ရာများကို

ကုသပါတော့သည်။

ထိုအချိန်တွင်

အကြီးအကဲပဟ္ဂာ၏အကြည့်က

ယန်ယဲ့၏ရှေ့မှ

ရေခဲခေါင်းတလားအဖုံးပေါ်သို့

ကျဆင်းသွားသည်။ ထူးဆန်းသော

ခေါင်းတလားအဖုံး က ယန်ယဲ့ကို

မသတ်နိုင်သည့်

အကြောင်းအရင်းဖြစ်မှန်း

သိလိုက်လေသည်။

မှန်သည်။ ရေခဲခေါင်းတလားအဖုံး သာ

မရှိလျှင် ယန်ယဲ့ သည်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအား

ပြန်လည်တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

ယန်ယဲ့ သည် စွမ်းအင်ပုလဲကို

မျိုချလိုက်ပြီးနောက် သူ၏ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင်ဟာ

အပြည့်ပြန်ဖြစ်လာပါသည်။

သူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများပင်

မရှိသလောက်နီးပါး

ပျောက်ကင်းနေပါသည်။ ထို့နောက်

ယန်ယဲ့က အကြီးအကဲဟွာ ကို

မော့ကြည့်ကာ

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲပြီး ချက်ချင်းခုန်ဝင်သွားသည်။

ဤအခိုက်အတန့်တွင် ကျန်ရှိသော စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကျင့်ကြံသူ ၄ ယောက်စလုံး ချက်ချင်း နောက်ပြန်ဆုတ်သွားခဲ့သည်။ ယန်ယဲ့ သည် အကြီးအကဲဟွာ ကို တိုက်ခိုက်နေသည့်တိုင် သူတို့သာလျှင် အဓိကပစ်မှတ်များဖြစ်မှန်း

သိထားကြသည်။ သို့သော်လည်း

သူတို့က ယန်ယွဲ့၏ဓားတစ်ချက်ကိုပင်

မခုခံနိုင်ပါ။ အခြေအနေက

အတော်လေးရှက်စရာကောင်းလှ၏။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၄ ယောက်ဟာ

နတ်ဘုရားတစ်ပိုင်းအဆင့် ကို

မသတ်နိုင်သည့်အပြင်

အနီးကပ်ပင်မနေရဲပေ။ ၎င်းက

အလွန်အရှက်ရဖွယ်ပင်။ သို့တိုင်
အခြားရွေးချယ်စရာမရှိပေ။

လက်ရှိတွင် ယန်ယဲ့သည်
ပြန်လည်မွေးဖွားခြင်းအဆင့် အောက်မှ
ကျင့်ကြံသူတိုင်းအား
အသာအယာသတ်ပစ်နိုင်၏။

ယန်ယဲ့ သည်
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများကို ဂရုမစိုက်ဘဲ

အကြီးအကဲဟွာ နှင့်သာ

အပြင်းအထန်တိုက်ခိုက်လိုက်သည်။ အ

ကြီးအကဲဟွာ က သတိအပြည့်ထားကာ

ယန်ယဲ့အား တိုက်ခိုက်ခဲ့သည်။ ထို့အပြင်

သူက စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများအတွက်ပါ

အသင့်ပြင်ထားပေးခဲ့သည်။ အကယ်၍

ယန်ယဲ့က

အလစ်အငိုက်ဖမ်းတိုက်ခိုက်သည့်တိုင်

အသတ်ခံရတော့မည်မဟုတ်ပေ။

သို့သော် အချိန်တော်တော်ကြာသည်ထိ

တိုက်ခိုက်ပြီးနောက်တွင်

အကြီးအကဲဟွာ၏စိတ်ထဲ၌

သိသိသာသာတုန်လှုပ်သွားခဲ့သည်။

ယန်ယဲ့ သည် လုံးလုံးလျားလျား

ဖိနှိပ်ခံနေရသော်လည်း

နတ်ဘုရားတစ်ပိုင်းအဆင့် သာ။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူ၏ ဖိနှိပ်ခံရခြင်းက

နတ်ဘုရားတစ်ပိုင်းအဆင့်အတွက်

အရှက်ရစရာဖြစ်နိုင်သည်လား။

မဟုတ်ပါ။ နတ်ဘုရားတစ်ပိုင်းအဆင့် က

ကြောက်စရာကောင်းသည်ဟု

ဆိုရပေမည်။ထိုသတင်းသာ

ပြန့်နှံ့သွားခဲ့သည်ရှိသော် ယန်ယွဲ့ဟူသော

နာမည်သည် အထက်ကမ္ဘာတစ်ခုလုံး
သေချာပေါက် ကျော်ကြားသွားပေမည်။

ထိတ်လန့်တုန်လှုပ်မှုများအပြင်
အားလုံး၏ စိတ်ထဲ၌
ကြောက်လန့်နေကြသည် ။

အထူးသဖြင့် အင်ပါယာခန်းမ နှင့်
စစ်နတ်ဘုရားခန်းမ မှ
ကျင့်ကြံသူများပင်။

အကြောင်းကတော့ အင်ပါယာခန်းမ နှင့်

စစ်နတ်ဘုရားခန်းမ ဟာ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ စေလွှတ်ရန်

ရည်ရွယ်ချက်မရှိသောကြောင့်ပါ။

အကယ်၍ မာကာလန်၏

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူသာ ရောက်မလာခဲ့လျှင်

သူတို့အားလုံး

ငရဲရောက်သွားလောက်ပေသည်။ စိတ်ဝိ
ညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူများဟာ ယန်ယွဲ့အား
ဘာမှမလုပ်နိုင်ပါ။ ယန်ယွဲ့ကသာ
သူတို့အားလုံးကို သတ်သွားနိုင်
လေသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူများဟာ ယန်ယွဲ့အတွက်
ခြိမ်းခြောက်မှုမဟုတ်တော့ပါ။

ထို့အပြင် ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူများ ပင်လျှင် ၂ ယောက်မဟုတ်ပါက ယန်ယွဲ့ကို သတ်နိုင်မည်မဟုတ်ပေ။

ဤအခိုက်အတန့်မှာ အားလုံးက ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ကြရသည်။ သူတို့၏ သက်ဆိုင်ရာအင်အားစုများထံမှ

အကူအညီမတောင်းမိသည့်အတွက်
နောင်တရနေခဲ့သည်။

အုန်း....

ထိုအချိန်တွင် ယန်ယဲ့သည် ရုတ်တရက်
လွင့်ပျံလာသည်။ သို့သော်လည်း
အကြီးအကဲဟွာ က အလားတူပင်။
ဓားစွမ်းအင်က သူ့အား ၁
ကီလိုမီတာအကွာထိ

ရိုက်ထုတ်ခဲ့သည်။ နှစ်ယောက်စလုံး

တွန်းထုတ်ခံခဲ့ရသော်လည်း

ချက်ချင်းဆိုသလို ပြေးတက်လာပြီး

တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့ သည် အကြီးအကဲဟွာ ကို

တိုက်ခိုက်နိုင်သော်လည်း

တကယ်တမ်းဆိုရလျှင် နှစ်ယောက်ကြား

ကွာဟချက်ကကြီးမားလှသည်။ သို့သော်

သူက ဓားနတ်ဘုရားတံဆိပ် နှင့်

ရေခဲခေါင်းတလားအဖုံး ကို

အသုံးပြုထားလေရာ

သိပ်ပြီးကွာဟမှုမရှိတော့ပေ။

ယန်ယဲ့ သည် တိုက်ခိုက်နေရင်းဖြင့်

ရုတ်တရက် ရပ်တန့်လိုက်ကာ

“ဒီနေ့အတွက် ဒါလောက်ပဲ။ မနက်ဖြန်မှ

ဆက်မယ်"

ဟုပြောပြီးသည်နှင့် ယခင်က

သူထွက်လာခဲ့သော

ကောင်းကင်တံခါးဆီသို့

ပြန်ဝင်သွားသည်။

အကြီးအကဲပတ္တာ က ချက်ချင်းပင်

အံ့အားသင့်သွားသည်။

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၂ - ကြောက်ရွံ့ကြခြင်း

ယန်ယဲ့ ထွက်ပြေးပြန်ပြီ ။

အကြီးအကဲဟွာ၏ မျက်နှာပေါ်မှာ

အလွန်ကြည့်မကောင်းလှသည့်

အမူအရာပေါ်လာလေသည်။

သူ့စိတ်ထဲ ယန်ယွဲ့က ထွက်ပြေးမည်ဟု

မမျှော်လင့်ခဲ့ပေ။ အကြောင်းကတော့

အစောပိုင်းက ယန်ယွဲ့၏ပုံစံက သူ့အား

သေသည်အထိ တိုက်ခိုက်ရန်

စိတ်ပိုင်းဖြတ်ထားပုံပါ။သို့သော်လည်း

ယန်ယွဲ့ သည် ရုတ်တရက်

စိတ်ပြောင်းသွားသည့်အလား

တိုက်ခိုက်နေရာမှ ရပ်တန့်ကာ

ထွက်ပြေးသွားခဲ့သည်။

အကြီးအကဲဟွာ၏မျက်နှာသည်
အလွန်မှိုင်းညို့သွားသည်။ ထို့နောက်တွင်
သူက
ယန်ယဲ့၏အကြံအစည်ကို တဖြည်းဖြည်း
နားလည်လာသည်။

ထိုယန်ယဲ့ က သူ့ကို
အားကုန်အောင်လုပ်ဆောင်နေခြင်းပင်။

တစ်နည်းအားဖြင့် ယန်ယဲ့က

သူတို့အားလုံးကို တစ်ခါတည်းသတ်ရန်

ပြင်ဆင်နေ၏။

ယန်ယဲ့ သည် အလျင်အမြန်

အားပြန်ပြည့်လာသည့်တိုင်

သူကိုယ်တိုင်က မဖြစ်နိုင်ပါ။

အကယ်၍ အကြီးအကဲဟွာ အနေဖြင့်

အထွတ်အထိပ်ကို

ပြန်ရောက်လိုပါက  အနည်းဆုံး အချိန် ၃ ရက်လောက်ယူရပေမည်။
နောက်ဆုံးတွင် ယန်ယဲ့က
ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒနှင့်ပေါင်းစပ်ထားသည့်
ပြန်လည်မွေးဖွားခြင်း၏ဓား ကိုသာ အချိန်တိုင်းထုတ်သုံးခဲ့သည်။

အရေးကြီးဆုံးကတော့ အကြီးအကဲဟွာက တိုက်ပွဲအတွင်း ဆန်းကြယ်ချီစွမ်းအင်

အများအပြား သုံးထားခဲ့ရသည်။
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူများဟာ လောကရှိ
ဝိညာဉ်စွမ်းအင်များကို
စုပ်ယူနိုင်သည့်တိုင်
အလွန်နှေးကွေးပါသည်။
လုံလောက်မှုမရှိဟု ပြောသင့်သည်။

ထို့အပြင် ယန်ယဲ့ သည် သူ့အား
လှည့်စားပြီး တိုက်ခိုက်နေရုံသာမကဘဲ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများကို တစ်ခါတစ်ခါ

အလစ်သတ်ဖြတ်သွားခဲ့သေးသည်။

ထိုအတိုင်းသာ ဆက်သွားနေမည်ဆိုပါက

နောက်ဆုံးတွင် သူတစ်ယောက်တည်းသာ

ကျန်နေခဲ့ဖို့များနေပါသည်။

အကယ်၍ ယန်ယွဲ့သာ

အရှက်မဲ့သောနည်းလမ်းဖြင့်

ဆက်ပြီးတိုက်ခိုက်နေလျှင်

သူကိုယ်တိုင်ပါ အားကုန်သွားပေမည်။

ဤအခိုက်အတန့်တွင် အကြီးအကဲဟွာ

က အကူအညီယူဖို့

ဆုံးဖြတ်လိုက်က်သည်။

ထို့နောက် စစ်နတ်ဘုရားခန်းမ နှင့်

အင်ပါယာခန်းမ မှ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများကို စိုက်ကြည့်ရင်း "မင်းတို့ရဲ့ သက်ဆိုင်ရာဂိုဏ်းတွေကို အကြောင်းကြားပါ"ဟု ပြောလိုက်သည်။

မာကလန် သည် အဆင့်မြင့်ကျင့်ကြံသူ အများအပြား ဆုံးရှုံးခဲ့ပြီးဖြစ်လေရာ နောက်ထပ် စေလွှတ်ပို့ခြင်းမရှိတော့ပါ။ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကျင့်ကြံသူများဟာ အထက်ကမ္ဘာရှိ

အင်အားစုတိုင်းအတွက်

ပင်မစွမ်းအားများပင်။ မာကာလန်

ကာသာ နောက်ထပ်အနည်းငယ်ဆုံးရှုံးလို

က်သည်နှင့်

ကလန်၏အခြေခံအုတ်မြစ်ပင်

လှုပ်ခါသွားပေတော့မည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများအတွက်တော့

ဤနေရာသို့ မလာဝံ့ခဲ့ပေ။ မာကာလန်၊

အင်ပါယာခန်းမ သို့မဟုတ်

စစ်နတ်ဘုရားခန်းမ ပင်ဖြစ်စေ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟာ

သက်ဆိုင်ရာအင်အားစု၏

ပင်မထောက်တိုင်များပင်တည်း။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်

ဆုံးရှုံးသွားလျှင်ပင်

အဆိုပါအင်အားစုအတွက်

ကြီးမားသောဆုံးရှုံးမှုပါ။

မည်သည့်အင်အားစုမျှ ခံနိုင်ရည်မရှိပေ။

ထို့အပြင် မာကာလန် က

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

အနည်းငယ်သာ ပိုင်ဆိုင်ထား၏။

အားလုံးပေါင်းမှ ၃ ယောက်သာလျှင်

ရှိခဲ့သည်။ နောက်ထပ်တစ်ယောက်သာ

ရောက်လာပါက မာကာလန်တွင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်သာ

ကျန်နေပါလိမ့်မည်။ ထိုအချိန်တွင်

ပြိုင်ဖက်အင်အားစုကသာ

အလစ်ဝင်တိုက်ပါက သေချာပေါက်

ပြီးဆုံးသွားပေမည်။

ထို့ကြောင့် အကြီးအကဲဟွာ က

စစ်နတ်ဘုရားခန်းမ နှင့် အင်ပါယာခန်းမ

မှ အကူအညီရယူရန်သာ

ဆုံးဖြတ်လိုက်၏။

အကြောင်းမှာ ထိုအင်အားစုနှစ်ခုသာ

လှူပ်ရှားမလာပါက ယန်ယွဲ့အား

သတ်နိုင်တော့မည်မဟုတ်ပေ။

အကြီးအကဲဟွာ၏

စကားကိုကြားသောအခါ

စစ်နတ်ဘုရားခန်းမ နှင့် အင်ပါယာခန်းမ

မှ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ

ခေါင်းညိတ်ကြသည်။ဤအခိုက်အတန့်

မှာ သူတို့လည်း အခြေအနေ

မည်မျှဆိုးရွားသည်ကို

သဘောပေါက်သွားကြသည်။

ထိုအချိန်မှာပဲ အကြီးအကဲဟွာ က

ထပ်ပြောခဲ့သည် “မင်းတို့ သူ့ကို

တကယ်သတ်ချင်ရင်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတွေကိုပဲ ထပ်မပို့ဖို့ပြောပါ။

ဘာလို့လဲဆိုတော့ ဒီကိုပို့လိုက်ရင်

သူတို့ကို ငရဲပို့လိုက်တာနဲ့ပဲတူတယ်"

ထိုစကားကြားသောအခါ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများ၏ မျက်နှာများက

မမြင်နိုင်သောအမူအရာများ

ရှိနေခဲ့သည်။ သို့သော် ယန်ယဲ့အား ပြန်တိုက်ရန် ခွန်အားပင်မရှိသောကြောင့် အကြီးအကဲဟွာ၏ စကားကို ချေပရန်ရှာမရပေ။

...

အောက်ဘုံ ။

ယန်ယဲ့ သည် အောက်ဘုံကို

ပြန်ပြေးလာခဲ့သည်။ ထို့နောက်

မြေအောက်ဥမင်လိုဏ်ခေါင်းတူးကာ

မူလစေတီ၏ တတိယအထပ်သို့

ချက်ချင်းဝင်သွားလိုက်သည်။

တတိယအထပ်သို့ ရောက်သည်နှင့်

ချက်ချင်းပင် တင်ပျဉ်ခွေထိုင်ချကာ

ဝိညာဉ်စွမ်းအင်များ ဆက်တိုက်

စုပ်ယူပြီး သူ၏ခန္ဓာကိုယ်အား
ကုသလိုက်သည်။

ထွက်ပြေးခြင်းက
ရှက်စရာကောင်းသလား။

လုံးဝမဟုတ်ခဲ့ပါ။

အဆင့်မြင့်ကျင့်ကြံသူများ နှင့်
ထိပ်တိုက်ရင်ဆိုင်နေရလေရာ

ထွက်ပြေးသင့်သည့်အခါ
ထွက်ပြေးရပါမည်။

အကြီးအကဲဟာ ထင်နေသည့်အတိုင်း
သူက တိုက်ပွဲအခြေအနေကို
ဖြည်းဖြည်းချင်း ထိန်းချုပ်ယူနေခြင်းပါ။

အကယ်၍ ၁ ရက်နှင့် မအောင်မြင်ပါက ၂
ရက်ကြိုးစားပေမည်။ ၂ ရက်ဆက်တိုက်

ကျရှုံးခဲ့လျှင်ပင် အောင်မြင်သည်အထိ
နှစ်ကြာအောင် ဆက်သွားပါလိမ့်မည်။

သူက ကောင်းကင်လမ်းကို အောင်မြင်စွာ
ဖြတ်ကျော်နိုင်သည့်ထိ
နေ့တိုင်းကြိုးစားရန် ရည်ရွယ်ထားသည်။

နောက် ၃ ရက်အကြာတွင်တော့ ယန်ယဲ့
သည် မူလစေတီထဲမှ ပြန်ထွက်လာခဲ့၏။
မူလစေတီထဲမှ အချိန် ၃ ရက်ဟာ

အပြင်လောကတွင်

နာရီအနည်းငယ်မျှသာဖြစ်သည်။

ဤအချိန်တွင် သူက

မူလအထွတ်အထိပ်ကို

ပြန်ရောက်နေပါပြီ။

ထို့နောက် တံ့ဆိုင်းမနေဘဲ

ကောင်းကင်တံခါးထဲကို နောက်တစ်ကြိမ်

ခုန်ဝင်သွားသည်။

အထက်ကမ္ဘာ ။

ယန်ယွဲ့ ပြန်ပေါ်လာသည်ကို

မြင်သောအခါ အကြီးအကဲဟွာ

တို့အုပ်စု၏ မျက်နှာများက

အရောင်အသွေးစုံလင်လာပါသည်။

ယန်ယဲ့ ပြန်လာမည်ကို သိနေသည့်တိုင်
နာရီအနည်းငယ်လောက်ဖြင့်
ပြန်လာဖို့ မမျှော်လင့်ထားကြပေ။

ယန်ယဲ့ သည် အချိန်မဖြုန်းတော့ပါ။
သူ၏နဖူးထက်ရှိ ဓားနတ်ဘုရားတံဆိပ်မှ
အရောင်လက်သွားပြီးနောက် သူ့ထံမှ
ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ
လှိုင်းများ ဖြာထွက်လာသည်။
ခဏအကြာတွင်တော့ သူက

အလင်းတန်းတစ်ခုသဖွယ်ပြောင်းကာ
လူအုပ်ဆီသို့ ပြေးဝင်သွားသည်။

အကြီးအကဲဟွာ အပြင်
အခြားလေးယောက်စလုံး
နောက်ပြန်ဆုတ်သွားခဲ့သည်။ မည်သူမျှ
ယန်ယဲ့ နှင့် အနီးကပ်မနေဝံ့ကြပေ။

သို့သော် ယန်ယဲ့၏ ပစ်မှတ်ကတော့
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများမဟုတ်ပါ။
အကြီးအကဲဟွာ ကိုသာ
ဦးတည်တိုက်ခိုက်လိုက်သည်။

ယန်ယဲ့က စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ကိုသာ
ချက်ချင်းထုတ်ဖော်လိုက်သည်။

အကြီးအကဲဟွာ က
ယန်ယဲ့၏တိုက်ခိုက်မှုကို မြင်သည့်အခါ

ပေါ့ပေါ့ဆဆ မပြုဝံ့တော့ပေ။

အထူးသဖြင့် ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒ နှင့်

ပေါင်းစပ်ထားသောတိုက်ခိုက်မှုပင်။

အကြောင်းမှာ ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒ သည်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအား ဖိနှိပ်နိုင်သောကြောင့်ပါ။

သို့သော် သတ်ပစ်နိုင်သည်အထိတော့
မဟုတ်ပေ။

အကြီးအကဲဟွာ က
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
လက်ဝါးဆီသို့ ပို့လွှတ်လိုက်သည်။
ထို့နောက် သူ၏ညာဖက်မှ မီတာ ၃၀၀
နီးပါးကြီးမားသော
ရောမစွမ်းအင်လက်ဝါးကြီးတစ်ဖက်
ပေါ်လာသည်။ စွမ်းအင်လက်ဝါးကြီး

ပေါ်လာသည်နှင့် တပြိုင်နက်
အကြီးအကဲဟွာ က သူ၏
ညာဖက်လက်ဝါးကို ရှေ့သို့
ပုတ်လိုက်လိုက်သည်။ ထိုအချိန်တွင်
စွမ်းအင်လက်ဝါးကြီးက ယန်ယဲ့ ဆီသို့
တဟုန်ထိုး ရိုက်ချသွားခဲ့လေသည်။

စွမ်းအင်လက်ဝါးကြီး
ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်
အာကာသပြင်က ပြင်းထန်စွာ

တုန်လှုပ်လာခဲ့သည်။ မြင်လိုက်ရသည်
ကား အလွန်အမင်း
ထိတ်လန့်စရာကောင်းသည့် မြင်ကွင်းပါ။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။ စွမ်းအင်လက်ဝါး
ကြီးက ပြင်းထန်စွာ တုန်ခါသွားပြီးနောက်
ယန်ယဲ့၏ဓားစွမ်းအင် ကလည်း

ပြိုကွဲသွားတော့သည်။ ထိုအချိန်တွင်
နောက်ထပ် အလင်းတန်းတစ်ခု
လင်းလက်လာသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ထိုတိုက်ခိုက်မှုအား မြင်လိုက်စဉ်
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူများ၏ အမူအရာများက
သိသိသာသာ ပြောင်းလဲသွားကာ

အားလုံး

နောက်ပြန်ဆုတ်သွားကြသည်။ ထိုတိုက်

ခိုက်မှုဟာ ၎င်းတို့အတွက်

သတ်ဖြတ်ခြင်းအကွက်ပင်။ အထူးသဖြ

င့် အနီးကပ်နေပါက

ရှောင်တိမ်းနိုင်စွမ်းရှိမည်မဟုတ်ပေ။

အားလုံးက တိုက်ခိုက်ခြင်းမပြုဘဲ

ချက်ချင်းပင်

နောက်ပြန်ဆုတ်သွားလိုက်ကြသည်။

အကြီးအကဲပတ္တာ၏ မျက်လုံးထဲ၌လည်း

လေးနက်သည့်အမူအရာတစ်ခု

ပေါ်လာသည်။ အကြောင်းကတော့

ထိုတိုက်ခိုက်မှုက

လုံးဝကိုကြောက်စရာကောင်းမှန်း

ခံစားမိသောကြောင့်ပါ။ သို့သော် ၎င်းက

သူ့အား သတ်ပစ်နိုင်မည်မဟုတ်ပေ။

သို့သော် သူက လျှော့တွက်၍မရသလို

လျှော့မတွက်ဝံ့ပါ။

အကြီးအကဲဟွာ၏ လက်များက

တုန်ခါသွားပြီးနောက် သူ့လက်နှစ်ဖက်ကို

ပူးကပ်လျက် ရှေ့သို့ ပုတ်လိုက်သည်။

အုန်း....

လက်ဝါးနှစ်ဖက်မှ

ကြောက်မက်ဖွယ်ရာအားလှိုင်းများ

ထွက်ပေါ်လာပြီး ယန်ယဲ့၏

တိုက်ခိုက်မှုဆီသို့

တည့်တည့်တိုးဝင်သွားသည်။

ဘမ်း....

ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။

ထို့နောက်တွင် ပြင်းထန်သော

စွမ်းအင်လှိုင်းလုံးကြီးဟာ

ပတ်ဝန်းကျင်ဆီသို့

ရွေ့လျားသွားသည်။ စွမ်းအင်လှိုင်းလုံး

ကြီးက အလွန်ပြင်းထန်ကာ ယန်ယဲ့ နှင့်
အကြီးအကဲဟွာ တို့နှစ်ယောက်လုံး
အသီးသီးလွင့်ထွက်လာကြသည်။
သို့သော် အကြီးအကဲဟွာ က မီတာ ၆၀၀
လောက်အကွာကို ဆုတ်လိုက်ပြီးနောက်
ရပ်သွားခဲ့သည်။ ယန်ယဲ့ ကတော့ ၃
ကီလိုမီတာလောက်အကွာထိ
လွင့်ပျံသွားခဲ့သည်။
ရေခဲခေါင်းတလားအဖုံး ဖြင့် သူ့ကိုယ်သူ

ကာထားသည့်တိုင်

အတော်လေးပြင်းထန်ခဲ့သည်။

ယန်ယဲ့ က သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် သူ၏လက်ထဲမှ

ဓားက နောက်တစ်ကြိမ်

ပျောက်သွားခဲ့သည်။

ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့်

အကြီးအကဲပွာ၏ အမူအကာက

ချက်ချင်းပြောင်းလဲသွားပြီး

သူလက်ဝါးများကို ရှေ့သို့ ထပ်ခါထပ်ခါ

ပုတ်လိုက်သည် ။

အုန်း...အုန်း...

မိုးချိန်းသံ ကဲ့သို့ ပေါက်ကွဲသံများ

ကျယ်လောင်စွာ ပဲ့တင်ထပ်လာသည်။

သို့သော် ခဏအကြာမှာပဲ

ငြိမ်သက်သွားကာ

အကြီးအကဲဟွာ၏ပုံရိပ်က ၁

ကီလိုမီတာလောက်အကွာထိ

ဆုတ်သွားလိုက်ရသည်။

ဤအခိုက်အတန့်မှာ

အကြီးအကဲဟွာ၏ခန္ဓာကိုယ်က

ဒဏ်ရာအများအပြားဖုံးလွှမ်းနေကာ

မျက်နှာလည်း အနည်းငယ်

ဖျော့တော့နေခဲ့သည်။

ယန်ယဲ့ လည်း

အခြေအနေအကောင်းကြီးတော့မဟုတ်

ပါ။ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူကို တိုက်ခိုက်နိုင်သည့်တိုင်

အကြီးအကဲဟွာ၏ တိုက်ခိုက်မှုများက

သူ့အား

ဒဏ်ရာအနည်းငယ်ရသွားစေသည်။

အကြီးအကဲဟွာ က သာမန်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

မဟုတ်မှန်းသိသာ၏။

ရေခဲခေါင်းတလားအဖုံး

ဖြင့်ကာထားသည့်တိုင် အပြည့်အဝ

မတားဆီးနိုင်ခဲ့ပေ။ အကယ်၍

ရေခဲခေါင်းတလားအဖုံး သာမပါက

အကြီးအကဲဟွာ၏တိုက်ခိုက်မှုတစ်ခုကိုပ

င် ခုခံနိုင်မည်မဟုတ်ပါ။

အကြီးအကဲဟွာ က သူ့ခန္ဓာကိုယ်ပေါ်မှ

ဒဏ်ရာများကို တစ်ချက်ကြည့်လိုက်ပြီး

ယန်ယဲ့ အား

စိုက်ကြည့်နေခဲ့သည်။ ဤအခိုက်အတန့်

မှာ သူက အတော်လေး

နောင်တရသွားမိသည်။

ထိုနေ့က မာဝူဒီကို အောက်ဘုံ

ဆင်းခွင့်ပေးပြီး ယန်ယဲ့အား

ရန်စလိုက်မိသောကြောင့်ပါ။

ယန်ယဲ့၏ပင်ကိုယ်စွမ်းရည်နှင့်

ခွန်အားက

လုံး၀ကိုကြောက်စရာကောင်းလှသည်။

အမှန်တိုင်းပြောရမည်ဆိုပါက

သူကိုယ်တိုင်ပင်

တော်တော်လေးကြောက်လန့်သွားခဲ့သည်။

ထို့ကြောင့် ယန်ယဲ့ ကဲ့သို့ လူတစ်ယောက်

နှင့် ရင်ဆိုင်တွေ့ပါက ပြဿနာမရှာဘဲ

ရှောင်ထွက်သွားမှသာ။ သို့မဟုတ်

ရန်စမိလိုက်သည်နှင့် တစ်ခါတည်း

ဖယ်ရှားပစ်ရပေမည်။

ထိုသို့မဟုတ်လျှင် ယန်ယဲ့ သာ
အထွတ်အထိပ် ရောက်သည်နှင့်
မာကလန် ဟာ သေချာပေါက်
ကပ်ဘေးကျမည်ဖြစ်သည်။

သို့သော်လည်း မာဝူဒီ က
အရှုံးတစ်ယောက်အလား
ယန်ယဲ့၏အခြေအနေကို သိနေသည့်တိုင်
နောက်ပြန်မဆုတ်ခဲ့ပေ။ ထိုဖြစ်စဉ်က
မာကလန် ကို

အကြပ်ရိုက်သွားစေသည်။ ယန်ယွဲ့ကို

သတ်ပြီး လက်စားချေမည်လော။

ရလာဒ်အနေနှင့်တော့ မာကလန်၏

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများ ဆုံးရှုံးလိုက်ရသည်။

သို့သော်လည်း ယန်ယွဲ့က

အသက်ရှင်နေဆဲပါ။ အကယ်၍

လက်စားချေရန် စွန့်လွှတ်လိုက်ပါက

ယန်ယွဲ့၏လုပ်ရပ်ဟာ မာကလန် ကို

ပေါ်တင်မျက်နှာဖြတ်ရိုက်သလိုပင်။

ထို့အပြင် အထက်ကမ္ဘာ၏

အင်အားစုများကြား မာကလန်၏

ဂုဏ်သတင်းဟာ

ကျဆင်းသွားပါလိမ့်မည်။

ဤအဖြစ်အပျက်မတိုင်ခင်က မာကလန်

ဟာ ယန်ယဲ့ကို သေချာပေါက်

လက်စားချေမည်ဟု

ဆုံးဖြတ်ထားကြသည်။

အကြီးအကဲဟွာ တစ်ယောက်တည်းမဟု
တ်ဘဲ မာကလန်၏ အဖွဲ့ဝင်တိုင်း
သဘောတူခဲ့သည်။
မာဝူဒီကို စွန့်လွှတ်လိုက်နိုင်သည့်တိုင်
မာကလန် က ဂုဏ်သိက္ခာကို
အကျမခံနိုင်ပါ။ သို့ပါသော်လည်း ...

အကြီးအကဲဟွာ က
အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ ယန်ယွဲ့ကို ကြည့်လိုက်ပြီး "ယန်ယွဲ့၊ ငါ အခုချက်ချင်း ထွက်သွားလိုက်မယ်။ မင်းနဲ့ ငါ့ရဲ့ မာကလန် ကြားက ရန်ငြိုးတွေ ဒီနေ့ဒီမှာတင်ပြီးသွားပြီ။ အဆင်ပြေလား"ဟူ၍ ပြောလိုက်လေသည်။

သူက အချိန်အတော်ကြာ တုံ့ဆိုင်းသွားပြီးနောက်

ကလဲ့စားချေရန်ရည်ရွယ်ချက်အား

အပြီးတိုင်စွန့်လွှတ်လိုက်သည်။

ဤမတိုင်ခင် ယန်ယဲ့၏ခွန်အားကို

ကောင်းကောင်းသိမထားခဲ့ပေ။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက် နှင့်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၁၀ ယောက်ဟာ ယန်ယဲ့ကို

ဖယ်ရှားနိုင်ကြောင်းယုံကြည်ထားခဲ့သည်

။ သို့သော် လက်တွေ့အမှန်တရားက

သူတို့၏ယူဆချက် မှားနေကြောင်း

သက်သေပြနေခဲ့သည်။ ယန်ယဲ့ နှင့်

အသေအကြေတိုက်ခိုက်ပြီး

သတ်နိုင်ခဲ့လျှင်ပင် မာကာလန် က

ဘာပြန်ရမည်နည်း။

ဘာမှကို မရနိုင်ပါ။

ဆန့်ကျင်ဖက်အနေနှင့် မာကာလန်၏

အဆင့်မြင့်ကျင့်ကြံသူများ

ဆုံးရှုံးလိုက်ရခြင်းသာ

အဖက်တင်ပါလိမ့်မည်။

ယခင် ကတော့ ယန်ယဲ့အကြောင်းကို

တစ်ခုမှမသိခဲ့ပေ။ ထို့ကြောင့်

မာကလန်က

မျက်နှာမပျက်မခံနိုင်ဟူသော

ရည်ရွယ်ချက်ဖြင့် လက်စားချေခဲ့သည်။

သို့သော်လည်း အကြောင်းစုံကို

သိလိုက်သည်နှင့် မာကလန် က

မျက်နှာပျက်ရလျှင်ပင်

အရေးမကြီးတော့ပေ။

အကြီးအကဲဟွာ

နောက်ပြန်ဆုတ်တော့မည်ကို

ကြားလိုက်သောအခါ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများ၏ အမူအရာများက

ချက်ချင်း

ပြောင်းလဲသွားသည်။ အကြီးအကဲဟွာ

က ရုတ်တရက်ကြီး ငြိမ်းချမ်းရေး

ဆွေးနွေးဖို့ သူတို့ မမျှော်လင့်ခဲ့ပေ။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်က

စကားပြောရန်ပြင်လိုက်စဉ်

အကြီးအကဲဟွာ က သူ့လက်ကို

ဝှေ့ယမ်းကာ “ဘာမှ ထပ်ပြောစရာ

မလိုပါဘူး။အပြင်လူတစ်ယောက်က
ငါ့မာကလန် ရဲ့ကိစ္စကို
ဝင်ပြီးစွက်ဖက်ပိုင်ခွင့်မရှိဘူး"ဟု
ကြိုပြောလေသည်။

ထို့နောက် သူက ယန်ယဲ့ကို  စိုက်ကြည့်ပြီး
"မင်းသဘောတူရင် ငါ အခုချက်ချင်း
ထွက်သွားမှာပါ။ မာကလန် က မင်းနဲ့
ထပ်ပြီး ပြဿနာမရှာတော့ဘူးလို့
ငါအာမခံတယ်"ဟုထပ်ပြောပါသည်။

ယန်ယဲ့ သည်လည်း အကြီးအကဲဟွာ က

ရုတ်တရက်ကြီး ပြောင်းလဲသွားမည်ဟု

မမျှော်လင့်ခဲ့ပေ။ နောက်ဆုံးတွင်

သူတို့နှစ်ယောက်လုံးက

သတ်ဖြတ်လိုစိတ်အပြည့်နှင့်

အပြင်းအထန်တိုက်ခိုက်နေခဲ့သည်မဟု

တ်ပါလား။ သို့သော် အကြီးအကဲဟွာ က

ရုတ်တရက်နောက်ပြန်ဆုတ်သွားပြီး

ရန်ငြိုးကြေအေးရန်ပင် ပြောလာခဲ့သည်။

အခြေအနေက အနည်းငယ်တော့

အပြောင်းအလဲမြန်နေခဲ့သည်။ သို့သော်

ယန်ယဲ့ အတွက်

ကောင်းသောအခြေအနေတစ်ခုပင်။ ထို့

ကြောင့် သူက ချက်ချင်း ခေါင်းညိတ်ကာ

"ကောင်းပြီ။ ငါလက်ခံတယ်"ဟု

ပြန်ပြောလိုက်သည်။

အကယ်၍ သူငြင်းပယ်လိုက်သည်နှင့်

အဘိုးအိုက မည်သည့်တန်ကြေးမဆို

ပေးဆပ်ရသည့်တိုင် သူ့အား

အသေသတ်ရန်ကြိုးစားတော့မည်ကို

သိနေပေသည်။ သူက

မကြောက်သော်လည်း

မလိုအပ်ပါ။သူ့စိတ်ထဲ၌ အကြီးအကဲဟွာ

နှင့်ထပ်တူအတွေးမျိုး

ရှိခဲ့သည်။ မာကလန် ကို

ဖျက်ဆီးနိုင်လိုက်သည့်တိုင် သူ့အတွက်

မည်သည့်အကျိုးအမြတ်မှ မရှိနိုင်ပါ။

ယန်ယဲ့ သဘောတူလိုက်သည်ကို

ကြားသောအခါ အကြီးအကဲဟွာ၏

ဆုပ်ထားသောလက်သီးများက

ချက်ချင်း ပြေလျော့သွားပြီး

စိတ်သက်သာရာရကာ သက်ပြင်းပင်

ချမိသည်။ သဘောတူလိုက်သောကြောင့်

ယန်ယဲ့ နှင့် မာကလန် ကြားမှ ရန်ငြိုးများ

ပြီးဆုံးသွားပေပြီ။

အကြီးအကဲဟွာ က ယန်ယဲ့ကို

လေးလေးနက်နက်နှင့်

အချိန်တော်တော်ကြာသည်ထိ

စိုက်ကြည့်နေပြီးနောက် သူ၏ပုံရိပ်က

တုန်လှုပ်သွားပြီး ချက်ချင်း

ပျောက်သွားသည်။

အကြီးအကဲဟွာ ထွက်သွားသည်နှင့်

တပြိုင်နက် ယန်ယဲ့ သည်လည်း

ငြိမ်သက်သွားခဲ့သည်။ သူက

တစ်ခုခုကိုတွေးမိသည့်အလား အဝေးမှ
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်
ကျင့်ကြံသူများကို စိုက်ကြည့်ရင်း
"အကြီးအကဲတို့၊ မင်းတို့အားလုံး ဒီမှာ
တကယ်ရှိသေးတယ်"ဟု
ပြောလိုက်လေသည်။

အားလုံးက စကားမပြောနိုင်ဘဲ
နေရာမှာပင် ထိတ်လန့်သွားကြသည်။

၁၈၅၃

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၃ - သုံးခါတိုက်ခိုက်ပြီးရင်

ထွက်ပြေးမယ်

ယန်ယွဲ့၏အသံကို ကြားလိုက်သောအခါ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ ၄ ယောက်စလုံး

အံ့အားသင့်သွားပြီးနောက်

သူတို့၏မျက်နှာများသည်

ဖြူဖျော့သွားခဲ့သည်။ အကြောင်းကတော့

အကြီးအကဲဟွာ မရှိတော့မှန်း

ရုတ်တရက်သတိရသွားသောကြောင့်ပါ။

အကြီးအကဲဟွာ

ထွက်သွားသည့်အချိန်ဟာ

ရုတ်တရက်ကြီး လျင်မြန်နေသောကြောင့်

သူတို့အားလုံးပင် သတိမပြုမိခဲ့ကြပေ။

မှန်သည်။ ထိုအရာက

အဓိကပြဿနာမဟုတ်ပါ။ အဓိကပြဿ

နာမှာ အကြီးအကဲဟွာ

ထွက်သွားသည်နှင့် ယန်ယဲ့အား

တားဆီးနိုင်သူမရှိတော့ပေ။

လေးယောက်စလုံး ထိတ်လန့်နေရာကနေ

သတိဝင်လာသည်နှင့်

ချက်ချင်းပြန်လှည့်ပြီး သူတို့နောက်မှ

တံခါးဆီကို

ပြေးသွားကြသည်။ သို့သော်လည်း

ယန်ယွဲ့၏လက်ထဲမှ ဓားက

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ဓား ပျောက်သွားသည့်အချိန်မှာပဲ သူနှင့်

၃ ကီလိုမီတာအကွာမှ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ၏ခန္ဓာကိုယ်ဟာ

တောင့်တင်းလာသည်။ ထို့နောက်

၎င်း၏ရင်ဘတ်မှ သွေးများ

ဖြန်းခနဲပန်းထွက်လာခဲ့သည်။

ခဏအကြာမှာပဲ နောက်ထပ်

အလင်းတန်းတစ်ခု လင်းလက်လာပြီး

အခြားသော

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူဟာ လေထဲမှာပင်

တောင့်တင်းသွားသည်။

သို့သော် ကျန်နှစ်ယောက်က

တံခါးဝထဲသို့ ဝင်သွားနိုင်ခဲ့ကြသည်။

ယန်ယွဲ့ သည် မျက်နှာပေါ်တွင်

အကူအညီမဲ့မှု သာမကဘဲ

နောင်ရနေသည့် အရိပ်အယောင်များ

ထွက်ပေါ်လာသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူများဟာ

ပြန်လည်မွေးဖွားခြင်း၏ဓား ကို

မခုခံနိုင်သော်လည်း

အားလုံးထွက်ပြေးပါက တားဆီးနိုင်မည်

မဟုတ်ပေ။

သို့သော်လည်း သူက နှစ်ယောက်ကို
သတ်နိုင်လိုက်သည်ဖြစ်ရာ
လုံလောက်ပါသည်။

ဤတစ်ကြိမ်တော့ ယန်ယဲ့က
ခေါင်းဖြတ်ပြီးမသတ်တော့ပါ။ သူက
အလောင်းများကို ဓားအစေခံအဖြစ်
သန့်စင်ရန် ရည်ရွယ်ထားသည်။

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ဓားအစေခံ ။

ယန်ယဲ့ သည် သူ၏ညာလက်ကို

ဝှေ့ယမ်း၍ ထိုအလောင်းနှစ်လောင်းကို

ဆွဲယူကာ တံခါးဆီသို့

လျှောက်သွားလိုက်သည်။ ဤနေရာက

အထက်ကမ္ဘာ၏အစိတ်အပိုင်းအဖြစ်

သတ်မှတ်နိုင်သော်လည်း

အတိအကျပြောရလျှင်

အထက်ကမ္ဘာကြီးထဲသို့

အမှန်တကယ်ဝင်ရောက်လာခြင်းဟု

မယူဆနိုင်ပေ။ သူ့ရှေ့မှ ဧရာမ

ဂိတ်တံခါးကြီးကို ဖြတ်ကျော်ပြီးမှသာ

အထက်ကမ္ဘာသို့

တက်ရောက်သွားနိုင်ပေမည်။

တစ်နည်းအားဖြင့် လက်ရှိ

သူရောက်နေသည့်နေရာက အောက်ဘုံ

နှင့် အထက်ကမ္ဘာ ကြားမှ
ယာယီနားခိုရာဟူ၍သာ ယူဆနိုင်၏။

ယန်ယဲ့ သည် တံခါးအတွင်းပိုင်းထဲကို
ဝင်ရန်ပြင်လိုက်စဉ် သူ၏အမူအရာက
ရုတ်တရုတ်ပြောင်းသွားတယ်။ သူက
ချက်ချင်း နောက်ပြန်ဆုတ်ဖို့
ပြင်လိုက်သော်လည်း
နောက်ကျသွားခဲ့လေသည်။

တံခါး နောက်ကွယ်မှ

ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းများ

ထွက်ပေါ်လာပြီး သူ့ဆီ

တိုးဝင်လာခဲ့သည်။ ယန်ယွဲ့ က

တွေဝေမနေဘဲ ရေခဲခေါင်းတလားအဖုံး

ကို ထုတ်ပြီး သူ့ရှေ့မှ

အလျင်အမြန်ကာထားလိုက်သည်။

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီး လူနှင့်

ရေခဲခေါင်းတလားအဖုံး ပါ ၃

ကီလိုမီတာအကွာထိ

လွင့်ထွက်လာခဲ့သည်။

ထိုအချိန်တွင် တံခါးနောက်ကွယ်မှ

အနက်ရောင်တုတ်ကောက်တစ်ချောင်း

ကိုင်ထားသည့်

အနက်ရောင်ဝတ်ရုံအဘိုးအိုတစ်ဦး ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

။

အဘိုးအိုက ယန်ယွဲ့ကို စိုက်ကြည့်ရင်း "တကယ်တော့ သူဟာ နတ်ဘုရားတစ်ပိုင်းအဆင့် မှာရှိတဲ့ ပုရွက်ဆိတ်တစ်ကောင်ဆီက

ပြန်လည်သင့်မြတ်ဖို့ကို ရှာခဲ့ရတယ်။

မာကလန် က အဆိုးကနေ

ပိုဆိုးလာတာပဲ”ဟု ပြောလေသည်။

ယန်ယဲ့ က သူ့ပါးစပ်ထောင့်ရှိ

သွေးများကို သုတ်လိုက်ပြီး

အနက်ရောင်ဝတ်ရုံအဘိုးအိုကို

မော့ကြည့်ရင်း ဘယ်ဖက်လက်သီးကို

ဖြည်းညှင်းစွာ

ဆုပ်ထားလိုက်သည်။ အဘိုးအိုက

မာကလန်၏
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူထက်
အနည်းငယ်အားကောင်းမှန်း
သိသာပေ၏။

အဘိုးအိုက ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာကာ "ယန်ယဲ့၊ တကယ်တော့ မင်းနဲ့ငါ့ရဲ့စစ်နတ်ဘုရားခန်းမ ကြားမှာ ဘာရန်ငြိုးမှမရှိခဲ့ဘူး။ ကံမကောင်းစွာပဲ၊

မင်းဟာ သွေးကေရီ နဲ့ ငါတို့ကြားက

ပြဿနာကို ဝင်ပြီးစွက်ဖက်လိုက်တယ်။

ပြောရရင် ငရဲခန်းမရဲ့ အခြေအနေက

မင်းထင်ထားတာထက်ကို

ပိုပြီး ရှုပ်ထွေးနေတယ်။ ဒါကို မင်းက

ဝင်ပြီးစွက်ဖက်မှတော့ မင်းမှာ အသက်

၁၀၀ ရှိရင်တောင် မင်းကို ကယ်တင်နိုင်မှာ

မဟုတ်ဘူး”ဟု

အေးစက်စက်ပြောပါသည်။

ထိုစကားပြောပြီးသည်နှင့်

သူ၏လက်ထဲမှ

အနက်ရောင်တုတ်ကောက်ဖြင့်

လျှပ်စီးလက်သကဲ့သို့ ရှေ့ကို

လှမ်းပစ်လိုက်သည်။

အုန်း...

ယန်ယွဲ့ သည် နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။ သေသေချာချာ

ကြည့်လျှင် သူ၏လက်များက
ရေခဲခေါင်းတလားအဖုံးကို
လွတ်ကျလုမတတ် ဖြစ်နေသည်ကို
သတိပြုမိပေလိမ့်မည်။

အနက်ရောင်ဝတ်ရုံအဘိုးအို က
သူထင်ထားသည်ထက်
ပို၍ပင်သန်မာခဲ့သည်။

ဘယ်လောက်သန်မာလိုက်သလဲ ....

ယန်ယဲ့ သည်

အနက်ရောင်ဝတ်ရုံအဘိုးအိုကို

မော့ကြည့်လိုက်သည်။ ထိုအချိန်တွင်

အနက်ရောင်ဝတ်ရုံအဘိုးအိုက သူ့ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာနေပြီး

ပြောလိုက်သည် “ပြောစရာတောင်

မလိုပါဘူး၊ မင်းက နည်းနည်းတော့

အံ့သြဖို့အကောင်းသား။ လူအိုကြီးမှာ က

အပေးအယူလုပ်ပြီး မင်းနဲ့
ငြိမ်းချမ်းအောင်လုပ်ဖို့ ရွေးချယ်ခဲ့တာ

အံ့သြစရာမရှိပါဘူး။တကယ်လို့ မင်း သာ
အင်အားအပြည့်ကြီးထွားခွင့်ရမယ်ဆိုရင်
မာကလန် ကို မပြောနဲ့ မာကလန်လိုမျိုး
မျိုးနွယ်စု ၁၀ ခုတောင်

မင်းကို

တားနိုင်မှာမဟုတ်ဘူး။ ကံမကောင်းစွာပဲ၊

မင်းမှာ အချိန်မရှိတော့ဘူး"

ထိုစကားပြောပြီးသည်နှင့်

အနက်ရောင်တုတ်ကောက် ကို မြှောက်၍

ယန်ယဲ့ရပ်နေသည့်နေရာကို

ထိုးလိုက်သည်။

ဝုန်း...

ကျယ်ပြန့်သော အာကာသပြင်က ပြင်းထန်စွာ တုန်ခါသွား၏။ ထို့နောက် မမြင်နိုင်သော စွမ်းအားလှိုင်းတစ်ခု ယန်ယဲ့ရှေ့ ပေါ်လာသည်။

သို့သော် ဤတစ်ကြိမ်မှာတော့ ယန်ယဲ့က အသင့်ပြင်ထား၏။
ရေခဲခေါင်းတလားအဖုံးကို မြှောက်ကာ ရှေ့တည့်တည့်ရိုက်ချလိုက်လေသည်။

အုန်း...

ကျယ်လောင်သော ပေါက်ကွဲသံ နှင့်အတူ

ယန်ယဲ့ သည်

နောက်ပြန်လွင့်ထွက်လာခဲ့သည်။

အရှိန်က လျင်မြန်လွန်းသဖြင့်

သူဖြတ်လာသော အာကာသပြင်က

အနည်းငယ်ပင် ကွဲအက်သွားလေသည်။

၉ ကီလိုမီတာနီးပါးအကွာထိ လွင့်ပျံသွားပြီးနောက်မှ ယန်ယဲ့၏ပုံရိပ်က ရပ်တန့်သွားသည်။

ဤအခိုက်အတန့်မှာ သူ၏လက်များ သာမကဘဲ တစ်ကိုယ်လုံးကို မခံစားနိုင်တော့ပါ။

"မင်းရဲ့ ခေါင်းတလားအဖုံးက မဆိုးဘူး" ထိုအတောအတွင်း

အနက်ရောင်ဝတ်ရုံအဘိုးအိုက
ပြောလာသည် “မင်းရဲ့ခန္ဓာကိုယ်ဟာ
အင်မော်တယ်အဆင့် မှာ
ဖြစ်နိုင်တယ်။ မင်းဟာ တကယ့်ကို
ထူးခြားတာပဲ။
စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ကို
မရောက်ခင် မှာ မင်းရဲ့ခန္ဓာကိုယ်က
အင်မော်တယ်အဆင့်မှာရှိနေပြီ။ တစ်စုံ
တစ်ယောက်က မင်းကို ကူညီပေးခဲ့တာ

ထင်ပါတယ်။ ဟုတ်တယ်၊ ငါ့ရဲ့

စူးစမ်းချင်စိတ်ကို နှိုးဆွပေးတာ

ကတော့

မင်းပြန်ကောင်းလာတဲ့စွမ်းရည်ပဲ။

ပြင်းထန်တဲ့ဒဏ်ရာတွေကို

ဒီလောက်အရှိန်နဲ့ဘယ်လိုရတနာကများ

ကုသပေးနိုင်သလဲ။ သိချင်တယ်၊

ငါအရမ်းသိချင်မိတယ်”

ထိုစကားပြောပြီးနောက်

ရှေ့တစ်လှမ်းတိုးကာ သူ၏ညာလက်ကို

ဆန့်ထုတ်လိုက်သည်။ ထိုအခါ ယန်ယဲ့၏

အပေါ်တည့်တည့်မှ အာကာသပြင်က

ပြင်းထန်စွာ တုန်လှုပ်သွားပြီးနောက်

ထိုနေရာမှ ရောမလက်ဝါးကြီးတစ်ဖက်

ထွက်ပေါ်လာပြီး ဖိချလာပါသည်။

ယန်ယဲ့ သည် နေရာတွင် မတ်တပ်ရပ်ပြီး

သေခြင်းတရားအား

စောင့်ဆိုင်းနေတတ်သူမဟုတ်ပါ။

အာကာသပြင်ထဲမှ ရောမလက်ဝါးကြီး

ဆင်းသက်လာသည်နှင့်တပြိုင်နက်

သူ့လက်ထဲမှ နတ်ဓားက ရုတ်တရက်

ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက် စူးရှသော အလင်းတန်းတစ်ခု

လင်းလက်လာသည်။

သို့သော် အလင်းတန်း၏ ပစ်မှတ်က

ရောမလက်ဝါးကြီး မဟုတ်ဘဲ

အနက်ရောင်ဝတ်ရုံအဘိုးအို ပါ။

အုန်း...

ဘမ်း...

ပေါက်ကွဲသံနှစ်ခု တပြိုင်နက်တည်း

ထွက်ပေါ်လာသည်။ ယခင်အတိုင်းသာ။

ယန်ယဲ့ သည် ခေါင်းတလားအဖုံးနှင့်အတူ ထပ်ပြီး လွင့်ထွက်သွားခဲ့သည်။ သို့သော် အနက်ရောင်ဝတ်ရုံအဘိုးအို ကတော့ ၁ ကီလိုမီတာအကွာထိ ပြန်ဆုတ်သွားရသည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကို မြင်သောအခါ

သက်ပြင်းတစ်ချက်ချလိုက်သည်။ အန
က်ရောင်ဝတ်ရုံအဘိုးအို က မာကလန်၏
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူထက် သန်မာနေသည့်တိုင်
ထင်သလောက်တော့မဟုတ်ပါ။ ပြန်လည်
မွေးဖွားခြင်း၏ဓား က
အနက်ရောင်ဝတ်ရုံအဘိုးအိုကို
ရင်ဆိုင်နိုင်ဆဲပါ။

ထိုအခြေအနေကပင် သူ့အတွက်
လုံလောက်ပါသည်။

ယန်ယဲ သည် စွမ်းအင်ပုလဲတစ်လုံးကို
ထုတ်ပြီး ချက်ချင်းမျိုချလိုက်သည်။
သူ၏ခန္ဓာကိုယ်ထဲ၌ မရေမတွက်နိုင်သော
ဝိညာဉ်စွမ်းအင်များ ချက်ချင်း
ထွက်ပေါ်လာသည်။ ထို့နောက်တွင်
မူလစေတီမှ
မူလခရမ်းရောင်စွမ်းအင်ချည်မျှင်များ

ဖြာထွက်လာပြီး အရိုးထဲထိအောင်
စိမ့်ဝင်လျက် သူ၏ဒဏ်ရာများကို
လျင်မြန်စွာ ပြုပြင်ပေးခဲ့သည်။

အနက်ရောင်ဝတ်ရုံအဘိုးအို ကတော့
သူ၏ရင်ဘတ်ကို ပြန်ငုံ့ကြည့်နေသည်။
သူ၏ရင်ဘတ်တစ်ဝိုက်က
ပေါက်ပြဲသွားသည် ။

ထို့နောက် ခေါင်းမော့၍ ယန်ယဲ့ကို

ကိုကြည့်ကာ "မင်းဟာ

ဒီလိုအသက်အရွယ်မှာ

ဒီလောက်ကြောက်စရာကောင်းတဲ့

တိုက်ခိုက်ရေးစွမ်းအားကို

ပိုင်ဆိုင်ထားပြီ။

ပြောစရာတောင်မလိုပါဘူး၊ ဒါဟာ

ကောင်းကင်ဘုံကို  ဆန့်ကျင်နေတယ်။

မင်းအသက်အရွယ်မှာ အနှောင်အဖွဲ့ကင်း

မဲ့သူနဲ့ ကျန်းဝူကျိ တောင်မှ
ဒီလိုအဆင့်မျိုးမရှိခဲ့မှာ စိုးရိမ်မိတယ်”ဟု
ပြောလေသည်။

ထို့နောက် သူ၏ညာလက်ကို
ရှေ့သို့ဆန့်ကာ တိုက်ခိုက်ရန်
ပြင်လိုက်၏။ သို့သော်
ယန်ယဲ့၏လက်ထဲမှ ဓားက
ပျောက်သွားပြီး အလင်းတန်းတစ်ခု
ဖျတ်ခနဲလက်လာသည်။

အလင်းတန်း ပေါ်လာသောအရှိန်က
ကြောက်စရာကောင်းလောက်အောင်
လျင်မြန်လှသည်။ ယန်ယဲ့ ကိုယ်တိုင်ပင်
ရှင်းရှင်းလင်းလင်း မမြင်နိုင်တော့ပေ။

အနက်ရောင်ဝတ်ရုံအဘိုးအို က
ရှောင်တိမ်းဖို့ ပြင်လိုက်သော်လည်း
နောက်ကျသွား၏။ အကယ်၍ ယန်ယဲ့နှင့်
ခပ်လှမ်းလှမ်းမှာသာ ရှိနေလျှင်တော့

တတ်နိုင်ပေမည်။ သို့ရာတွင်

သူတို့နှစ်ယောက်

အနီးကပ်အနေအထားဖြစ်နေလေရာ

သူက

ထိပ်တိုက်ရင်ဆိုင်လိုက်ရတော့သည်။

အုန်း...

ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ အဘိုးအိုက

နောက်အတော်ဝေးဝေးထိ

လွင့်ထွက်သွား၏။ အဘိုးအိုက

သူ့ကိုယ်သူ ထိန်းပြီး ရပ်လိုက်သည်နှင့်

နောက်ထပ်

အလင်းတန်းတစ်ခု

လင်းလက်လာပြန်သည်။

ဘမ်း...

အနက်ရောင်ဝတ်ရုံအဘိုးအိုက
ပြင်ဆင်ချိန်တောင် မရလိုက်ဘဲ
နောက်တစ်ကြိမ်
လွင့်ထွက်သွားရလေသည်။

အဘိုးအိုက သူ့ကိုယ်သူ ထိန်းပြီး
ရပ်လိုက်ချိန်တွင် ယန်ယဲ့သည်
နေရာမှာပင် ဖျတ်ခနဲ ပျောက်သွားသည်။

အဘိုးအိုက ထိတ်လန့်သွားပြီး

ကောင်းကင်တံခါးကို

စိုက်ကြည့်လိုက်သည်။ သူ့စိတ်ထဲ၌

တစ်ခုခုကို တွေးမိသွားပုံပါ။

အဘိုးအို၏မျက်နှာက

ကြည့်မကောင်းအောင်

ဖြစ်သွားလေတော့သည်။ ထိုယန်ယဲ့ က

အောက်ဘုံကို

ဆင်းပြေးသွားခြင်းပင်မဟုတ်ပါလား။ ခ

ဏအကြာတွင် အဘိုးအို၏ပုံရိပ်က

ကောင်းကင်တံခါးဆီသို့

ပျံသန်းသွားခဲ့သည်။ သို့သော် အထဲကို

ဝင်ခါနီးမှာပဲ ချက်ချင်းရပ်လိုက်၏။

အဘိုးအိုက ကောင်းကင်တံခါးကို

အကြာကြီး

စိုက်ကြည့်နေခဲ့သည်။ နောက်ဆုံးတွင်

သူက အောက်ဘုံကို ဆင်းမသွားဖို့သာ

ဆုံးဖြတ်လိုက်၏။

သူသည် ယန်ယဲ့အား

ကြောက်ရွံ့ခဲ့ခြင်းမဟုတ်ပေ။

သူ၏ကျင့်ကြံမှုကို

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် ထိ

ဖိနှိပ်ခံရသည့်တိုင် ယန်ယဲ့အား မရှုံးနိုင်ဟု

ယုံကြည်နေသည်။

သို့သော် ယန်ယဲ့ တစ်ယောက်သာလျှင်

အောက်ဘုံမှ ရန်သူမဟုတ်ပါ။ ငရဲခန်းမ

လည်း အောက်ဘုံတွင်ရှိနေ၏။

သူသည် သွေးကေရီ၏ စွမ်းအားကို ကောင်းကောင်းကြီးသိထားလေသည်။

သူ၏ကျင့်ကြံမှုအဆင့် ဖိနှိပ်ခံရသည်ကို မပြောဘဲ နဂိုအတိုင်းရှိနေလျှင်ပင် သွေးကေရီ၏ ပြိုင်ဖက်မဖြစ်နိုင်ပါ။

တစ်နည်းဆိုရသော် သူက အောက်ဘုံကို ဆင်းမသွားဝံ့ပေ။

အနက်ရောင်ဝတ်ရုံအဘိုးအို က ခဏတာတုံ့ဆိုင်းသွားပြီး မြေပြင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်ချလိုက်၏။ ထို့နောက် ပတ်ဝန်းကျင်မှ ဝိညာဉ်စွမ်းအင်ကို စတင်စုပ်ယူပြီး သူ၏ ခန္ဓာကိုယ်အား ကုသနေလိုက်သည်။ ယန်ယွဲ့ နှင့် အချိန်တော်တော်ကြာ တိုက်ခိုက်ပြီး သူကိုယ်တိုင်လည်း ဒဏ်ရာအများအပြား ရခဲ့လေသည်။ အရေးကြီးဆုံးကတော့

သူ၏ဆန်းကြယ်ချီစွမ်းအင် အများအ
ပြား အသုံးပြုလိုက်ရခြင်းပင်။
လက်ရှိတွင် သူက ဝိညာဉ်စွမ်းအင်ကို
စုပ်ယူကာ သူ၏ကိုယ်ပေါ်မှ
ဒဏ်ရာများကို တဖြည်းဖြည်းချင်း
ကုသလိုက်သည်။ ယန်ယွဲ့
မကြာခင်ပြန်ရောက်လာမည်ကို
ကြိုသိနေသောကြောင့်ပါ။

သို့သော်လည်း

အနက်ရောင်ဝတ်ရုံအဘိုးအို မသိသည်မှာ

သူသည် ယန်ယဲ့၏

ပြန်လည်ကုသခြင်းစွမ်းရည်ကို

လျှော့တွက်မိသည်ဟူသော အချက်ပင်။

နောက် ၄ နာရီအကြာမှာပဲ ယန်ယဲ့ သည်

ကောင်းကင်တံခါးမှ ထွက်လာပြန်သည်။

အနက်ရောင်ဝတ်ရုံအဘိုးအို၏

အမူအရာသည် ချက်ချင်းပင်

မယုံနိုင်စရာ

ဖြစ်သွားသည်။ အကြောင်းကတော့

ယန်ယွဲ့ သည် ကိုယ်ပေါ်မှာ

မည်သည့်ဒဏ်ရာမျှရှိမနေဘဲ

အကောင်းတိုင်းသာ

ရှိနေသောကြောင့်ပါ။

ယန်ယဲ့ သည် အချိန်မဖြုန်းဘဲ
သူ၏လက်ကိုလှုပ်လိုက်သည်။ ထိုအခါ
သူ့လက်ထဲမှ ဓားက ချက်ချင်း
ပျောက်ကွယ်သွားခဲ့သည်။

အုန်း...

အနက်ရောင်ဝတ်ရုံအဘိုးအိုသည်
အနောက်သို့ ၁ ကီလိုမီတာအကွာထိ
လွင့်ပျံထွက်သွားသည်။ သို့သော်

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

နောက်ထပ် အလင်းတန်းတစ်ခုက

သူ့ရှေ့ရောက်လာကြောင်း

သတိပြုမိခဲ့သည်။ အဘိုးအိုက

ရှောင်တိမ်းနိုင်စွမ်းမရှိခဲ့ပေ။ နောက်ထပ်

တစ်ကြိမ် လွင့်ထွက်သွားခဲ့သည်။

ယခင်အတိုင်းပါ။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် နောက်ထပ်

အလင်းတန်းတစ်ခုက သူ့ရှေ့ကို ရောက်လာပြီးသားပင်။

ဘုန်း...

အဘိုးအိုက နောက်ပြန်ဆုတ်သွားရပြန်သည် ။ သို့သော် အလင်းတန်းက ထပ်ပြီးပေါ်မလာတော့ပေ။ တစ်ချိန်တည်းမှာပင် ယန်ယဲ့ လည်း ပျောက်သွားခဲ့သည်။

မှန်သည်။ ယန်ယဲ့ သည် အောက်ဘုံသို့ ပြန်ပြီးဆင်းပြေးသွားခြင်းပင်။ ယန်ယဲ့က ပြန်လည်မွေးဖွားခြင်း၏ဓားကို သုံးကြိမ်ဆက်တိုက်ထုတ်ဖော်ပြီး ပြန်ထွက်ပြေးသွားခဲ့သည်။

သူက အနက်ရောင်ဝတ်ရုံအဘိုးအို နှင့် အပြင်းအထန် တိုက်ခိုက်လိုခြင်းမရှိပေ။

အကယ်၍ ထိပ်တိုက်ရင်ဆိုင်ပါက
သူကိုယ်တိုင် ဒုက္ခရောက်မည်ကို
ကောင်းကောင်းသိထား၏။ မည်သို့ပင်ဆို
စေကာမူ ပြန်လည်မွေးဖွားခြင်း၏ဓား ကို
ထုတ်သုံးမှသာ အဘိုးအိုအား
ဖိနှိပ်ထားနိုင်ခဲ့သည်။ ထိုသို့ဖြစ်ရာ
အခြေအနေကို ကိုင်တွယ်ရန်က
လွယ်ကူပါသည်။
ပြန်လည်မွေးဖွားခြင်း၏ဓား ကို

သုံးကြိမ်တိုင်တိုင် ထုတ်ဖော်ပြီးနောက်
ထွက်ပြေးခြင်းပင်။

ယန်ယဲ့ နောက်တစ်ကြိမ်
ထွက်ပြေးသွားသည်ကို
မြင်လိုက်သောအခါ
အဘိုးအို၏မျက်နှာသည် အလွန်ပင်
မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

နောက်ထပ် ဖြနာရီအကြာတွင်မူ ယန်ယဲ့

သည် ကောင်းကင်တံခါးမှ

ထွက်လာပြန်သည်။

ဤတစ်ကြိမ်တော့

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ထိတ်လန့်စပြုလာတော့သည်။

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၄ - အရှက်မဲ့တာက

နည်းလမ်းတစ်ခုပဲ

ထို့နောက်တွင် ယခင်အတိုင်းသာ ယန်ယဲ့

သည် ပြန်လည်မွေးဖွားခြင်း၏ဓားကို

သုံးကြိမ်တိုင်တိုင်

ထုတ်ဖော်တိုက်ခိုက်ပြီးနောက်
ပြန်လှည့်၍ သူ့နောက်မှ တံခါးထဲကို
ပြေးဝင်သွားခဲ့သည်။

နောက်ကွယ်မှ အဖြစ်အပျက်များကို
တစ်ချက်ပင်လှည့်၍မကြည့်ခဲ့ပေ။

အနက်ရောင်ဝတ်ရုံအဘိုးအို၏
မျက်နှာသည်

ကြောက်မက်ဖွယ်ကောင်းလောက်အောင်

ကို မှုန်မှိုင်းလာခဲ့သည်။

သူက ခဏတာ ငြိမ်နေပြီးမှ

ဒေါသတကြီးအော်လိုက်ပြီး

ညာဖက်လက်ဝါးကို ရှေ့သို့

လှမ်းရိုက်လိုက်သည်။

အုန်း....

မီတာရာချီ ကျယ်ပြန့်သော

အာကာသပြင်သည် ပွက်ပွက်ဆူနေသော

ရေကဲ့သို့ လှိုင်းတွန့်များထလာသည်။

အဘိုးအိုက အတော်လေးကို

ဒေါသထွက်နေပါသည်။

ဒဏ်ရာအနည်းငယ်လောက်

ရလိုက်သည်က သူ့အတွက်

ကြီးကြီးမားမားတော့ မဟုတ်ပါ။

အခိုက်ကပြသနာကတော့ ယန်ယဲ့က

သူ့အား အရှက်ခွဲနေသလို ခံစားရသည်။

နတ်ဘုရားတစ်ပိုင်းအဆင့်

ပုရွက်ဆိတ်တစ်ကောင်ဟာ သူလို

ဂုဏ်သိက္ခာရှိသော

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူအား

ကလေးကစားစရာလိုမျိုး

သဘောထားနေ၏။

သူ့အမြင်အရတော့ ယန်ယဲ့ သည် သူ့ကို
တမင်သက်သက် အရှက်ခွဲနေခြင်းပါ။

ထိုသတင်းသာ ပြန့်နှံ့သွားခဲ့လျှင် သူသည်
အခြားသော
ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ
များ ရှေ့မှောက်၌
ခေါင်းမထောင်နိုင်အောင်
ဖြစ်သွားမည်မှာသေချာပေသည်။

အဘိုးအိုက နေရာတွင် ထိုင်နေရင်း

ယန်ယွဲ့အား လိုက်လံတိုက်ခိုက်ရန်

ပြင်းပြနေလေသည်။ သို့သော် "ငရဲခန်းမ"

ဟူသော အင်အားစုကို

တွေးလိုက်မိသည်နှင့် သူ၏အတွေးကို

ချက်ချင်း

ပယ်ချလိုက်သည်။ အောက်ဘုံကို

ဆုံးသွားသည်နှင့် သူ၏ကျင့်ကြံမှုဟာ

ချက်ချင်းဖိနှိပ်ခံရပါလိမ့်မည်။

ထိုအချိန်တွင် ငရဲခန်းမ၏
ခန်းမသခင်တစ်ယောက်နှင့်သာ
ရင်ဆိုင်တွေ့ပါက မပြန်လမ်းကို
တန်းပြီးရောက်သွားနိုင်သည်။
သူ့အမြင်အရတော့ ယန်ယဲ့ဟာ သူ့အား
အောက်ဘုံဆင်းလာအောင်
ကြိုးစားနေခြင်း ဖြစ်နိုင်၏။

သို့သော်လည်း သူသည် ယန်ယဲ့အား
ချက်ချင်းမသတ်နိုင်ပါက

အားကုန်သွားသည်နှင့်

ချက်ချင်းအသတ်ခံရနိုင်ပါသည်။

သူဟာ ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူ ဖြစ်လေရာ အဆုံးတွင်တော့

သူ့ကိုယ်သူ တည်ငြိမ်အောင်

ထိန်းနိုင်ခဲ့သည်။

အဘိုးအိုက ကောင်းကင်တံခါးကို

အကြာကြီး စိုက်ကြည့်ပြီးနောက်

မြေပြင်ပေါ်တင်ပျဉ်ခွေထိုင်ချလိုက်၏။

တစ်ဆက်တည်း သူ၏ နှုတ်ခမ်းထောင့်မှ

အေးစက်သော အပြုံးတစ်ခု

ပေါ်လာပါသည်။

...

အောက်ဘုံ ။

လက်ရှိအချိန်တွင် ယန်ယဲ့သည်

ဓားစိတ်ဆန္ဒ၏ တန်ပြန်ရိုက်ခတ်မှုအား

မခံစားရတော့ပေ။ အစောပိုင်းက

အနက်ရောင်ဝတ်ရုံအဘိုးအို နှင့်

အပြင်းအထန်တိုက်ခိုက်ခဲ့ခြင်းမရှိသော

ကြောင့်ပါ။

သူ၏ဆန်းကြယ်ချီစွမ်းအင်များ

ကုန်ဆုံးသွားရုံလောက်သာ ဖြစ်ခဲ့သည်။

လက်ရှိသူ့ခွန်အားက

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

ကို ၄ နာရီကြာအောင် ထိန်းထားနိုင်၏။

သို့သော် ဆန်းကြယ်ချီစွမ်းအင်ကို

ပြန်ဖြည့်ရန်က နောက်ထပ် ၂ နာရီ

သို့မဟုတ် ထို့ထက်မက ကြာပေသည်။

တစ်နည်းဆိုရသော် သူက

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

ကို မြှင့်တင်ပြီးနောက် အထက်ကမ္ဘာသို့

နှစ်ကြိမ်တက်သွားနိုင်ပါသည် ။

ယန်ယွဲ့က နောက်ထပ် စွမ်းအင်ပုလဲကို

ထုတ်သုံးခြင်းမပြုတော့ပါ။

အကြောင်းကတော့ စွမ်းအင်ပုလဲများက

အလွန်အင်မတန်အဖိုးတန်သောကြောင့်ပ

င်။ အရေးကြုံလာမှသာ

စွမ်းအင်ပုလဲများကို ထုတ်သုံးရန်

ဆုံးဖြတ်လိုက်၏။

ထို့အပြင် မူလစေတီထဲမှ
ဝိညာဉ်စွမ်းအင်ဟာ
သိပ်သည်းသန့်စင်လွန်း၏။ သူ၏
မူလအခြေအနေကို
ပြန်ရောက်ရန်အတွက်
သိပ်ပြီးမကြာနိုင်ပါ။

နောက် ၂ နာရီခန့်အကြာတွင်တော့
ယန်ယဲ့ သည် အပြင်ကမ္ဘာသို့
ပြန်ထွက်လာပြီးနောက်

ကောင်းကင်တံခါးထဲကို ဝင်သွား
လေသည်။

ကောင်းကင်တံခါးကို
ဖြတ်ကျော်လိုက်သည်နှင့်
အနက်ရောင်ဝတ်ရုံအဘိုးအို
ရှိနေဆဲဖြစ်ကြောင်း မြင်လိုက်ရသည်။

ယန်ယွဲ့ သည် အချိန်မဖြုန်းဘဲ
တိုက်ခိုက်လိုက်၏။ ယခင်အတိုင်းသာ။

သုံးကြိမ်ဆက်တိုက် တိုက်ခိုက်ပြီးသည်နှင့်

ထွက်ပြေးရန်ပြင်လိုက်သည်။

သို့သော်

နောက်ပြန်လှည့်ကြည့်လိုက်သည့်အချိန်

မှာတော့ ယန်ယဲ့၏မျက်နှာက

မမြင်နိုင်လောက်အောင်

ဖြစ်သွားခဲ့လေသည်။ အကြောင်းကတော့

မီးခိုးရောင်ဝတ်ရုံအဘိုးအိုတစ်ဦးက

ကောင်းကင်တံခါးရှေ့မှ ပိတ်

ရပ်နေသောကြောင့်ပါ။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ
...

မီးခိုးရောင်ဝတ်ရုံအဘိုးအို
ပေါ်လာသည်နှင့် ယန်ယဲ့ သည်
နောက်တစ်ကြိမ် ထွက်မပြေးနိုင်တော့မှန်း
သိလိုက်၏။

"ပြေးလေ။ မင်းဘာလို့မပြေးတာလဲ"

ထိုအချိန်တွင်

အနက်ရောင်ဝတ်ရုံအဘိုးအို၏လှောင်

ပြောင်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

သူက အကျပ်အတည်း

အခြေအနေကြောင့်

အကူညီခေါ်ရန်ဆုံးဖြတ်လိုက်ခြင်းပင်။

ယန်ယွဲ့ သည် နတ်ဘုရားတစ်ပိုင်းအဆင့်

သာ ဖြစ်သည့်တိုင်အောင်
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူအား ထိပ်တိုက်ရင်ဆိုင်နိုင်၏။
သူက ရွေးချယ်စရာမရှိဘဲ
အကူအညီတောင်းရန်သာ
တတ်နိုင်ခဲ့သည်။ ယခင်အတိုင်းသာ
ဆက်သွားနေလျှင် ယန်ယဲ့က သူ့အား
အားအင်ကုန်ခန်းသည်အထိ
ကစားနေပါလိမ့်မည်။

ယန်ယဲ့ က

အနက်ရောင်ဝတ်ရုံအဘိုးအိုကို

လှည့်ကြည့်လိုက်ပြီး "မင်းမှာ

အရှက်မရှိဘူးလား။ မင်းလို

ပြန်လည်မွေးဖွားခြင်းကို

ကျင့်ကြံသူတစ်ယောက်က ငါလို

နတ်ဘုရားတစ်ပိုင်းအဆင့် ကို

မယှဉ်နိုင်လို့

အကူအညီခေါ်ရတာတဲ့လား။ မင်းမှာ

အရှက်တရားရှိသလား။ ဟမ့် ... "

ယန်ယဲ့၏ လှောင်ပြောင်သံကို

ကြားလိုက်သောအခါ

အနက်ရောင်ဝတ်ရုံအဘိုးအို၏မျက်နှာက

မည်းမှောင်သွားသည်။ ထိုအချိန်မှာပဲ

ယန်ယဲ့ က ဆက်ပြောလေသည်

"ရိုးရိုးသားသားပြောရရင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတွေကို

အရှက်ခွဲနိုင်ခဲ့တယ်”ဟူ၍ပင်။

အနက်ရောင်ဝတ်ရုံအဘိုးအို၏

မျက်နှာက ပို၍ပင် ဆိုးရွားလာခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့၏နောက်ကွယ်မှ

အဘိုးအိုက ရုတ်တရက်ပြောခဲ့သည်

"ဒါဆို မင်းက သူ့ကို တစ်ချက်တည်းနဲ့

ဘာလို့

မတိုက်ခိုက်တာလဲ။ ငါဝင်မစွက်ဖက်ဘူး။ အဆင်ပြေလား"

အနက်ရောင်ဝတ်ရုံအဘိုးအိုက ချက်ချင်းပြောခဲ့သည် "ယန်ယဲ့၊ မင်းငါ့ကို တစ်ယောက်ချင်း တိုက်ခိုက်မယ်ဆိုရင် သူဝင်မစွက်ဖက်ဘူးလို့ ငါအာမခံတယ်။ မင်း...”

"မင်းတို့နှစ်ယောက်လုံး

အရှက်မရှိဘူးလား"

ယန်ယဲ့က ချက်ချင်းပင်

လှောင်ပြောင်သရော်လိုက်သည်

"ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက် က

ငါ့လိုနတ်ဘုရားတစ်ပိုင်းအဆင့်ကို

တိုက်ခိုက်ချင်တာလား။ ဟားဟား

၊ မင်းတို့နှစ်ယောက်လုံး

ဒီလိုစကားတွေပြောနိုင်တယ်ဆိုတော့

အရှက်မရှိတာ သေချာပါတယ်”

ထိုအတိုင်း ပြောနေရင်း ယန်ယဲ့က

လေသံပြောင်းသွား၏။ သူက

"ဘာလို့ဒီလိုမလုပ်တာလဲ။ မင်း ငါ့လို

နတ်ဘုရားတစ်ပိုင်းအဆင့် ထိ

မင်းရဲ့ကျင့်ကြံမှုကို ဖိနှိပ်လိုက်လေ။

ဒါဆိုရင် ငါတို့ မျှတတဲ့ တိုက်ပွဲတစ်ခု

လုပ်လို့ရမယ်။

အဆင်ပြေလား" ဟုပြောပြီး

အဘိုးအိုကို ဒေါ်သတကြီး

စိုက်ကြည့်နေသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက ယန်ယွဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ရင်း

“ယန်ယွဲ့၊ အဲဒါဟာ

ဟာသပဲ။ ငါ့ရဲ့ကျင့်ကြံမှုကို ဖိနှိပ်ပြီး

မင်းနဲ့တရားမျှတအောင်

တိုက်ခိုက်ပေးရမှာလား။ ငါ ဘာကြောင့်

ဖိနှိပ်သင့်တာလဲ။ ငါအနိုင်ရရင်

ငါဘာအကျိုးအမြတ်မှမရနိုင်ဘူး။ ဒါပေ

မဲ့ ငါရှုံးရင် ငါ့အတွက်

ဆိုးလိမ့်မယ်။ ယန်ယွဲ့၊ မင်းဟာ

ထိပ်သီးကျင့်ကြံသူတစ်ယောက်ဆိုတာ

ငါဝန်ခံပါတယ်။ ဒါပေမဲ့

ဒီလိုအချိန်မျိုးမှာ ဒီလိုလှည့်ကွက်တွေကို

ကစားရတာ

တော်တော်ရှက်စရာကောင်းတယ်လို့

ငါပြောရမယ်”

ယန်ယဲ့ က

ပခုံးသာတွန့်လိုက်သည်။ သူက

အဘိုးအို၏ညဏ်ပြေးမှုအား

လျှော့တွက်လိုက်ခြင်းပင်။ အကယ်၍

အဘိုးအိုကသာ

နတ်ဘုရားတစ်ပိုင်းအဆင့် ထိ

ဖိနှိပ်လိုက်ပါက

သာမန်တိုက်ခိုက်မှုဖြင့်ပင်

သတ်ပစ်နိုင်၏။ ကံမကောင်းစွာပဲ၊

အဘိုးအိုက လူမိုက်မဟုတ်ပေ။

ထိုအတောအတွင်း

မီးခိုးရောင်ဝတ်ရုံအဘိုးအို က

ရုတ်တရက် “သူ့ကို အတူတူ

တိုက်ခိုက်မယ် ။ သူ့ကို လွတ်မြောက်ဖို့

အခွင့်အရေး မပေးနဲ့တော့”ဟု

ပြောလိုက်လေသည်။

စကားပြောနေစဉ် သူက ယန်ယဲ့ ဆီသို့

ခုန်ဝင်လိုက်သည်။

ယန်ယဲ့ သည် ဓားကျင့်ကြံသူ

ဖြစ်သည့်တိုင် အလွန်တရာ

အရှက်ကင်းမဲ့၏။ လှည့်ကွက်မျိုးစုံ

သုံးတတ်သူပင်။ ထို့ကြောင့် ယန်ယဲ့အား

နောက်ထပ် လှည့်စား၍မရတော့အောင်

နှစ်ယောက်ပေါင်းတိုက်ခိုက်ဖို့သာ

ဆုံးဖြတ်လိုက်ကြတော့သည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူနှစ်ယောက်က

နတ်ဘုရားတစ်ပိုင်းအဆင့်

တစ်ယောက်အား

ဝိုင်းတိုက်ခိုက်နေခြင်းဟာ

အလွန်အရှက်ရဖွယ်ပင်။ သို့သော်

အဘိုးအိုနှစ်ယောက်လုံးက
ဂရုမစိုက်ခဲ့ပေ။

ယန်ယဲ့ က အသက်ပြင်းပြင်းရှူပြီး
သူ့ရင်ဘတ်ကို ပွတ်သပ်ကာ
"အစ်ကိုချုန်းချီ၊ မင်း
ကိုယ်ထင်မပြသေးရင်
ငါတို့နှစ်ယောက်လုံး
အတူတူသေရတော့မယ်နော်"ဟုပြောလို
က်သည်။

ယန်ယဲ့ ပြောလိုက်သည်နှင့် သူ့ရင်ဘတ်မှ

အနက်ရောင်အလင်းတန်းများ

ဖြာထွက်လာပြီး

ဆိုးယုတ်သောအငွေ့အသက်များပါ

ရုတ်ချည်း ပျံ့လွင့်လာပါသည်။ အော်ရာ

က အလွန်ပြင်းထန်လှ၏။

အဘိုးအိုနှစ်ယောက်လုံး ၁

ကီလိုမီတာအကွာထိ

တွန်းထုတ်ခံလိုက်ရသည်။

ခဏအကြာတွင်

အနက်ရောင်အလင်းများ

ပြန့်ကျဲသွားသည်နှင့် ချန်းချီးပုံရိပ်

ပေါ်လာခဲ့သည်။

ချန်းချီ…

ယန်ယဲ့ က ချန်းချီ ကိုက မြင်သောအခါ

သက်ပြင်းတစ်ချက်ချလိုက်သည်။ ချုန်း

ချီ သော အပြင်ကိုထွက်မလာသေးပါက

သူ့အနေဖြင့်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ကို

ထုတ်သုံးဖို့သာ ကျန်တော့လေသည်။

အခြားရွေးချယ်စရာရှိလျှင် သူသည်

ထိုရတနာကို ထုတ်မသုံးလိုပါ။ ၎င်းက

ကြောက်စရာကောင်းသည့်တိုင်

သူ့ကိုယ်သူ

သေလမ်းပို့လိုက်သည်နှင့်အတူတူပင်။

ထိုအချိန်တွင် ချုန်းချီ က

အဘိုးအိုနှစ်ယောက်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယဲ့အား ပြန်လှည့်ကြည့်ကာ

"မင်းငါ့ကိုခေါ်လိုက်တာနဲ့

ဘာမှမဖြစ်ဘဲမဟုတ်ဘူးဆိုတာ

ငါသိတယ်"ဟု ပြောလိုက်သည်။

ယန်ယဲ့ က ရှက်ကိုးရှက်ကန်းဖြင့်

ပြုံးလိုက်ပြီး "သဘာဝအားဖြင့် ငါ မင်းကို

သာမန်ကိစ္စလေးတွေလောက်နဲ့

ဒုက္ခမပေးနိုင်ပါဘူး။ ဒီလူတွေရဲ့

ကျင့်ကြံမှုအဆင့်က ငါ့ထက်

အများကြီးပိုမြင့်နေတဲ့အပြင်

အရေအတွက်ပါသုံးနေတော့ ငါလည်း

ရွေးချယ်စရာမရှိတော့ဘူး။ ဒါကြောင့်

မင်းရဲ့အကူအညီကို

ငါယူဖို့ပဲတတ်နိုင်တယ်လေ"

ချုန်းချီက အနက်ရောင်ဝတ်ရုံအဘိုးအို

နှင့် မီးခိုးရောင်ဝတ်ရုံအဘိုးအို တို့အား

တစ်ချက် ကြည့်လိုက်ရင်း “သူတို့က

အရမ်း သန်မာတယ်”ဟု ပြောခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "မင်းရဲ့

ခွန်အားက ဘယ်လိုလဲ"ဟု

စိတ်ဝင်တစားမေးလိုက်၏။

ချုန်းချီ က "ငါ နဂိုခွန်အား ၈၀

ရာခိုင်နှုန်းလောက်တော့

ပြန်ကောင်းလာပြီ"ဟူ၍

ပြန်ဖြေလိုက်သည်။

ယန်ယဲ့ က ဝမ်းသာအားရနှင့် ပြောသည်

"ဒါဆိုရင် မင်း သူတို့နှစ်ယောက်စလုံးကို ထိန်းထားလို့ရမလား"

ချုန်းချီ က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ အခုမှပြန်ကောင်းလာတာလေ။ သူတို့ထဲက တစ်ယောက်ယောက်ကို ရင်ဆိုင်နိုင်တယ်ဆိုပေမယ်လို့

အနိုင်ယူနိုင်တဲ့အထိတော့

မယုံကြည်သေးဘူး"ဟု ပြန်ပြောပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

"ကောင်းပြီ၊ ဒါဟာ ဘာတစ်ခုမှ

မရှိတာထက်တော့ ပိုကောင်းတယ်"

တစ်ချိန်တည်းတွင် ချုန်းချီ ကို

မြင်လိုက်သည်နှင့်

အဘိုးအိုနှစ်ယောက်လုံး၏

မျက်လုံးများမှတစ်ဆင့် လေးနက်သော

အရိပ်အယောင်များ ထွက်ပေါ်လာသည်။

နယ်ခြားမိစ္ဆာသားရဲ...

ယန်ယဲ့ သည်

သူတစ်ယောက်တည်းသာမကဘဲ

နယ်ခြားမိစ္ဆာသားရဲတစ်ကောင်ပါခေါ်

ဆောင်လာမည်ဟု

မမျှော်လင့်ထားကြပေ။ ထို့အပြင်

နယ်ခြားမိစ္ဆာသားရဲ က

အလွန်ကြောက်စရာကောင်းလှသည်။

၎င်းက အထွတ်အထိပ်

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

ကျင့်ကြံသူ နှင့် ယှဉ်နိုင်သော

နယ်ခြားမိစ္ဆာသားရဲ ပါ။

အနက်ရောင်ဝတ်ရုံအဘိုးအို၏

မျက်နှာက လုံးဝကို မှိုင်းညို့သွားသည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်

ထပ်ရောက်လာပြီးနောက် ယန်ယွဲ့အား

သေချာပေါက်သတ်နိုင်တော့မည်ဟုသာ

ထင်နေခဲ့၏။ သို့ရာတွင် ယန်ယွဲ့ ကလည်း

အကူအညီရှိနေမည်ဟု သူ

မမျှော်လင့်ခဲ့ပေ။

နှစ်ယောက်စလုံး

အကြည့်ချင်းဖလှယ်ကြပြီး ယန်ယဲ့ နှင့်

ချုန်းချီ တို့ထံ ခုန်ဝင်လိုက်သည်။

အကယ်၍ ယန်ယဲ့ကိုသာ

အထက်ကမ္ဘာဆီ

တက်ရောက်ခွင့်ပြုလိုက်ပါက

စစ်နတ်ဘုရားခန်းမ နှင့် အင်ပါယာခန်းမ

ဟာ လူရယ်စရာဖြစ်သွားပေလိမ့်မည်။

မာကာလန်၏

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

ထွက်သွားသည်နှင့် တစ်ပြိုင်နက်

အထက်ကမ္ဘာရှိ အင်အားစုတိုင်းဟာ

ကောင်းကင်လမ်းမှ အဖြစ်အပျက်များကို

သိရှိသွားခဲ့ကြလေပြီ။ ထို့အပြင်

စစ်နတ်ဘုရားခန်းမ နှင့် အင်ပါယာခန်းမ

တို့က ယန်ယွဲ့နှင့် ရန်သူများဖြစ်လေရာ

အထူးတပ်ဖွဲ့များ

စေလွှတ်ထားကြောင်းပါ

လူတိုင်းသိကြသည်။

ထို့အပြင် ယန်ယဲ့၏

အနာဂတ်အလားလာသည်

အလွန်ကြောက်စရာကောင်းလှသည်။ ထို

လူကိုသာ

အထက်ကမ္ဘာဆီဝင်ခွင့်ပြုလိုက်ပါက

အင်အားကြီးလာသည်နှင့်

သူတို့၏သက်ဆိုင်ရာအင်အားစုနှစ်ခုလုံး အပြီးတိုင်ပျောက်ကွယ်သွားရပေမည်။

ထိုကဲ့သို့သောရန်သူကို အင်အားအပြည့် ကြီးထွားခွင့်မပြုနိုင်ပါ။

အဘိုးအိုနှစ်ယောက်စလုံးက အင်အားအပြည့်သုံးကာ အပြင်းအထန် တိုက်ခိုက်ကြသည်။

ထို့နောက်တွင် ပြင်းထန်သော

တိုက်ပွဲကြီးတစ်ခု

ဖြစ်ပေါ်လာတော့သည်။

စွမ်းအင်ပုလဲကို

မျိုချလိုက်ပြီးနောက်တွင် ယန်ယွဲ့ဟာ

ဆန်းကြယ်ချီစွမ်းအင်အပြည့်ပြန်ရသွား

၏။ သို့တိုင် ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူနှင့် ထိပ်တိုက်ရင်ဆိုင်ဖို့တော့

သူ့အတွက်

အတော်လေးခက်ခဲနေသေးသည်။

ဆန့်ကျင်ဖက်အားဖြင့် ချုန်းချီ ကတော့

အခြေအနေကောင်းနေ၏။

မီးခိုးရောင်ဝတ်ရုံအဘိုးအို က ချုန်းချီ ကို

ဖိနှိပ်ထားသည့်တိုင်

ဒဏ်ရာရအောင်မလုပ်နိုင်သေးပါ။

သို့သော် ချုန်းချီ ကလည်း

မီးခိုးရောင်ဝတ်ရုံအဘိုးအို အား

ဘာဒဏ်ရာမှရအောင်မလုပ်နိုင်ပေ။

ယန်ယဲ့က ချုန်းချီကို

အသံဖြင့်ဆက်သွယ်ပြောလိုက်၏ "ငါတို့

ပြန်ဆုတ်ရမယ်"

ချုန်းချီ က "ကလေး၊ မင်းက

တိုက်ပွဲကနေ

ပြန်ဆုတ်မလို့ကြံနေတာလား။ ဒါ
မင်းစတိုင်မဟုတ်ဘူး"

ယန်ယဲ့ က ဒေါသတကြီးပြောလိုက်သည်
"ငါ့ဖင်ကို
ဟန်ဆောင်ရမလား။ အရှက်မဲ့တာက
အသက်ရှင်ဖို့ နည်းလမ်းပဲ”

ချူန်းချီ က အေးစက်စွာပြောခဲ့သည်
"မင်းမနိုင်ရင်

ဝန်ခံလိုက်ပါ။ အရှက်မဲ့တာလား။ ငါ

မင်းကို အထင်သေးတယ်"

ထိုအချိန်တွင် အထက်ကမ္ဘာသို့

ဝင်ရောက်သည့်

မဟာကောင်းကင်ဂိတ်တံခါးကြီးက

ပြင်းထန်စွာလှုပ်ခတ်သွားပြီးနောက်

တံခါး၏နောက်ကွယ်မှ

အခြားအဘိုးအိုတစ်ယောက် ထွက်လာခဲ့သည်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူပါ။

နောက်ထပ် ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ လား ။

"ကလေး။ နောက်ဆုတ်”

ချုန်းချီ၏အသံက

ယန်ယဲ့၏စိတ်ဝိညာဉ်ထဲသို့ ရုတ်တရက်

ထွက်ပေါ်လာသည်။ ထို့နောက် သူက

အနက်ရောင်အလင်းတန်းအသွင်ပြောင်း

ကာ အောက်ဘုံကိုပြန်ဆင်းသည့်

ကောင်းကင်တံခါးအတွင်းသို့

လှစ်ခနဲပြေးဝင်သွားတော့သည်။

ယန်ယဲ့ သည် ချုန်းချီ၏

ရုတ်တရက်အပြောင်းအလဲကြောင့်

အတော်လေးတုန်လှုပ်သွားမိသည်။

၁၈၅၅

[အဆုံးမဲ့ဓားကမ္ဘာ

(ဒဏ္ဍာရီလာကောင်းကင်လမ်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၈၅၅ - အောက်ဘုံ၏

တတိယမြောက်ဒဏ္ဍာရီ

ယန်ယဲ့ လည်း နေ့းကွေးခြင်းမရှိပေ။

ချုန်းချီ ထွက်ပြေးသွားသည်နှင့်

သူကိုယ်တိုင်လည်း

ကောင်းကင်တံခါးထဲကို

အမြန်ပြေးဝင်လိုက်သည်

။ ခဏအကြာမှာပဲ နှစ်ယောက်စလုံးဟာ

အနက်ရောင်ဝတ်ရုံအဘိုးအို

တို့အုပ်စုရှေ့မှ ပျောက်ကွယ်သွားခဲ့သည်။

ဒီကောင် ထွက်ပြေးသွားပြန်ပြီလား။

အနက်ရောင်ဝတ်ရုံအဘိုးအို၏

မျက်နှာက အလွန်ပင် ဆိုးရွားလှသည်။

ယန်ယွဲ့ သည် စိတ်ရှိတိုင်း

တိုက်ခိုက်နေပြီးထွက်ပြေးသွားလေရာ

ကောင်းကင်လမ်း ကို သူ၏အိမ်သဖွယ်

သတ်မှတ်ထားသည့်အလားပင်။

ထိုအချိန်တွင်

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက

အနက်ရောင်ဝတ်ရုံအဘိုးအိုကို

ရုတ်တရက်ကြည့်ကာ "ညီလေးမို၊ မင်း၊

ငါနဲ့ အစ်ကိုစုယု တို့ရှိနေပြီ။ ဒါဆို

ငါတို့ဘာလို့ အောက်ဘုံထိ

ဆင်းမသွားတာလဲ"ဟု ပြောလေသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအို နှင့် ယခုမှ

ထပ်ရောက်လာသောအဘိုးအိုတို့က

အနက်ရောင်ဝတ်ရုံအဘိုးအိုကို စိုက်ကြည့်နေသည်။ အဘိုးအိုမိုယု က ခေါင်းမယမ်းခင် အချိန်တော်တော်ကြာ တိတ်ဆိတ်နေပြီးမှ “ငရဲခန်းမ”ဟူ၍ ပြန်ပြောလိုက်သည်။

"ငရဲခန်းမ... "

ထိုနာမည်ကို ကြားလိုက်သည့်အခါ သူတို့၏အမူအရာများက

အနည်းငယ်ပြောင်းသွားခဲ့သည်။ ယန်ယဲ့

သည့် အနာဂတ်ခြိမ်းခြောက်မှုတစ်ခုသာ။

အမှန်တိုင်းဆိုရလျှင် လက်ရှိယန်ယဲ့က

နတ်ဘုရားတစ်ပိုင်းအဆင့် သာရှိခဲ့သည်။

သူက မည်မျှပင်သန်မာနေပါစေ

နတ်ဘုရားတစ်ပိုင်းအဆင့်

မှာသာရှိနေဆဲပင်။ ထို့ကြောင့် ယန်ယဲ့က

သူတို့၏သက်ဆိုင်ရာဂိုဏ်းများကို

လှူပ်ခတ်ရန်

မဖြစ်နိုင်ပေ။ ဤအခိုက်အတန့်ကဲ့သို့ပင်။

ယန်ယွဲ့ သည် သူတို့ရှေ့ကနေ

ထွက်ပြေးသွားရုံသာတတ်နိုင်၏။

သို့သော် ငရဲခန်းမ ကတော့ မတူပါ။

ငရဲခန်းမ သည်

အနာဂတ်ခြိမ်းခြောက်မှုမဟုတ်ဘဲ

လက်ရှိ သူတို့ရင်ဆိုင်ရမည့်

ကပ်ဘေးတစ်ခုပါ။ ခန်းမသခင် ၁၀

ယောက်လုံးကို အသာထား၊

ဒုတိယမြောက်ခန်းမသခင် ဖြစ်သော

သွေးကောရီပင်လျှင် သူတို့အားလုံးကို

ငရဲပို့လိုက်နိုင်သည်။

အကယ်၍ သူတို့ကသာ ငရဲခန်းမကို

ကြောက်မနေလျှင် အောက်ဘုံကို

ဆင်းသွားပြီး ယန်ယဲ့အား

ဖယ်ရှားပစ်လိုက်ပါလိမ့်မည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက "ဒါပေမဲ့
ငါတို့က သူ့ကို ကြိုက်သလို
သွားခွင့်ပြုမှာလား"

အဘိုးအိုစုယု က ခေါင်းညိတ်ပြီး "ဒါကို
ဆက်လုပ်ခွင့်ပေးလို့
မဖြစ်ဘူး။ ငါရောက်တာနဲ့ သူတို့ ဒီကို
ခဏလောက် မလာရဲအောင်
လုပ်ထားပေမယ့် ငါတို့ ဒီမှာပဲ
တစ်သက်လုံးနေလို့မရဘူး။ ဒါကို

ဖြေရှင်းဖို့ နည်းလမ်းတစ်ခု
စဉ်းစားရမယ်။ ဒီလိုမှမဟုတ်ရင်
ငါတို့ဒီမှာအမြဲတမ်းနေရလိမ့်မယ်”ဟု
ပြောလေသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက
ခေါင်းညိတ်လိုက်သည်
"အရေးကြီးဆုံးက သူတို့က ငါတို့ကို
အနိုင်မယူနိုင်သလို အခုလောလောဆယ်
ဒီကိုမလာရဲဘူး။ ယန်ယဲ့ သာ

နတ်ဘုရားအဆင့်ကို ရောက်သွားရင်

ဘာဖြစ်မလဲ"

အဘိုးအိုစုယု နှင့်

အနက်ရောင်ဝတ်ရုံအဘိုးအို

တို့၏အမူအရာများက

လေးနက်လာသည်။ ယန်ယဲ့ သည်

နတ်ဘုရားတစ်ပိုင်းအဆင့် သာလျှင်

ရှိသေးကြောင်း

သူတို့မေ့နေခဲ့၏။ အကယ်၍ သူသာ

နတ်ဘုရားအဆင့် ကို
တက်လှမ်းသွားသည်နှင့်
သူတို့သုံးယောက်စလုံး
တားဆီးနိုင်မည်လော။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက
"နတ်ဘုရားတစ်ပိုင်းအဆင့် တွေက
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူတွေကို

မသတ်နိုင်ဖူးထင်ရပေမယ့်

ရှိတယ်ဆိုတာတော့

အတော်များများကြားဖူးမှာ

သေချာပါတယ်၊ ဟုတ်တယ်မလား”ဟု

ပြောခဲ့သည်။

အမှန်ပင်၊ သဘာဝအတိုင်း ရှိခဲ့၏။

ဤလောကတွင် လူအများအပြားက

သာမန်အမြင်ဖြင့် အကဲဖြတ်၍

မရပေ။ဥပမာအနေနှင့် ကျန်းဝူကျို၊

အနှောင်အဖွဲ့ကင်းမဲ့သူ နှင့် ယန်ယဲ့

ကဲ့သို့ပင်။

ပတ်ဝန်းကျင် သည် တိတ်ဆိတ်မှုများ

ပြည့်နေ၏။

သုံးယောက်စလုံး

ဘာလုပ်ရမှန်းမသိအောင်

အကျပ်ရိုက်နေခဲ့သည်။

...

..

အောက်ဘုံ ။

ယန်ယွဲ့ နှင့် ချုန်းချီ တို့နှစ်ယောက်စလုံး

အောက်ဘုံအထိ ချက်ချင်း

ဆင်းပြေးသွားကြသည်။

ယန်ယွဲ့ သည် မြေအောက်ထဲသို့

တိုးဝင်လာပြီးမှ မူလစေတီထဲကို

ဝင်လိုက်သည်။

သို့သော် သူက ဆန်းကြယ်ချီစွမ်းအင်

ကုန်ရုံလောက်သာ။

ဒဏ်ရာကြီးကြီးမားမားမရခဲ့ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယွဲ့ သည် မူလစေတီ၏

အကူအညီဖြင့် လုံးလုံးလျားလျား

ပြန်လည်ကောင်းမွန်မလာခဲ့သည်။

ထို့နောက် သူက မူလစေတီ ထဲမှ

ချက်ချင်း ပြန်ထွက်သွား၏။

အပြင်လောကတွင် ။

ယန်ယဲ့ သည် မျက်နှာပေါ်တွင်
ဒဏ်ရာအချို့ရှိနေသည့် ချန်းချီကို
စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ချန်းချီ က ရုတ်တရက်
မေးခဲ့သည် "ကလေး၊ မင်း
အထက်ကမ္ဘာကို သွားမှာရမှာလား"

ယန်ယဲ့ က ခဏတာစဉ်းစားနေပြီး
"ငါလုပ်ရမယ်"ဟု ပြန်ပြောပါသည်။

ချုန်းချီ က ခဏကြာအောင်
လေးလေးနက်နက် စဉ်းစားပြီး "ဒါဟာ
နည်းနည်းတော့ ခက်မယ်ထင်တယ်"ဟု
ပြောလိုက်ပါသည်။

ယန်ယွဲ့ က ပြုံးပြီး
“ငါသိပါတယ်။ ဒါကြောင့် ဆက်တိုက်
တိုက်ခိုက်ဖို့
ရည်ရွယ်ထားတယ်။ တစ်ရက်နဲ့

မအောင်မြင်ရင်

တစ်နှစ်လုပ်မယ်။ တစ်နှစ်ကျရှုံးရင်

နှစ်နှစ်ဆက်သွားမယ်။ ငါ့လမ်းကို

ငါမတိုက်နိုင်မချင်း ဆက်သွားနေမယ်”ဟု

ပြောခဲ့သည်။

ချုန်းချီ က ခေါင်းခါလိုက်ပြီး "ဒါက

စဉ်းစားဖို့ကောင်းတယ်။ ဒါပေမဲ့ သူတို့က

မင်းကို ဒီလိုမျိုးလုပ်ခွင့်ပြုမှာတဲ့လား။

သူတို့အားလုံးက

မျိုးဆက်ဟောင်းတွေလေ။

ဒီတော့ သူတို့က အပေးအယူလုပ်ပြီး

မင်းကို အဲဒီနေရာကနေ

ထွက်သွားခွင့်ပေးလိုက်မယ်၊ ဒါမှမဟုတ်

မင်းကို ဖယ်ရှားပစ်ဖို့

နည်းလမ်းတစ်ခုကိုတွေးပြီး နောက်ထပ်

အခွင့်အရေးတွေ မပေးတော့ဘူး”

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။ သူသည်

ထိုဖြစ်နိုင်ချေများကို သဘာဝကျကျ

နားလည်ထား၏။ အထက်ကမ္ဘာ၏

အင်အားစုများသည် အသိဉာဏ်မဲ့သော

လူမိုက်များမဟုတ်ကြပေ။ ထို့ကြောင့်

သူတွေးနေသည့်အရာများကို

သေချာပေါက်သိနေပါလိမ့်မည်။

မဟုတ်လျှင်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ ၃ ယောက်ထိ စေလွှတ်မည်မဟုတ်ပါ။

ချုန်းချီ က ဆက်ပြောခဲ့သည် "ကလေး၊ ငါ့အမြင်အရတော့ မင်းဒီမှာ လေ့ကျင့်ပြီး နတ်ဘုရားအဆင့်ကို အရင်ဆုံးတက်လိုက်တာ အကောင်းဆုံးပဲ။ အဲဒီအချိန်မှာ ဒီလူအိုကြီးတွေက မင်းကို မတားနိုင်တော့ဘူး”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

“နတ်ဘုရားအဆင့် ကိုရောက်ဖို့

အခွင့်အရေး ပေးမှာမဟုတ်ဘူး။

ဒါ့အပြင် ငါသာ အခုမတက်ဘူးဆိုရင်

ကောင်းကင်လမ်းကို ပိတ်ပြီး

အောက်ဘုံအထိ

ဆင်းလာနိုင်တယ်။ သူတို့က ငရဲခန်းမ ကို

ကြောက်လို့ ဆင်းမလာရဲတာဆိုပေမဲ့

ငါသာ နတ်ဘုရားအဆင့် ရောက်သွားရင်

သေချာပေါက်

သတ်ဖို့ကြိုးစားကြမှာပဲ”ဟု

ပြန်ပြောခဲ့သည်။

"မှန်တယ်" ချုန်းချီ က

ခေါင်းညိတ်လိုက်သည်။ ယန်ယွဲ့၏

ပင်ကိုယ်စွမ်းရည်ဟာ လုံးဝကို

ကြောက်စရာကောင်းလှသည်။အကယ်၍

သူသာ နတ်ဘုရားအဆင့်

တက်လှမ်းသွားပါက သူ၏ခွန်အားက

သေချာပေါက်
မြင့်တက်လာမည်မှာမလွဲပေ။ ထိုအချိန်
တွင် ကြယ်တာယာစွမ်းအင်ဓာနယ်မြေ
ကိုသာ ထုတ်ဖော်လိုက်ပါက
ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူများပင်လျှင်
လက်ရှောင်သွားရပေမည်။

ယန်ယဲ့က "ဒါ့အပြင် အချိန်တိုတိုနဲ့
နတ်ဘုရားအဆင့် ကို ရောက်ဖို့ဆိုတာ

လုံး၀ မဖြစ်နိုင်ပါဘူး။
ပြီးတော့ ငါဒီလောက်ကြာအောင်မစောင့်
နိုင်ဘူး"ဟု ထပ်ပြောပါသည်။

အကယ်၍ မိုရှောင်းလန် သာ နှင်းပွင့်လေး
နှင့် ဇီအာကို ဖမ်းခေါ်မသွားပါက
သူ့အနေဖြင့် အထက်ကမ္ဘာကို တက်ရန်
စိတ်ဝင်စားမည်မဟုတ်ပေ။

သို့သော်လည်း

သူ့အချစ်ဆုံးသူနှစ်ယောက်၏ အခြေအနေကို မသိရသေးသောကြောင့် ဆက်ပြီးအချိန်ဆွဲမနေလိုတော့ပေ။

ချုန်းချီ က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်သည်။ ယန်ယဲ့ က ရုတ်တရက် ပြောခဲ့သည်

"ဒီတစ်ခါ ငါတစ်ယောက်ထဲတက်လိုက်မယ်"

ချုန်းချီ က အံ့အားသင့်သွားပြီး "မင်းကိုယ်တိုင်
သွားမှာလား။ ငါပြောတာမှန်သလား"

ယန်ယွဲ့ က ခေါင်းညိတ်သည်
“မှန်တယ်။ ငါ့ဘာသာငါ
အဲဒီကိုတက်မယ်”

ချုန်းချီ က အံ့သြသွားပြီး "မင်းဘာတွေစီစဉ်နေတာလဲ"ဟု မေးလေသည်။

ယန်ယဲ့ က အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး “ငါ့အသက်ကို စွန့်စားရုံကလွဲရင် တခြားဘာလုပ်နိုင်မလဲ။ ငါ့ကို ဒီမှာစောင့်နေ"

ထိုစကားပြောပြီးသည်နှင့်

အလင်းတန်းတစ်ခုမဖြစ် ပြောင်းကာ

ကောင်းကင်ထက်သို့

လွင့်မျောသွားသည်။

ချုန်းချီ က မျက်မှောင်ကြုတ်ကာ

"အဲ့ဒါက ဘာအစီအစဉ်လဲ"ဟု

တိုးညှင်းစွာ ရေရွတ်လိုက်တော့သည်။

...

ယန်ယဲ့ သည် ကောင်းကင်တံခါးကို

ဖြတ်လျှောက်လာခဲ့ပြန်သည်။

ဤအခိုက်အတန့်မှာတော့ သူနှင့်

ရှေ့မလှမ်းကမ်း၌ အဘိုးအို ၅ ယောက်

ရပ်နေသည်ကို

သတိထားမိလိုက်လေသည်။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက် လား....

အဘိုးအိုမိုယု က ယန်ယဲ့ကို

စိုက်ကြည့်ကာ “ယန်ယဲ့၊

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက်စလုံးက မင်းကို

သတ်ဖို့ရောက်လာကြတာပဲ။ ဒါဟာ

ဂုဏ်ယူစရာကောင်းတဲ့

သေခြင်းပါပဲ။ အခုပြီးသွားပြီ"ဟု

အေးစက်စက်ပြောလေသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"တကယ်ပဲ အဆုံးသတ်သင့်တယ်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

သူ၏နဖူးအလယ်ကနေ

ဓားဘုရားတံဆိပ်တော်

ထွက်ပေါ်လာသည်။ သိပ်မကြာလိုက်ပါ၊

သူ၏ဓားစိတ်ဆန္ဒ က

ထာဝရရှင်သန်ခြင်းအဆင့် သို့

ရောက်သွားခဲ့သည်။

"ထာဝရရှင်သန်ခြင်း(ထာဝရပြန်လာခြင်း
)အဆင့် ဓားစိတ်ဆန္ဒ လား" အဘိုးအိုမိုယု
က ခေါင်းခါလိုက်သည် "ဒါနဲ့
မလုံလောက်ဘူး"

ယန်ယဲ့ က သူ့လက်ဝါးကို လှန်လိုက်ပြီး
"ပြန်လာအဆင့် ဓားစိတ်ဆန္ဒက
မလုံလောက်ဘူးဆိုရင် အဲဒီအရာကိုပါ

ငါထည့်ပေါင်းရင် ဘယ်လိုလုပ်မလဲ"ဟု
မေးလိုက်သည်။

ထို့နောက် သူ့ရှေ့တွင်
ဟောင်းနွမ်းနေသော ပိတ်စအပိုင်းတစ်ခု
ပေါ်လာသည်။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ...။

ချုန်းချီ ကို လိုက်မလာစေချင်သည့်

အကြောင်းအရင်းကတော့ သူဟာ

နောက်ပြန်ဆုတ်ရန်

မရည်ရွယ်ထားသောကြောင့်ပါ။

ယန်ယဲ့က

ဆက်ပြီးအချိန်မဖြုန်းလိုတော့ပေ။

ထို့အပြင် အထက်ကမ္ဘာ ကလည်း သူ့အား

အခွင့်အရေးပေးမည်မဟုတ်မှန်း

သိနေပါသည်။ အသေအချာပင်၊

မဟာကောင်းကင်ဂိတ်တံခါးမှ

ကြိုစောင့်နေသည့်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက်က

သက်သေပင်မဟုတ်ပါလား။

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ဦး… ။

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ ကို

ထုတ်သုံးဖို့ ကလွဲ၍ ကိုင်တွယ်ရန်

အခြားနည်းလမ်းမရှိပါ။

အဘိုးအိုမိုယု နှင့် အခြားအဘိုးအို

များလည်း

မျက်မှောင်ကြုတ်သွားကြသည်

။အကြောင်းကတော့ သူတို့က

ပိတ်စအပိုင်းကို မြင်သော်လည်း

ချက်ချင်းသတိမထားမိကြပေ။ သို့သော်

သိပ်မကြာခင်မှာပဲ

သတိပြုမိသွားခဲ့လေသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် သူ၏

ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ ကြယ်တာယာစွမ်း

အင်ဓားနယ်မြေ က ပြင်းထန်စွာ

လှုပ်ခါလာပြီး ပြိုးပြိုးပြက်ပြက်

လက်နေသော ကြယ်ရောင်များ

ဖြာထွက်လာပါတော့သည်။

ထို့နောက်တွင် ပတ်ဝန်းကျင်ဟာ
အဆုံးမရှိကျယ်ပြောလှသော
အာကာသပြင်ကြီးအဖြစ်
ပြောင်းလဲသွားပါသည်။

"ကြယ်တာယာစွမ်းအင်ဓားနယ်မြေ"
အဘိုးအိုမိုယု တို့အုပ်စုက ယန်ယဲ့ကို
အံ့အားသင့်စွာဖြင့်
စိုက်ကြည့်နေကြသည်။

" ကြယ်တာယာစွမ်းအင်ဓားနယ်မြေ "

အောက်ဘုံ၏ နံပါတ်တစ်ရတနာ ။

ကျန်းဝူကျိ ပင်လျှင်
ကြယ်တာယာစွမ်းအင်ဓားနယ်မြေဖြင့်
အထက်ကမ္ဘာ၏ နာမည်ကျော်
ဓားကျင့်ကြံသူဖြစ်ခဲ့သည်။

လွန်ခဲ့သည့် အတိတ်ကာလတွင်

ကျန်းဝူကျိဟာ

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

အသက်သွင်းကာ ဂိုဏ်းတစ်ခုလုံးကို

လွှမ်းခြုံလိုက်သည်။ ထို့နောက်တွင်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၈ ဦးအထိ ပိုင်ဆိုင်ထားသော

အင်အားစုဟာ ချက်ချင်းပင်

အပေးအယူတစ်ခုပြုလုပ်ရန် သာ

ရွေးချယ်ခဲ့ရသည်။ မည်သူမျှ
ပြန်မတိုက်ခိုက်ဝံ့ကြပေ။

ထိုတိုက်ပွဲအပြီး
ကြယ်တာယာစွမ်းအင်ဓားနယ်မြေက
အထက်ကမ္ဘာအနှံ့
ကျော်ကြားလာခဲ့သည်။

အမှန်တော့ ယန်ယွဲ့ သည်
ကြယ်တာယာစွမ်းအင်ဓားနယ်မြေ

ပိုင်ဆိုင်ထားမှုန်း အစကတည်းကပင် သိထားကြသည်။ သို့သော် သိပ်ပြီး ဂရုမစိုက်ကြပေ။ ယန်ယွဲ့ ဟာ နတ်ဘုရားတစ်ပိုင်းအဆင့် သာ ရှိနေသောကြောင့်ပင်။

သို့သော် သူတို့က တစ်စုံတစ်ခုကို လျစ်လျူရှုထားမိခဲ့သည်။

လက်ရှိတွင် ယန်ယဲ့၏ ဓားစိတ်ဆန္ဒ က

ထာဝရရှင်သန်ခြင်းအဆင့် ပါ။

ထိုအချိန်က ကျန်းဝူကျိ၏ ဓားစိတ်ဆန္ဒ

ကတော့

ထာဝရရှင်သန်ခြင်းတစ်ပိုင်းအဆင့် သာ

ရှိခဲ့၏။ ယန်ယဲ့၏ ကျင့်ကြံမှုအဆင့်က

မလုံလောက်သော်လည်း

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

ဟာ လုံလောက်ပါသည်။

အဘိုးအိုမိုယု က ရုတ်တရက်

"သတ်ပစ်လိုက်စမ်း"ဟု

အော်ဟစ်ပြီးနောက် သူ့ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ထွက်ပေါ်လာပြီး

ယန်ယွဲ့ ဆီသို့

တဟုန်ထိုးတိုးဝင်လာသည်။

အခြားသော

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၄ ယောက်ကလည်း ချက်ချင်း
တိုက်ခိုက်ခဲ့သည်။

ဤအခိုက်အတန့်တွင် သူတို့အားလုံး
ထွက်ပြေးရန် မဖြစ်နိုင်တော့မှန်း
သိလိုက်ကြသည်။ သို့မဟုတ်
ထွက်မပြေးနိုင်တော့ဟုသာ
ဆိုရပေမည်။ အကယ်၍
ထွက်ပြေးလိုပါက
ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

ဖျက်ဆီးပစ်ရပေမည်။ ဖျက်ဆီးပစ်ရမည်

လော။ သူတို့ကိုယ်တိုင်

ယုံကြည်မှုမရှိခဲ့ပေ။ ယန်ယဲ့အား

သတ်ပစ်ရန်သာ။ ယန်ယဲ့

သေဆုံးသည်နှင့်

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ က

သဘာဝအတိုင်း ပြန်ပိတ်သွားပေမည်။

ယန်ယဲ့ သည် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ နတ်ဓားက

အာကာသပြင်၏ အလယ်ဗဟိုသို့

ပျံသန်းသွားပြီးနောက် အဝေးမှ

ကြယ်စင်စုများ

ချက်ချင်းလင်းလက်သွားသည်။ ခဏအ

ကြာတွင်မူ ကြယ်စင်စုများမှ

မရေမတွက်နိုင်သော ဓားစွမ်းအင်များ

ဆင်းသက်လာပါတော့သည်။

အဆုံးတွင် အာကာသပြင်ထဲသို့တိုင်

ထိုးဖောက်သွားကာ

ရောမစွမ်းအင်မုန်တိုင်းကြီးသဖွယ်
ဆင်းသက်လာခဲ့လေတော့သည်။

ဤတစ်ကြိမ် တိုက်ခိုက်မှုဟာ
နောက်ဆုံးအသုံးပြုခဲ့စဉ်ကထက်
အဆပေါင်းမရေမတွက်နိုင်အောင်
ပြင်းထန်ခဲ့သည်။ သူ၏ကျင့်ကြံမှု
တိုးတက်လာသည့်အပြင် နောက်ထပ်
အကြောင်းအရင်းတစ်ခုပါရှိသေး၏။

၎င်းက သူ၏ ထာဝရရှင်သန်ခြင်းအဆင့်

ဓားစိတ်ဆန္ဒ ကြောင့်သာ။

" ထာဝရရှင်သန်ခြင်းအဆင့် ... "

ကြယ်တာယာစွမ်းအင်ဓားနယ်မြေ နှင့်

ထာဝရရှင်သန်ခြင်းအဆင့် ဓားစိတ်ဆန္ဒ

ဟာ ယန်ယွဲ့၏ အကြီးမားဆုံးသော

ဝှက်ဖဲများပင်။

ကြယ်ဓားစွမ်းအင်များ

မုန်တိုင်းကြီးတစ်ခုအလား

ကျဆင်းလာသည်နှင့်

သယ်ဆောင်လာသည့်

ကြောက်မက်ဖွယ်ရာစွမ်းအားဟာ

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက်အား ချက်ချင်းပင်

မျက်နှာများ ဖြူရော်သွားစေခဲ့သည်။

မရေမတွက်နိုင်သော
အစွမ်းထက်စွမ်းအင်လှိုင်းများက
အဆုံးမဲ့ကြယ်တာယာကောင်းကင်ပြင်မှ
ဆင်းသက်လာသည့်
ကြယ်ဓားစွမ်းအင်များကို
ထိမှန်သွားကြသည်။ သို့သော်
ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ
၅ ယောက်၏ ပူးပေါင်းတိုက်ခိုက်မှုဟာ
ချက်ချင်း ဖျက်ဆီးခံလိုက်ရလေသည်။

ထို့နောက်တွင်၊ ၂

နာရီခန့်ကြာသွားပြီးနောက်တော့

ကောင်းကင်ယံအထက်မှ

ဆင်းသက်လာသည့်

ကြယ်ဓားစွမ်းအင်များ တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင် အရာအားလုံး

ပုံမှန်ပြန်ဖြစ်သွားသည့်အခါ

လူနှစ်ယောက်သာလျှင် ကျန်တော့သည်။

တစ်ယောက်က ယန်ယဲ့ပင်။

နောက်တစ်ယောက် ကတော့

အဘိုးအိုမိုယု ပါ။

အဘိုးအိုမိုယု၏ မျက်လုံးများက

တစ်စုံတစ်ခု ပျောက်ဆုံးနေသော

အမူအရာဖြင့် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။အချိန်တော်တော်

ကြာသွားပြီးမှ ယန်ယဲ့ကို ပြန်ကြည့်ကာ

"အောက်ဘုံရဲ့ နံပါတ်တစ် ရတနာ"ဟူ၍
ရေရွတ်လိုက်ပါသည်။

စကားဆုံးသည်နှင့် သူ၏ခန္ဓာကိုယ်ဟာ
တဖြည်းဖြည်း မှုန်ဝါးလာပြီး
နေရာတွင်ပင် ပျောက်သွားခဲ့သည်။

အဘိုးအိုမိုယု
ပျောက်ကွယ်သွားပြီးနောက်
ချုန်းချီ၏ပုံရိပ်

ထွက်ပေါ်လာသည်။ သူက

စကားမပြောသေးဘဲ ယန်ယဲ့ကိုသာ

စိုက်ကြည့်နေသည်။

လက်ရှိတွင် ယန်ယဲ့၏မျက်နှာက

ဖြူဖျော့နေပြီး အားကုန်သွားပုံပါ။

ချူန်းချီက လေးလေးနက်နက်

မေးလိုက်၏ "ကလေး၊ မင်း

အဆင်ပြေရဲ့လား"

သူလည်း ထိုနေ့က ယန်ယဲ့၏ သက်တမ်း ကုန်ဆုံးသွားသည့် အဖြစ်အပျက်ကို မမေ့ခဲ့ပေ။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ငါမသေသေးဘူး"

ချုန်းချီ က "မင်းရဲ့ သက်တမ်း ဘယ်လောက်ကျန်သေးလဲ"ဟုထပ်မေး လေသည်။

ယန်ယက " ၂ နှစ်ဝန်းကျင်"

"ကောင်းပြီ" ချုန်းချီ က သိသိသာသာ

စိတ်အေးလက်အေး ဖြစ်သွား၏။

ယန်ယဲ့၏ ပင်ကိုယ်စွမ်းရည်က

ထူးခြားလှသည်။ သူ့အတွက်

နတ်ဘုရားအဆင့် ကို တက်လှမ်းဖို့က

ပြဿနာမရှိပေ။ ၂ နှစ်အတွင်း

နတ်ဘုရားအဆင့်

သို့တက်လှမ်းနိုင်ခြင်းမရှိလျှင်ပင်

ဘဝသက်တမ်းတိုးနိုင်မည့် ရတနာများ

ရှာဖွေရန်

အချိန်လုံလောက်ပါသည်။အတိုချုပ်ပြော

ရလျှင် အခြေအနေက

သိပ်တော့မဆိုးလှပေ။

အခြေအနေက

လက်ခံနိုင်စရာရှိသေးသဖြင့် ယန်ယဲ့

လည်း

ခေါင်းညိတ်လိုက်ပါသည်။အနည်းဆုံး

တော့ ယခင်တစ်ကြိမ်ထက်

ပိုကောင်းနေသေးသည်မဟုတ်ပါလား။

သို့သော် သူသည် နောက်ထပ် ၂ နှစ်အထိ

ကြယ်တာယာစွမ်းအင်ဓားနယ်မြေကို

ထပ်မံအသုံးမပြုနိုင်တော့ပေ။

ယန်ယဲ့ သည် အထက်ကမ္ဘာဆီသို့

ဦးတည်သွားသော

မဟာကောင်းကင်ဂိတ်တံခါးကို

စိုက်ကြည့်ကာ "ဒီတစ်ခါတော့ ငါ့ဘာသာ
တက်သွားလိုက်တော့မယ်"
ဟုပြောလိုက်သည်။

ချုန်းချီ က "မင်းငါ့ကို မခေါ်ဘူးလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
"မင်းက အောက်ဘုံ မှာပဲ ကျန်ခဲ့လိုက်ပါ"

ချုန်းချီ က "သူတို့က အောက်ဘုံကို
ဆင်းလာပြီးတော့
ကောင်းကင်တိမ်ကြယ်တာယာကို
တိုက်ခိုက်မှာ
ကြောက်နေလို့လား"ဟုမေးလေသည်။

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ သူ့အပြင်
ချုန်းချီ သာလျှင် အထက်ကမ္ဘာ၏
ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများကို တားဆီးရန်

ခွန်အားရှိသည်။အကယ်၍

သူတို့နှစ်ဦးလုံးသာ အထက်ကမ္ဘာကို

တက်သွားသည်နှင့်

၎င်းတို့သာအောက်ဘုံဆင်းလာပါက

ကျွမ်းဝေယန် အပါအဝင် လူတိုင်း

ချက်ချင်းအသတ်ခံရနိုင်ပေသည်။

သို့သော် ချုန်းချီ သာ ကျန်နေခဲ့လျှင်

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၂ ယောက် ဆင်းလာသည့်တိုင်
ပြဿနာရှိမည်မဟုတ်ပါ။

ချုန်းချီက ခဏကြာစဉ်းစားပြီး "ငါ
မင်းနဲ့လိုက်လာဖို့
တကယ်မလိုအပ်ဘူးလား"ဟုထပ်မေးပါ
သည်။

ယန်ယဲ့ က ပြုံးပြီး "ငါကိုယ်တိုင်လုပ်ဖို့
ဆုံးဖြတ်ပြီးပြီ။ နောက်ဆုံးတော့ ငါ

မင်းကိုချည်းပဲ အမြဲတမ်း အားကိုးလို့

မရဘူး မဟုတ်လား"ဟု

ပြန်ပြောလိုက်သည်။

ချုန်းချီ က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ဒါက စဉ်းစားဖို့

ကောင်းတယ်။ မင်း

ဆုံးဖြတ်ချက်ချပြီးပြီဆိုတော့ ငါဘာမှ

မပြောတော့ဘူး။ သတိထားပါ။ မတက်ခ

င် ပြန်ကောင်းလာမှာလား...”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး “ငါ့မှာ အချိန်မရှိဘူး။ ဒီအင်အားစုတွေက ဒီမှာဘာတွေဖြစ်နေပြီလဲဆိုတာ သိမယ်ထင်တယ်။ ဒါဆို ငါချက်ချင်းထွက်သွားမှရမယ်" သူက ချုန်းချီကို စိုက်ကြည့်ကာ "အောက်ဘုံကိုမင်းအတွက် ငါထားခဲ့မယ်"ဟု ပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က

တုံ့ဆိုင်းမနေဘဲ

မဟာကောင်းကင်ဂိတ်တံခါးထဲကို

ဝင်သွားလိုက်သည်။

ချုန်းချီက

မဟာကောင်းကင်ဂိတ်တံခါးကို

အကြာကြီး စိုက်ကြည့်ပြီးနောက်

ခေါင်းခါလိုက်သည် "ဒီကောင်က အရူးပဲ"

ထို့နောက် နေရာတွင်
ခဏကြာငြိမ်သက်နေပြီးမှ
နောက်ပြန်လှည့်၍ အောက်ဘုံ ဆင်းသည့်
ကောင်းကင်တံခါးထဲသို့
ပြန်ဝင်သွားလေသည်။

ချုန်းချီ ထွက်သွားပြီးနောက်
သိပ်မကြာခင်မှာပဲ အဘိုးအို ၂ ယောက်
ရုတ်တရက်ပေါ်လာခဲ့သည်။

အနီရောင်ဝတ်ရုံအဘိုးအိုက
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
“သေကုန်ပြီ” ဟုပြောလိုက်သည်။

အခြားအဘိုးအိုက “အဲဒါက ငရဲခန်းမ
လား”ဟုမေးလိုက်သည်။

အနီရောင်ဝတ်ရုံအဘိုးအိုက
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

အချိန်တော်တော်ကြာမှ

မျက်လုံးပြန်ဖွင့်ကာ ခေါင်းခါပြပြီး

“အဲဒါတော့ မဟုတ်ဘူး။ ငရဲခန်းမရဲ့

ခန်းမသခင်တွေက သူတို့ရဲ့

ပထမခန်းမသခင်ကို မတွေ့မချင်း

ရောက်လာမှာမဟုတ်သေးဘူး ”ဟု

ပြန်ပြောလေသည်။

ထို့နောက်

နှစ်ယောက်စလုံး၏အမူအရာများက

အလွန်လေးနက်သွားခဲ့လေသည်။

အကယ်၍ ငရဲခန်းမ မဟုတ်လျှင်

ဖြစ်နိုင်သည်က ယန်ယဲ့ကိုယ်တိုင်

လှူပ်ရှားခဲ့သည်ဟုဆိုလိုပါသည်။

အခြေအနေက

မယုံနိုင်စရာဖြစ်သော်လည်း

မဖြစ်နိုင်ဟုတော့

မဆိုနိုင်ပါ။ ယန်ယွဲ့ကသာ

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက်လုံးအား

သတ်ဖြတ်ခဲ့သည်မှန်ပါက....

အနီရောင်ဝတ်ရုံအဘိုးအိုက

အချိန်တော်တော်ကြာအောင်

ငြိမ်သက်နေပြီးမှ အသက်ပြင်းပြင်းရှူရင်း

"မာကလန် ရဲ့ လူအိုကြီးမာ က

တကယ်ကိုညာဏ်ကောင်းပါတယ်လေ။

အခုကစပြီး ယန်ယဲ့ နဲ့ရန်

ငြိုးမရှိတော့ဘူးပေါ့”

ထိုစကားပြောပြီးသည်နှင့်

ခေါင်းယမ်းကာ နေရာတွင်ပင်

ပျောက်သွားသည်။

ကျန် အဘိုးအိုက ခဏတာ

ငြိမ်သက်သွားပြီး “တကယ်ပဲ

ညဏ်ကောင်းလိုက်တာ”ဟု

ပြောလိုက်ပါသည်။

ထို့နောက် နေရာတွင်ပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

မာကလန် က ညဏ်ရှိရှိဖြင့်

ရုတ်တရက်ဆုတ်ခွာသွားခဲ့သည်။ ထိုအ

ရာကြောင့် မျက်နှာပျက်သွားသော်လည်း

ယန်ယဲ့၏ လက်စားချေခြင်းကို

ခံရမည်မဟုတ်ပေ။

သို့သော်လည်း စစ်နတ်ဘုရားခန်းမ နှင့်

အင်ပါယာခန်းမ ကတော့ ရပ်တန့်ဖို့

ငြင်းဆိုခဲ့ကြသည်။

အကျိုးဆက်အနေနှင့်တော့

ပြန်လည်မွေးဖွားခြင်းအဆင့် ကျင့်ကြံသူ

၅ ယောက် ဆုံးရှုံးသွားသည့်အပြင်

ထာဝရမပြေနိုင်သော

မဟာရန်သူများအထိဖြစ်သွားခဲ့လေသ
ည်။

......

ယန်ယဲ့ တစ်ယောက်
ဒဏ္ဍာရီလာမဟာကောင်းကင်လမ်းကို
ဖြတ်ကျော်သွားသည့် သတင်းသည်
အောက်ဘုံတစ်ခုလုံး ပြန့်နှံ့ခဲ့သည်။
ကျန်းဝူကျိ ၊ အနှောင်အဖွဲ့ကင်းမဲ့သူ

တို့နောက် တတိယမြောက်ဒဏ္ဍာရီက

အောက်ဘုံတွင် ထွက်ပေါ်လာခဲ့သည်။

ထိုဒဏ္ဍာရီ ကတော့ "ယန်ယွဲ့" ဟူသော

လူတစ်ယောက်ပင်။

###Book.113